www.burmeseclassic.com

ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

# လှည့်ကွက်



www.burmeseclassic.com

www.burmeseclassic.com


# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## လှည့်ကွက်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၁၆၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၃၀၆၀၈

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

# လှည့်ကွက်


စီစဉ်သူ

မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com





ကိုယ် လိုချင်တဲ့ အရာတစ်ခုကို ရဖို့ လှည့်ကွက်သုံးတတ်တာကို လူတွေက ရိုးသားမှု မရှိဘူးလို့ အပြစ်တင်တတ် ကြတယ်။

တကယ်လိုချင်တဲ့ အရာတစ်ခုအတွက် လှည့်ကွက်လေးနည်းနည်းလောက် သုံးလိုက်ရတော့ရော ဘာပြစ်သေးလဲ။

အဓိက လိုအပ်ချက်က ကိုယ် လိုချင်တာကို ပိုင်ဆိုင်ခွင့်ရဖို့ပဲ မဟုတ်လား။

✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း မနေ့က ငါ့ကားကို အတင်းလာဝယ်သွားတာ ခုပြန်ပေး"

"ဗိုးဇော်ရာ ... မင်းကလည်း ဝယ်သွားပါတယ်ဆိုမှ ပြန်ပေးစရာလိုတော့လို့လား၊ ငှားသွားတာတို့၊ ခိုးသွားတာတို့၊ တောင်းသွားတာတို့မှ မဟုတ်တာ"

"ငါ ဒါတွေ မသိဘူး၊ မင်း ငါ့ကားကို ငါ မရှိတုန်းလာဝယ်သွားတာ ဒါ တရားမဝင်ဘူးကွ၊ ငါနဲ့ ငါ့ကားဘယ်တုန်းကမှ ခွဲတာမဟုတ်ဘူး၊ အဖေ နိုင်ငံလို့ တစ်ရက်ကလေး ခရီးထွက်မိပါတယ် အဲဒီတစ်ရက်ကိုမှ ဆိုက်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်မြိုက် ရောက်အောင်လာပြီး ငါ့အဖေအမေကို လှည့်ပတ်ပြောပြီး ဝယ်သွားတာ မင်း မရိုးသားတာ ထင်ရှားတယ်”

“စဉ်းစဉ်းစားစားလည်း ပြောပါ ဖိုးဇော်ရာ၊ မင်း စီးနေတဲ့ကားဆိုပေမဲ့ မင်း အပိုင်မဟုတ်ဘူးလေ၊ မင်း မိဘက ဝယ်ပေးထားတာ မဟုတ်လား။ ငါက မူလပိုင်ရှင်ဖြစ်တဲ့ မင်းမိဘဆီက တန်ရာတန်ကြေးပေးပြီး ပြန်ဝယ်တာလေ၊ ပိုင်ရှင်အစစ်က ကျေနပ်လို့ ရောင်းလိုက်ပြီးသားဟာကို မင်းက ကန့်ကွက်လို့ တရားနည်းလမ်း ကျပါ့မလားကွ”

“မင်း လုပ်ပုံကရော တရားနည်းလမ်းကျလို့လား၊ ငါ ရှိနေရင် ဒီကားကို ဘယ်လိုမှ မရောင်းမှန်းသိနေလို့ ငါမရှိတဲ့ရက်မှ ရွေးလာတာလေ”

“ငါ့ဘာသာ အဆင်ပြေတဲ့ရက် လာလိုက်တာပဲကွာ၊ မင်း ရှိမနေတာကတော့ မင်းဘက်က အပိုင်းပဲ”

ဖိုးဇော်က မျက်လုံးကြီးပြူးကာ ကြည့်ပြီး ...





“မင်း လာတဲ့နေ့မှာ ငါ မရှိတာ တိုက်ဆိုင်သွားတာ မဟုတ်ဘူး၊ ဒီနေ့ ဒီရက် ငါ ခရီးသွားမယ်ဆိုတာ မင်း တစ်ယောက်ပဲသိတာယ်၊ သိလို့ တမင် ချိန်ချပြီး လာဝယ်သွားတာ”

ကဲ ... ဒီလောက်တောင် လက်ညှိုးငေါက်ငေါက်ထိုးပြီး အုတ်အကျ စွပ်စွဲနေမှတော့လည်း ငြင်းမနေတော့ပါဘူး။

“အေးကွာ၊ ဟုတ်တယ်ပဲ ထားလိုက်”

“ထားလိုက် မဟုတ်ဘူး၊ ဟုတ်ကို ဟုတ်နေတာ”

“အေးပါကွာ၊ ဟုတ်တယ်၊ ဟုတ်ပါတယ်၊ ဟုတ်တော့ရော ဘာဖြစ်သလဲ၊ ငါက တရားဝင်စာချုပ်စာတမ်းနဲ့ ဝယ်တယ်၊ ပိုင်ရှင်ဖြစ်တဲ့ မင်းအဖေက ကျေကျေနပ်နပ် ရောင်းတယ်၊ ငွေတောင် ချက်ချင်းချေတာ တစ်ပြားတစ်ချပ်တောင် အကြွေးချန်ထားတာမျိုး မလုပ်ဘူး”

“ဘယ်လုပ်မလဲ၊ အကြွေးချန်ထားရင် ငါ သိသွားတဲ့အခါ မရောင်းဘူး ကန့်ကွက်နေမှာစိုးတာကိုး”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဇော်ကလည်း ဒေါသတကြီး၊ ရန်စွယ်နဲ့ငေါ်ငေါ်။

"ကိုယ်က အနိုင်ရထားသူမို့သာ သူ့ပုံစံကြီးက ရယ်စရာကောင်းနေတာ။

သူနိုင်ကိုယ်နိုင် အပြိုင်ကြိုးရမည့် အချိန်မျိုးဆိုလျှင်တော့ ဒီရုပ်ကြီးက အမြင်ကတ်ချင်စရာတောင် ကောင်းနေဦးမည်။

"ပြီးတော့ မင်း ဝယ်တဲ့ ဈေးက တန်ရာတန်ကြေးလည်း မဟုတ်ဘူး"

"ဟော့ ... ဟော့ ... ဖိုးဇော် ဒါတော့ ဖောင်းလိုက်ကွာ၊ ငါ လက်ရှိပေါက်ဈေးပဲပေးတာ၊ မင်းအဖေကလည်း ဒီလောက်တော့ မတုံးဘူးကွာ၊ ငါ အောက်ဈေးနှိုက်တယ် ဆိုရင် သူလည်း ကားဈေးတွေ သိနေတဲ့သူပဲ ဘယ်ရောင်းပါ့မလဲ၊ အခုတောင် အိမ်ရှေ့မှာ မင်းအမေနဲ့ ငါနဲ့ စကားပြောနေတုန်း သူ အိမ်ထဲ မယောင်မလည် ဝင်သွားပြီး အသိတွေဆီကို ဖုန်းဆက်ပြီး ကားဈေးစုံစမ်းနေသေးတာ"





"ဒါက လက်ရှိပေါက်ဈေးလေ၊ ခဏလောက် အောင့်ထားနိုင်ရင် နောက်တစ်ပတ်လောက်ကျ ငါ့ကားမျိုးတွေက ဈေးတွေ ထိုးတက်သွားတော့မှာ၊ မင်းလည်း မသိတာ မဟုတ်ဘူး"

"ဘယ်သူကပြောလဲ၊ တရားဝင် ကြေညာထားသလား၊ ဘယ်နေ့ဘယ်ရက်ကျရင် ဒီကားတွေကို မူလပေါက်ဈေးထက် ဘယ်လောက်နှုန်း တိုးမြှင့်သတ်မှတ်မယ် ဆိုပြီး တရားဝင် ကြေညာချက်ထုတ်ပြန်ထားသလား"

"ဒါမျိုးတော့ မရှိဘူးပေါ့ကွာ"

"မရှိရင် မသေချာဘူးပေါ့၊ ကားဈေးဆိုတာ ပုံသေသတ်မှတ်လို့လည်း မရဘူး၊ အတိအကျ ကြိုပြောလို့လည်း မရဘူး၊ ကိုယ်က ဈေးကောင်းရမယ် ထင်ထားပေမဲ့ ရက်ပိုင်းအတွင်း ထိုးကျချင်လည်း ကျသွားတတ်တာမျိုး၊ ကိုစံရ ဆိုရင် တစ်လလောက်အတွင်း သူ့ကားကြီး သိန်းရာဂဏန်းလောက် ထိုးကျသွားသေးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက တခြားပဲ၊ အခု ငါ့ကားက သေချာပေါက် တက်မှာ၊ ရောင်းမယ်ဆိုရင်တောင် တက်ဈေး စောင့်ပြီး တော့မှပဲ ရောင်းတော့မှာပေါ့ကွ၊ ကဲ ... မင်းဆိုက အခု ငါ ကားကို ရောင်းလိုက်တဲ့ဈေးရင်းနဲ့ပဲ ပြန်ဝယ်မယ်ကွာ၊ မင်း ရောင်းမလား"

"မဖြစ်ဘူးလေ၊ ငါ လိုချင်လို့ ဝယ်ထားတဲ့ ကားပဲ၊ ဘယ် ပြန်ရောင်းမလဲ"

"ဒါဆို တက်ဈေးရတဲ့အခါလည်း မင်း ပြန်မရောင်းဘူးလို့ စာချုပ်မှာ လက်မှတ်ထိုး"

"ဟ ... ငါ့ကားပဲကွ၊ ငါ ကြိုက်တဲ့အချိန်ကျပြန် ရောင်း မှာပေါ့၊ ဘယ်သူကများ ကိုယ့်ကားကို တစ်သက်ပြန်မရောင်း ပါဘူးလို့ သစ္စာဆိုထားတာရှိမလဲ"

"တော်ပြီ ... တော်ပြီ၊ မင်းလို လူလိမ်နဲ့ စကားပြောရတာ အဆင်ကိုမပြေဘူး၊ အလုပ်လုပ်ရင် အမြဲတမ်း ရိုးရိုးဖြောင့် ဖြောင့်ကို မလုပ်နိုင်ဘူး၊ လည့်ကွက်က အမြဲသုံးချင်တယ်"





နောက်ဆုံးတော့ ဖိုးဖော်တစ်ယောက် ဘာမှ မတတ် နိုင်စွာ မှတ်ချက်တစ်ခုကိုပဲ ပျစ်ပျစ်နှစ်နှစ် ချပြီး ထွက်သွားရတော့ တာပါပဲ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကိုက်(ထ်) စာအုပ် လာငှားတာလား"

ရင်နှစ်ဦးက ဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်ဟာ ဖြစ်ပေမဲ့ သူ့ မျက်နှာကတော့ ရှုံ့မဲ့သွားလေရဲ့။

အကြောင်းက နှစ်ချက်ရှိသည်။ တစ်ချက်က ကိုက်(ထ်)ဆိုတဲ့ အခေါ်အဝေါ်ကို သဘောမကျတာ။ နောက်တစ်ချက်ကတော့ ရင်နှစ်ဦးလက်ထဲမှာ ကိုင်ထားတဲ့ ဂျူး ဝတ္ထုအသစ်ကို မြင်လိုက်ရလို့။

ဒီကိစ္စ ခေါက်တား။ အခေါ်အဝေါ်ကိစ္စကတော့ ချက်ချင်းလက်ငင်း ရှင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ၊ ငါ့ကို ခွေးရူးတိုက်တဲ့အသံမျိုးနဲ့ ကိုက်(ထ်) ... ကိုက်(ထ်)နဲ့ မခေါ်စမ်းပါနဲ့၊ ငါ နာမည် စွန်က စက္ကူနဲ့ ဝါးကိုင်းနဲ့ လုပ်ထားတဲ့ အစုတ်ပလုတ်ပစွည်း မဟုတ်ပါဘူးဟ၊ ရဲရင့်ဖျတ်လတ်ပြီး ရှားပါးအဖိုးတန်တဲ့ သတ္တဝါစွန် ဆိုလိုတာပါ"

"အောင်မာ ... နာမည်ဆိုတာ မှည့်တဲ့သူက ကြိုက်သလိုမှည့်ခွင့်ရှိသလို ခေါ်တဲ့သူကလည်း ကြိုက်တဲ့အမိပ္ပာယ်နဲ့ ခေါ်ခွင့်ရှိတယ်၊ အခေါ်မခံချင်ရင် အဓိပ္ပာယ်နှစ်ခွ ထွက်တဲ့နာမည်မျိုး မမှည့်နဲ့ပေါ့"

ရင်နှစ်ဦးကလည်း ဒီလို အငြင်းအခုန်မျိုးဆိုလျှင် ဘယ်တော့မှ လက်မလျှော့တမ်း။

သူငယ်တန်းကတည်းက သူငယ်ချင်းဖြစ်ခဲ့ကြသော ရင်နှစ်ဦးနဲ့ စွန်ဟာ တစ်ယောက်အကြောင်းလည်း တစ်ယောက် ကောင်းကောင်းသိကြပြီး အချင်းချင်း လူရှေ့သူရှေ့ ငယ်ကျိုးငယ်နာ ဖော်ကာ နှိပ်ကွပ်ဖို့လည်း ဝန်မလေး။





"ဒီမှာ မိဒက်"

"ကြည့်စမ်း ... ကိုက်(ထ်)၊ နင် ငါ့ကို မနိုင်နိုင်ရာနဲ့ တိုက်ခိုက်ပြီပေါ့လေ"

ရင်နှစ်ဦး ငယ်ငယ်တုန်းက ကျောင်းပိတ်ရက်တစ်ခုမှာ ခေါင်းတုံး ဖားလျားနဲ့ ဖြစ်နေခဲ့ဖူးသည်။ သူတို့ ရပ်ကွက်ထဲက ကလေးအပေါင်းတို့ရဲ့ ဆံကေသာတို့ရဲ့ ကံကြမ္မာကို ဆုံးဖြတ်ပိုင်ခွင့်အရှိဆုံး၊ တစ်နည်းအားဖြင့်တော့ ကလေးတို့ရဲ့ မှုပိုင်ဟဲစတိုင်လစ်(စ်) ဦးဘပုကြီး အပြောအရတော့ ရင်နှစ်ဦး ခေါင်းမှာ ဒက်တွေ ထွက်လို့ သူ့မိဘက ခေါင်းတုံးရိတ်ခိုင်းထားတာတဲ့။

ဟုတ်သလား၊ မဟုတ်သလားတော့ မသိ။ ဦးဘပုကြီးကလည်း အတည်ပေါက်နဲ့ နောက်တော့ အတော်နောက်တတ်ဆရာ သူ့စကားဟာ ဘယ်လောက် ရာခိုင်နှုန်းအထိမှန်ကန်မည်ဆိုတာတော့ ဘယ်သူမှ မသိနိုင်။ သို့သော် အရပ်ထဲမှာတော့ ဒီအတိုင်း နာမည်ကြီးသွားရတာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကတော့ စွန်တို့ကလည်း ထိုကိစ္စကို နှစ်နှစ်နှာနှာ နောက်ပြောင်စရာရယ်လို့ မမြင်။ ရင်နှစ်ဦးကလည်း ခါးခါးသီးသီး ရှက်စရာအဖြစ် မသတ်မှတ်သေး။

တဖြည်းဖြည်း အရွယ်ကလေး ရောက်လာတော့မှ ခံသည့်သူကလည်း နာစရာဖြစ်ကာ ပြောရသည့်သူကလည်း အရသာတွေ ရှိလာပါလေရော။

"ငါက တိုက်ခိုက်တာ မဟုတ်ပါဘူးဟာ၊ အမှန်ကို အမှန်အတိုင်းပြောတာ"

ရင်နှစ်ဦးက ဘောပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ကာ ...

"ကောင်းပြီ၊ နင့်ကို မခေါ်တော့ဘူး၊ ငါ့ကိုတော့ လူရှေ့သူရှေ့ အရှက်မခွဲနဲ့"

သူ့ကို ထိခိုက်မှာကျတော့လည်း ရင်နှစ်ဦးတို့က ကြောက်တတ်ပေသား။ ချက်ချင်းကို စစ်ပြေငြိမ်းရေး ရယူတော့တာပဲ။



မကျေနပ်စရာတစ်ခုကတော့ ရှင်းသွားပြီ။ နောက်တစ်ခုကျန်တာက ...

"နင် ဘာစာအုပ်တွေ ဖတ်တာလဲ"

"ဂျူးလေ ... စကားမှင့်"

"အဲဒီစာအုပ်က ထွက်တာ မကြာသေးဘူး မဟုတ်လား"

"အင်း ... မကြာသေးဘူးလေ၊ ဒါကြောင့် အလုအယက်ငှားနေရတာ၊ သုံးအုပ်ဝယ်ထားတာတောင် လက်မလည်ဘူးတဲ့၊ ငါတောင် တစ်နေ့ကတည်းက ကြိုမှာထားလို့ရတာ"

"နင် လရဲ့အောက်ဘက်ရော ဖတ်ပြီးပြီလား"

"ဟင့်အင်း ... မဖတ်ရသေးဘူး"

အကွက်ပဲ။ ဒါဟာ သူ ကံကောင်းချင်လို့ ဝင်လာသည့်အကွက်။

ဂျူးရဲ့ လရဲ့အောက်ဘက် မိုင်အဝေးမှာဆိုသည့် ဝတ္ထုဟာ သားနဲ့မိခင်ကြား၊ ညီအစ်ကိုကြားက ပြဿနာတွေကို ရေးဖွဲ့ထားသည့် မိသားစုဓာတ်လမ်း။ အခုလက်ရှိ ထွက်သည့်အတု သစ်နဲ့ ဘာမှ မဆိုင်။

www.burmeseclassic.com



သို့သော် ...

"နင်ဟာ ဒီဝတ္ထု မဖတ်ရသေးဘဲနဲ့များ သူ့နောက်က ဝတ္ထုကို ဖတ်ဖို့ကြံတယ်ဟာ"

"ဟယ် ... ဒီဝတ္ထုနှစ်ပုဒ်က အဆက်လား"

"အဆက်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ရှေ့ကဟာဖတ်ပြီးမှ နောက်ကဟာ ဖတ်တော့ ပိုကောင်းတာပေါ့"

"ဘယ်လို အဆက်အစပ်ရှိနေလို့လဲဟင်၊ ဂျူးဝတ္ထုတွေက အဲဒီလို ဇာတ်လမ်းချင်း ဆက်နေတာမျိုး မရှိတတ်ပါဘူး၊ တစ်ပုဒ်နဲ့ တစ်ပုဒ် ဒီလောက်ခြားနားတာ"

"ဒါတော့ ငါ မပြောတတ်ဘူးဟာ၊ အကောင်းဆုံးအကြံပဲ ပေးနိုင်မယ်၊ သူများကို အတင်းတိုက်တွန်းတာမျိုးတော့ ငါ မလုပ်တတ်ဘူး"

စွန်က ခပ်တည်တည် ပြောလိုက်လျှင် ရင်နှစ်ဦး တစ်ယောက် ဇဝေဇဝါ ဖြစ်သွားကာ ...

"ဒါဖြင့် ငါ အခု ငှားထားတဲ့ စာအုပ်က အပိုဖြစ်သွားတာပေါ့၊ ငါ့မှာလည်း တစ်နေ့မှ တစ်အုပ်တောင် အနိုင်နိုင်





ဖတ်နေရတာ၊ ပြန်ထားခဲ့လိုက်ရင်လည်း နောက်တစ်ခါအတွက် အသစ်က ပြန်စီနေရဦးမယ်၊ ဒီနေ့တည်းက ကြိုငှားသွားပြန်တော့လည်း ကိုယ့်ဖြင့် မဖတ်ဘဲနဲ့ တစ်ရက်စာကြီး အပိုပေးရမှာ နှမြောစရာ"

မိန်းကလေးတွေများ ငွေလေးတစ်ရာကျော်လောက်ကိုတောင် နှမြောတသပြီး ပြဿနာကြီး လုပ်နေလိုက်တာ။

"နင့် အခက်အခဲကို ဖြေရှင်းနိုင်တဲ့နည်းလမ်းတစ်ခု ရှိတယ်၊ အဲ ... ငါတော့ နည်းနည်းအနစ်နာခံရမှာပေါ့လေ"

"ဘယ်လိုနည်းလဲ"

"ငါလည်း စာအုပ်ငှားမလို့ လာတာပဲလေ၊ ဘယ်စာအုပ်ငှားမလဲလို့ မရွေးရသေးတာ၊ ဒီတော့ တခြားစာအုပ် ရှာမနေတော့ဘဲ ဒီစာအုပ်ကို ငါ ဒီနေ့ ငှားသွားလိုက်မယ်၊ မနက်ဖြန်ကျတော့ ငါ့ဆီက နင် ဆက်ယူလိုက်ပေါ့၊ ဒါဆို တခြားလူလက်ထဲ ရောက်သွားမှာ မပူရတော့ဘူး"

ရင်နှစ်ဦး မျက်နှာက အခုမှပဲ အကြံဉာဏ်တွေ [illegible]လင်းသွားသလို ဝင်းထိန်တောက်ပသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းတယ်၊ ကောင်းတယ်၊ နင့်လက်ထဲမှာဆိုတော့ သူများတွေဆီရောက်ပြီး ငါ့အလှည့်ကျော်သွားမှာ ပူစရာမလိုတော့ဘူးပေါ့"

"ဒါဆို ဒီလိုပဲ ဆုံးဖြတ်လိုက်ကြတာပေါ့"

စွန်ရဲ့ တိုက်တွန်းချက်နဲ့ ရင်နှစ်ဦးက (အခုထွက်သည့် ဝတ္ထုနဲ့ ဇာတ်လမ်းချင်း ဘာမှ မသက်ဆိုင်သော) ဂျူးဝတ္ထု အဟောင်းကို ငှားကာ စွန်ကတော့ လောလောလတ်လတ်၊ ပူပူ နွေးနွေး ထွက်ကာစ ဝတ္ထုအသစ်ကို ငှားခွင့်ရလိုက်လေသည်။

ကြိုတင်မျှော်လင့်ထားသည့်အတိုင်း နောက်တစ်နေ့ ကျတော့ ...

"ကိုက်(ထ်)၊ အစုတ်ပလုတ်ကောင်၊ နင် ပြောတဲ့ ဝတ္ထုက အခုထွက်တဲ့ဝတ္ထုအသစ်နဲ့ ဘာမှလဲ မဆိုင်ဘူး"

"အေးလေ၊ ငါကရော ဆိုင်တယ်လို့ ပြောမိလို့လား"

"ဒါပေမဲ့ နင်ပဲ ပြောတယ်လေ၊ ဒီဝတ္ထုမဖတ်ရသေးဘဲနဲ့ များ နောက်က ဝတ္ထုကို ဖတ်ဖို့ ကြံတယ်တို့၊ ရှေ့ကဟာ ဖတ်ပြီးမှ နောက်ကဟာ ဖတ်တော့ ပိုကောင်းတာပေါ့ဆို"





"အေးလေ ... ရှေ့ကထွက်တဲ့ ဝတ္ထုကို အရင်ဖတ်ပြီးမှ နောက်ထွက်တဲ့ ဝတ္ထုကို ဖတ်တော့ အစီအစဉ်တကျ ဖြစ်တာပေါ့၊ ငါက အဲဒါကို ပြောတာ၊ နင်က ဘယ်လို အဓိပ္ပာယ်ကောက်မိသွားတာလဲ"

"ကြည့်စမ်း ... နင် တော်တော်လူလည်ကျပါလားဟင်၊ ငါ တပင်တပန်း တန်းစီထားရတဲ့ စာအုပ်ကို နင်က အသာလေး ဖြတ်ခုတ်သွားတယ်ပေါ့လေ"

"ငါက အတင်းလုယူတာမှ မဟုတ်ဘဲ၊ နင်ကိုယ်တိုင်က လိုလိုလားလား ပေးသွားတာလေ"

"ငါက ဝတ္ထုနှစ်အုပ်ကို အဆက်လို့ ထင်သွားတာကိုး နင်ကလည်း အဲဒီလို ထင်ယောင်ထင်မှားဖြစ်အောင် တမင် ပြောတာပဲ မဟုတ်လား"

"ငါက ရိုးရိုးလေးပဲ ပြောပာ၊ နင့်ဘာသာ အဓိပ္ပာယ် ကောက်လွဲတာတော့ မတတ်နိုင်ဘူး"

ရင်နှစ်ဦးက တော်တော်စိတ်တိုနေမိပြီဖြစ်ပေမဲ့ သံစားမိတာကိုက သူမ အမှားပဲမို့ မတတ်သာရှာ။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... နင်ဟာ အမြဲပဲ လိမ်ညာလှည့်စားနေတတ်တဲ့သူပဲ၊ နင့်ကို ယုံမိတာ ငါ့အပြစ်ပေါ့"

စိတ်ပျက်လက်လျှော့စွာနဲ့ သူမဘာသာ မှတ်ချက်ချလိုက်သော ရင်နှစ်ဦးကို စွန်ကတော့ လှောင်ပြောင်ချင်စွာရယ်မောလို့ပဲ နေဖြစ်ခဲ့လေသည်။

✧ ✧ ✧





"ဟော့ကောင်တွေ ဒီမှာကြည့်ကြစမ်း"

နေဖြိုးရဲ့ အလန့်တကြား အသံပြဲကြီးကြောင့် အေးအေးဆေးဆေး လက်ဖက်ရည် သောက်နေကြသော စွန်တို့အဖွဲ့တွေ ပြူးပြူးပျာပျာ ဖြစ်သွားကြရသည်။

သူကသာ ဒီမှာ ကြည့်ကြဆိုပေမဲ့ ကျန်တဲ့သူတွေက ဘာကို သွားကြည့်ရမှာလဲမသိ။ သူ့လက်ထဲမှာ ဘာပစ္စည်းမှ ကိုင်မလာသလို သူ့ကိုယ်ပေါ်မှာလည်း ထူးဆန်းသစ်လွင်သော အဆင်တန်ဆာရယ်လို့ ဘာမှ မရှိ။ ဝတ်နေကျ တီရှပ်တစ်ထည်နဲ့ ဂျင်းဘောင်းဘီ၊ ဝေါ့ကင်းရှူးစ်။ ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ၊ အလန့်တကြား"

"အေးလေ ... လက်ဖက်ရည် နောက်ဆုံးတစ်ငုံစာလေးကို အရသာခံသောက်မလို့ဉစ္စာ၊ မင်းအော်တာနဲ့ လန့်ပြီး မျိုချလိုက်မိပြီ"

"ငါက ပေါက်စီထဲက ဘဲဥကို နောက်ဆုံးမှ စားမလို့ ထုတ်ပြီး လက်ထဲကိုင်ထားတာ မင်း အသံကြီးကြောင့် လန့်ပြီး လွတ်ကျသွားပြီ"

"မင်းတို့တွေဟာ တယ်လည်း ရုပ်ကြမ်းဝါဒဆန်ပါလားကွ ဟင်၊ ဒီမှာ ဂန္ထဝင်မြောက် ကဗျာတစ်ပုဒ်ကို ကြုံတွေ့လာ ရလို့ ကိုယ့်သူငယ်ချင်းတွေကို မျှဝေပေးချင်တဲ့ စေတနာနဲ့ အပြေးအလွှား လာခဲ့တာ၊ ရေရေလည်လည် ဖီးလ်ငုပ် တယ်ကွာ"

ဒီလောက်ဆို သဘောပေါက်သလောက် ရှိပြီ။ သူတို့ အဖွဲ့ထဲမှာ သီးခြားထူးချွန်စွာ ကဗျာတွေ စာတွေ မတောက်တခေါက် ရေးတတ်သော နေဖြိုးဟာ စိတ်ကူးယဉ် ဇာတ်လမ်းတွေ ရှာလာပြီ။





"ကဲ ... ပြောစမ်းပါဦး၊ ခင်ရဲ့ရင့်က မင်းကို ဘာပေးလိုက်သလဲ၊ မင်းရေးနေတဲ့ ကဗျာစာရွက်ပေါ်မှာ ဒေါက်ဖိနပ် ရာလား၊ ဒါမှမဟုတ် သူ့ခေါင်းမှာ ပန်ထားတဲ့ နှင်းဆီပန်းက ပွင့်ဖတ်တစ်ခုလား"

"မဟုတ်ဘူး၊ ထဘီအထက်ဆင်က ထွက်လာတဲ့ အပ်ချည်ကြိုးစတစ်စ ဖြစ်ရမယ်"

"ဘယ်ကသာ နှပ်ညှစ်ထားတဲ့ တစ်သျှူးစက္ကူတစ်စပါကွာ"

"မင်းတို့ကောင်တွေ တော်တော်လည်း ခံစားတတ်တဲ့ နှလုံးသားမဲ့ကြပါလားဟေ၊ ဒီမှာ ကြည့်စမ်း"

နေဖြိုးက သူ့ရဲ့ ခိုရင်အုပ်သာသာ သေးကွေးကြုံ လှိုပြားချပ်ရှိုက်ခွက်ဝင်နေသော ရင်ပတ်ကို လက်နဲ့ ပုတ်ပြလိုက်သည်။

ဒီတစ်ခါတော့ စွန်တို့တွေ တအားစိတ်ဝင်စားသွားကြရပါပြီ။ ရင်ပတ်မှာ နေဖြိုးရဲ့ ရင်ပတ်မှာ ဆိုတော့ကာ ကောင်မလေးရဲ့ နှုတ်ခမ်းနီရာလေးတစ်စ ကပ်ကျန်ခဲ့ ရာလား၊ ဒါမှမဟုတ် နှုတ်ခမ်းနီရာလေးများ စွန်းထင်ကျန်ခဲ့လေသလား။



www.burmeseclassic.com

www.burmeseclassic.com



နေဖြိုးလိုကောင်ကို တအားကြီး အထင်ကြီးကြတာ တော့ ဘယ်ဟုတ်ပါလိမ့်မလဲ။ ဒီကောင်ဟာ ခင်ရဲရင့်လို မိန်းကလေးမျိုးနဲ့ချစ်သူတွေ ဖြစ်ခွင့်ရပြီး နီးနီးစပ်စပ်၊ ပူးပူးကပ်ကပ် နေခွင့်ရလို့ သူ့မဆီက ဆံပင်တွေ၊ နှုတ်ခမ်းနီတွေ ကပ်ပါလာနိုင်တာတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

ဖြစ်နိုင်တာတစ်ခုက ဘတ်(စ်)ကားတိုးစီးရင်း၊ ဒါမှမဟုတ် ပြပွဲတို့ စတော့ချိန်းတို့လို လူကျပ်သော နေရာမျိုးကို တိုးဝှေ့သွားလာရင်း ထိမိပွတ်မိပြီး ပါလာတာများလား။

"ဘာလဲ ... မင်းအင်္ကျီမှာ ဘာရှိလို့လဲ"

"သေသေချာချာ ကြည့်ကြလေ"

သူက သေသေချာချာ ကြည့်ဆိုတော့ အားလုံးကလည်း ပြူးပြဲဝိုင်းကြည့်ကြတာပေါ့။ ဆံပင်မွှေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီ ဘာတစ်ခုမှ မတွေ့။ တွေ့ရတာက နွံ့စက်လိုမျိုး နီကျင်ကျင်အဖတ် လေးငါးစက်မျှသာ။

*"ဘာမှ မတွေ့ဘူး"*





"ဒါတွေလေ၊ ဒါတွေ မတွေ့ဘူးလား"

"နွံ့စက်တွေ မဟုတ်ဘူးလား"

"အင်းလေ၊ နွံ့စက်တော့ နွံစက်ပေါ့၊ ဒါပေမဲ့ ဂန္ထဝင်နွံ့စက်"

နွံစက်များ ဂန္ထဝင် ဖြစ်ရတယ်လို့။ အံ့ပါရဲ့။

"ဒါနှယ်နှယ်ရရ မဟုတ်ဘူးနော်၊ ခင်ရဲရင့်ရဲ့ ကားဘီးကနေ ဗွက်အိုင်ကို တက်နင်းမိလို့ စင်လာတဲ့ နွံစက်"

"ဟော"

"ဟုတ်တယ်လေ၊ ငါ လမ်းဘေးက ဗွက်အိုင်တစ်ခုနားက ဖြတ်အသွား ခင်ရဲရင့်ရဲ့ ဆစ်ဂနပ်(စ်)ကြီးက ဖြတ်မောင်းသွားတာနဲ့ တိုက်ဆိုင်ပြီး သူ့ကားဘီး နင်းမိလို့ ခုန်ထွက်လာတဲ့ နွံစက်တွေ၊ ငါကွာ ကံကဆိုးချင်တော့ ဗွက်အိုင်တည့်တည့်မှာ မဆုံဘဲ ဗွက်အိုင်နားရောက်ဖို့ ခြေလှမ်းငါးလှမ်းစာ အလိုလောက်မှာတင် သွားဆုံလို့ တည့်တည့်သာဆုံရင် နွံစက်တွေ ဒီထက်များများရမှာ၊ ခုတော့ ဒီလောက်နဲ့ပဲ ကျေနပ်လိုက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သေ ... သေ ... သွားသေလိုက်စမ်းပါလားကွာ"

"ဒီကောင် အရူးပဲ"

"ဒီလောက်ရူးတဲ့ မယားတရူးမျိုးတော့ မတွေ့ဖူးပေါင်ကွာ၊ အရူးလို့ ပြောရင်တောင် ဒီကောင့်ကြောင့် တခြားအရူးတွေ သိက္ခာကျတယ်"

စွန်တို့တတွေက တစ်ယောက်တစ်ခွန်း ပျစ်ပျစ်နစ်နစ် ဝိုင်းပြောကြပေမဲ့ နေဖြိုးတစ်ယောက်ကတော့ မှုသည့်ပုံမရချေ။ သူ့ရင်ပတ်က ရွှံစက်တွေကိုပဲ ကမ္ဘာကျော် ကုလီနန်စီန်တုံးကြီး က ပဲ့ထွက်လာသည့် စိန်ပွင့်အစအနကလေးတွေအလား အမြတ်တနိုး ငုံ့ကြည့်နေလေတော့သည်။

✧ ✧ ✧





ခင်ရဲရင့် ... တဲ့။

ဦးမြကြီးသီချင်းထဲက ဆိုလျှင်တော့ 'မခင်နှင်းဆီတဲ့ ကြည့်စမ်းပါဦးလှတဲ့နာမည် ... ဘယ်လောက်များပင် ပန်းဆန်လိုက်သလဲလို့ ဆင်ယင်ထုံးဖွဲ့မှုရဲ့ အယဉ်ကျေး အယဉ်ကျေးတကာ့နာမည်' တဲ့။

သူတို့ဆိုလျှင်တော့ 'မခင်ရဲရင့်တဲ့ ကြည့်စမ်းပါဦး ကြမ်းတဲ့နာမည် ... ဘယ်လောက်များပင် အားပါလိုက်သလဲလို့ ဆင်ယင်ထုံးဖွဲ့မှုရဲ့ အမာကျော အမောကျောဆုံးနာမည်' လို့ ဖွဲ့နွဲ့ရမည်ပုံ။

www.burmeseclassic.com



ထိုနာမည်ပိုင်ရှင်မ,ကိုမှ အစွဲကြီးစွဲကြသူတွေနည်းတာမှ မဟုတ်တာ။

အရင်ဆုံးစ,ပြောရမည်ဆိုလျှင် 'ခင်ရဲရင့်'ဆိုသည့်နာမည်က စ,ရမည်။

မိန်းကလေးဆန်ဆန် သွဲ့ပျောင်းနွဲ့ပျောင်းခြင်းကင်းရုံသာမက ဒေါင်းတိမောင်းတိနဲ့ မာကျောကြမ်းတမ်းသောထိုနာမည်ကို ကြားလိုက်ရသူအပေါင်းက 'ဟင် … ခင်ရဲရင့်တဲ့လား'လို့ နောက်တစ်ချီလောက်တော့ ထပ်ကာ အသိအမှတ်ပြုရေရွတ်လိုက်ကြရတာပင်။

ခင်ရဲရင့်ကို စိတ်ဝင်စားသူတွေထဲမှာ နာမည် ကြားလိုက်ရုံနဲ့ စပြီး စိတ်ဝင်တစား ဖြစ်ရသူတွေ ငါးဆယ်ရာခိုင်နှုန်းလောက်တော့ပါသည်။

နာမည်ကြားလို့ စိတ်ဝင်စားသွားပြီး လူကို တွေ့သည်အခါကျ ဘာမှလဲ မဟုတ်လောက်ပါလားလို့ စိတ်ပျက်သွားရတာမျိုးတွေ ရှိတတ်သော်လည်း ခင်ရဲရင့်ကျတော့ ဒီလိုမဟုတ်။





ာမည်ကြားပြီး စိတ်ဝင်စားမိကြသူတွေဟာ လူကလေး မြင်လိုက်လျှင် ဆယ်ဆလောက် တိုးပြီး စိတ်ဝင်တစား ဖြစ်လာကြရတော့တာ။

ချောတယ် လှတယ်ဆိုတဲ့ စကားလုံးလောက်နဲ့ င်ရဲရင့်ကို ဖွဲ့နွဲ့ ခိုင်းနှိုင်းလို့ မပြည့်စုံနိုင်သေး။ သူမရဲ့ မျက်နှာပေါ် ာ ရဲရင့်ထက်မြက်မှု၊ သူမရဲ့ မျက်ဝန်းထဲက စူးလက် တောက်ပမှု၊ ူမရဲ့ နှုတ်ခမ်းထက်က ပြတ်သားမာကျောမှုတွေဟာ တော်ရုံ ယ်မိန်းကလေးထံမှာမှ မရှိနိုင်လောက်သည့် အရည်အချင်းတွေ င်။

နို့နှစ်ရောင် ပြောင်လက်ခမ်းနားသည့် နောက်ဆုံး ော်မော်ဒယ် ဆစ်ဂနက်(စ်)ကားကြီးကို ကိုယ်တိုင်မောင်းပြီး ်တွာလောက်မြင့်သည့် ပဲန်ဆယ်ဟီးလ် ဒေါက်ဖိနပ်ကို သူမ ့ ငါးပေခြောက်လက်မရှိသည့် အရပ်ကိုမှ အားမနာ တချွပ်ချွပ် ာတ်တာကလည်း သူမရဲ့ ထူးခြားသော ပင်ကို စတိုင်လ် ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးခြားဆုံးကတော့ သူမရဲ့ ဖြူဝင်းကြည်လ
သော အသားအရည်ဟာ အရောင်အလျှံတွေ တဖိတ်ဖိတ် လက်
သလို ထင်ရကာ ခန္ဓာကိုယ်တစ်ဝိုက် မီးချောင်းတွေ ကပ်
ထွန်းထားသလို လင်းထိန်တောက်ပနေခြင်းပင်။

ဒီလောက်လှပလင်းလက်နေမှတော့ ယောက်ျားတေ
တိုင်းရဲ့ စိတ်ဝင်စားခြင်းကို မခံရဘဲ ရှိတော့မလား။

ခင်ရဲရင့်ဆိုသည့် မိန်းကလေးကလည်း ယောက်
လေးတွေ (ယောက်ျားတွေတင်မက ရွယ်တူမိန်းကလေးတွေက
စိတ်ဝင်စားခြင်း ခံရသူပီပီ ဘဝင်လေးက ခပ်မြင့်မြင့်၊ မာနလေ
က ထောင်လွှားချင်ချင်။

လှတိုင်းရဲ့ စိတ်ဝင်စားခြင်း ခံရတာသက်သ
ကြောင့် ဘဝင်မြင့်နေတာချည်းပဲတော့ မဟုတ်။ ခင်ရဲရင့်
သူမရဲ့ မွေးရာပါ အရည်အချင်း၊ မိဘအသိုင်းအဝိုင်းရဲ့ ကြွယ်
မှု၊ သူမကိုယ်တိုင် ကြိုးစားတည်ဆောက်ထားသော ထက်မြက်
စုံမှုတွေကြောင့် ထိုက်ထိုက်တန်တန် မာနကြီးခွင့် ရနေတာပဲ
သည်။





"ခင်ရဲ ဒီမှာ နင့်အတွက်တဲ့၊ စောစောစီးစီး ဈေးဦးဖောက်
သွားတာ"

ခင်ရဲရင့် ကျောင်းကို ရောက်ရောက်ချင်း ဆည်းဆာ
က ပန်းစည်း ကမ်းပေးလာသည်။

ကာနေးရှင်းပန်းပွင့် အနီရဲရဲတွေကို ဖဲကြိုးဖြူလေး
နဲ့ စည်းနှောင်ကာ ကတ်ပြားအဖြူလေးတစ်ခု ချိတ်ဆွဲထားသော
ပန်းစည်းလေးက ကဗျာဆန်ဆန် လက်ရာမြောက်လှပါသည်။

ဒီလိုပန်းစည်းမျိုးဟာ ကိုယ့်ဘာသာ လုပ်ဖို့မလွယ်။
နာမည်ကြီးပန်းအလှပြင်ဆိုင်မျိုးတွေမှာသာ ဝယ်လို့ရနိုင်ကာ လှပ
လက်ရာမြောက်သလောက် တန်ဖိုးကလည်း မနည်းမနော ပေးရ
တတ်ပါသည်။

ဒါပေမဲ့ ခင်ရဲရင့်တို့ကတော့ ဒီပန်းစည်းလောက်
ကို မက်မနေပါ။ အခုလိုမျိုး ပြည်တွင်းဖြစ် ပန်းစည်းမပြောနဲ့
စင်ကာပူက ဖလိုက်နဲ့ တကူးတက မှာယူကာ ပေးလာသည့်
ပန်းစည်းကြီးတွေကိုတောင်မှ ဂရုစိုက်တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းလေ စောစောစီးစီးတွေ့လည်း ဘေးဖယ်ထားလိုက်တာ မဟုတ်ဘူး၊ နင် ကိုင်ထားတာ တွေ့တော့ ပေးတဲ့သူက ငါ ယူသွားပြီထင်မှာပေါ့ဟဲ့"

"ငါ ကြည့်ပြီးပြီ၊ ဒီအနီးပတ်လည်မှာ ဘယ်သူမှ မရှိဘူး"

"အလိုလေးလေး ... ပန်းစည်းကြီးကိုင်ပြီး ပတ်လည်လည်း လှည့်ကြည့်လိုက်သေးတယ် ဟုတ်လား၊ ပန်းပေးတဲ့သူက တစ်နေရာရာက ချောင်းကြည့်နေရင် ဘယ်လိုလုပ်မလဲဟဲ့"

"အေးဆေးပါ၊ နင့်သူငယ်ချင်းက လူလည်ပါဟဲ့"

"လူလည်တဲ့၊ နင့်အိတ်ထဲ ရည်းစားစာ လာထည့်သွားတာတောင် ဘယ်သူမှန်း ခုထက်ထိမသိသေးဘူး မဟုတ်လား"

"ဒါက စိတ်မဝင်စားလို့ပါဟာ"

ဆည်းဆာက အနည်းငယ် ရှက်ပြုံးလေး ပြုံးသွားသည်။ သူမ လွယ်အိတ်ထဲက ရည်းစားစာပိုင်ရှင်ကို သိချင်လို့ ကျိတ်စုံစမ်းခဲ့ပေမဲ့ ခုထက်ထိ မအောင်မြင်သေးတာကို ခင်ရဲရင့် အသိဆုံးဖြစ်နေတာတောင် ဖုံးကွယ်ချင်သေး။





"အဲဒီပန်းစည်းကြီး ချထားလိုက်တော့လေ၊ ငါမှ မယူတာ၊ ဘာလို့ ကိုင်ထားရမှာလဲ၊ နင် ယူမလို့လား"

"သူများပေးတာကြီး ဘယ်ယူမလဲ၊ ဒါပေမဲ့ ပန်းကလေးတွေကလှလို့ ပန်းစည်းလုပ်ထားတဲ့ လက်ရာလေးကလည်း ကောင်းတယ်ဟဲ့၊ လွှင့်ပစ်လိုက်ရမှာ နှမြောစရာကြီး"

"အေး ... ပန်းစည်းကို နှမြောလို့ လွှင့်မပစ်ချင်ရင် ကိုယ့်သိက္ခာကျမှ လွှင့်ပစ်နေရမယ် သိရဲ့လား"

ဆည်းဆာက ခင်ရဲရင့် မမြင်အောင် တစ်ဖက်လှည့်ဟာ မျက်နှာကလေးကို ရှုံ့မဲ့ပစ်လိုက်ပါသည်။

ခင်ရဲရင့်ဟာ သူမနဲ့ သူငယ်တန်းတည်းက အတူတွဲဘာပြီး လူကြီးတွေကလည်း မိတ်ဆွေရင်းချာတွေမို့ အမြဲပတ်သက်ကြရလို့ ခင်ရဲရင့်ရဲ့ စိတ်ရင်းလေး ဖြူဖြောင့်တာကို သိနေရပေသော၊ အပြင်ပန်းက ကြည့်လျှင်တော့ မာနကြီးရုံတင်မက ခြောက်တိုက် အသားလွှတ် ဘဝင်လေဟပ်နေသည့် အမြင်ကတ်စရာ မိန်းမတစ်ယောက်ပုံစံ အပြည့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကလည်း ဘယ်တော့မှ ပျော့ပျော့ပျောင်းပျောင်း၊ နူးနူးညံ့ညံ့မရှိ။ စကားပြောသည့်လေသံကလည်း ချိုချိုသာသာ၊ သိမ်သိမ်မွေ့မွေ့မရှိ။ စကားလုံး အသုံးအနှုန်းတွေကလည်း အထက်စီးဆန်ကာ မောက်မာသလို ရှိနေသေးပေရာ အကြောင်းသိလျှင် ချဥ်စရာကြီးပင်။

ဒါကြောင့်လည်း ခင်ရဲရင့်မှာ ပြေးလို့ရေတွက်ကြည့်လိုက်မှ သူငယ်ချင်းဆိုလို့ ဆည်းဆာ တစ်ယောက်တည်းပဲရှိတာ။

ဆည်းဆာတောင်မှ ပင်ကို စိတ်ရင်းက အေးဆေးသည်းခံတတ်လွန်းပြီး ခင်ရဲရင့်အကြောင်းကိုလည်း ငယ်ငယ်လေးတည်းက သိထားပေလို့သာ။ ဒါတောင် တစ်ခါတစ်ခါကျ ခင်ရဲရင့်ကို နားမလည်နိုင်တော့စွာ စိတ်ပျက်ငြီးငွေ့မိသေးသည်။

"ဘာလဲ ... နင် ငါ့ကို ဥစ္စာလို့ တွေးနေတာ မဟုတ်လား၊ ဒါမှမဟုတ် ဘဝင်လေဟပ်နေတဲ့ မိန်းမလို့ စဥ်းစားနေတာလား"





ခင်ရဲရင့်က ဒက်ထိမှန်းဆလိုက်လျှင် ဆည်းဆာကသည်း အကြောင်းသိတွေအချင်းချင်းမို့ အားမနာတော့ဘဲ ...

"အေး ... ဟုတ်တယ်၊ နင် မှန်းတာ တော်တယ်"

"တော်တာ မဟုတ်ပါဘူး၊ ငါ အဲဒီလိုပဲ အမြဲအပြောခံနေရတဲ့ ဥစ္စာ"

"နင်ဟာလေ ကိုယ့်မှာ ဘာချို့ယွင်းချက်ရှိတယ် ဆိုတာလည်း သိရဲ့သားနဲ့ မပြင်ဘူး၊ နင့်မှာ ကျန်တာအားလုံးကောင်းတယ်၊ အပေါက်ဆိုးတာလေးတစ်ခုကြောင့် လူမုန်းစရာ ဖြစ်နေတာ"

"ဘာဖြစ်လဲ၊ ငါက လူချစ်ခံချင်နေတာမှ မဟုတ်တာ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေလို့ လူ့အမြင်ကတ်ခံရချင်စရာ ဖြစ်တာကိုလည်း ချို့ယွင်းချက်လို့ သဘောမထားဘူး"

ဟွန့် ... ပြောရ ဆိုရ လက်ပေါက်ကတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်တော့ ဟုတ်တော့လည်း ဟုတ်တာပါပဲ။ ခင်ရဲရင့်လို အဘက်ဘက်က ပြည့်စုံပြီး နာမည်ကျော်ကြားလှသည့် မိန်းကလေးတစ်ယောက်ဟာ မာနကလေး ခံထားပြီး အပြောလေးဆိုးပါဦးမှ တန်ကာကျမှာ။ အပြောချိုပြီး မျက်နှာလေး ကြည်လင်ရွှင်ပျနေလို့ကတော့ ယောကျ်ားတိုင်းက မျှော်လင့်ချက်တစ်ပုံတစ်ပင်နဲ့ ဝိုင်းဝိုင်းလည်နေကြတော့မှာပေါ့။

✧ ✧ ✧





ရန်ကင်းစင်တာရှေ့ ကားရပ်သည့်နေရာမှာ ကားတွေက အပြည့်အသိပ်။ အဲ ... အပြည့်အသိပ်ဆိုပေမဲ့ ရပ်စရာတစ်နေရာတော့ ခြစ်ခြစ်ခြုတ်ခြုတ် ရှိရှာသား။

ခက်နေတာက ထိုတစ်နေရာဟာ ကားတစ်စင်းစာ လွတ်လွတ်ကျွတ်ကျွတ်ကြီးတော့လည်း မဟုတ်ပြန်ချေ။ ဆေးမှာ ရပ်ထားသည့် ကားဟာ သူ့ဘေးက ကားနဲ့ နေရာ တော်တော်ကြီးခွာကာ ရပ်ထားတာ။ အဲဒီကားသာ သူ့ဘေးက ကားဘက်သို့ ရွှေ့လိုက်မည်ဆိုလျှင် ခင်ရဲရင့်ရဲ့ကား ထိုးဖို့နေရာ ချောင်ချောင်ချိချိ ရသွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်တော့ ကားထဲမှာ လူရှိသည်။ အတော်ပဲ။ ဒါဆိုလျှင် သူ့ကား ရွှေ့နိုင်းလိုက်လို့ရပြီ။

ခင်ရဲရင့်က ကားကို ခဏရပ်ကာ တစ်ဖက်ကားရှင်ကို လှမ်းခေါ်သည်။ အောင်မယ်။ သင်းက နားများ ကန်းနေသေးလားမသိ။ တုပ်တုပ်တောင်မှ မလှုပ်။

"ဒီမှာရှင့် ... ကားနည်းနည်းလောက် ဖယ်ပေးပါ"

ဝေါ့ခ်မန်း ကက်ဆက်နဲ့ သီချင်းနားထောင်ရင်း မှိန်းနေသော စွန်က ခင်ရဲရင့်ရဲ့ အသံကို လုံးဝ မကြားပါ။ ခင်ရဲရင့်ကလည်း စွန့်ရဲ့ နားကြပ်ကလေးကို မမြင်ပါ။ ဒီလိုနေရာမျိုးမှာ ဟွန်းသံကျယ်ကြီးတီးဖို့ မသင့်တော်တာကြောင့် ကားထဲကနေ အသံအုပ်အုပ်နဲ့သာ လှမ်းခေါ်နေရသည်။

နှစ်ခွန်းကနေ သုံးခွန်းခေါ်လာရသောအခါ ခင်ရဲရင့်က စိတ်တိုလာပြီ။ သူ့မဘဝမှာ ဒီလောက် ပင်ပင်ပန်းပန်း ကြိုးစားရတာမျိုးမရှိ။ ဘဝပေး အခြေအနေအရ အားလုံးဟာ အလိုက်တသိ၊ အဆင်သင့် ဖြည့်ဆည်းပေးပြီးတွေပဲ ကြုံနေရတာပင်။





ဒီတော့ မပြေလည်သည့် အခြေအနေတစ်ခုကို ဖြေရှင်းဖို့ ကိုယ့်ဘက်က အင်အားနည်းနည်းလောက် စိုက်ထုတ်လိုက်ရသည်ဆိုလျှင်ပဲ ဒေါသက တော်တော်ထွက်လာပြီ။

ခင်ရဲရင့်က ကားပေါ်က ဆင်းလိုက်သည်။ ပြီးလျှင် တစ်ဖက်ကားဘေးနား သွားရပ်ကာ အလုံပိတ်ထားသော မှန်ကို (ကွဲချင်လည်း ကွဲသွားပါစေတော့ဆိုသည့် သဘောနဲ့) ခပ်ကြမ်းကြမ်း တဖြန်းဖြန်း ပုတ်လိုက်ကာ ...

"ဒီမှာ ... ဒီမှာ ... ထဦး ... ထပါဦး"

ကားထဲမှာ အဲယားကွန်းဖွင့်၊ ဝေါ့ခ်မဲန်းလေးနဲ့ သီချင်း နားထောင်ကာ ဇိမ်တွေ့နေသော စွန့်မှာ ကိုယ့်ကားကြီး ရုတ်တရက် တဝုန်းဝုန်း လှုပ်ရှားသွားလျှင် ငလျင်များ လှုပ်ပြီလား၊ ဘာများ ဖြစ်သလဲရယ်လို့ ပြူးပြူးပျာပျာ ထလာရပါသည်။

ကိုယ့်ကားဘေးမှာ ရပ်နေသော ခင်ရဲရင့်ကို မြင်လျှင် ပထမတော့ ငါ အိပ်မက်များ မက်သလားရယ်လို့ ဇဝေဇဝါ ဖြစ်မိသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ဆူနာမီ လှိုင်းဒဏ်ခံရသလို ဓောက်ထိုးမိုးမျှော် ဖြစ်မတတ် လှုပ်ရှားနေသော ကိုယ့်ကားကြီးဟာတော့ အိပ်မက်မဟုတ်နိုင်ဘူးလို့ သဘောပေါက်ကာ ထ,ထိုင်လိုက်ရသည်။

"ဘာလဲ ... ဘာကိစ္စရှိလို့လဲ"

"ရှင့်ကားကို ရွှေ့ပေးခိုင်းတာ"

"ဗျာ ... ဘာဖြစ်လို့ ရွှေ့ပေးရမှာလဲ၊ ဒါ ကျွန်တော့်ကား အရင်ရပ်ထားတဲ့နေရာလေ၊ ခင်ဗျားကားအတွက် သီးသန့် ရိဆာ့ဗ် လုပ်ထားတာမို့လို့လား"

"ရှင့်ကို ဖယ်ပေးခိုင်းနေတာ မဟုတ်ဘူး၊ ကျွန်မ ကားသွင်းချင်တာ ဒီဘေးမှာ နေရာမရှိလို့ ရှင့်ကားကို ဟိုဘက် နည်းနည်းရွှေ့ခိုင်းမလို့"

ဩော် ...

လက်စသတ်တော့ သင်းက ငါ့ကို အကူအညီတောင်းနေတာကိုး။





ကိုယ့်ကား ရွှေ့ပေးပါမှ သူ့ကားအတွက် နေရာရမှာမို့ အကူအညီလာတောင်းတာတောင်မှ ရပ်က တပည့်လက်သားကို ခိုင်းစေမည့် ဆရာကြီးတစ်ယောက်ရဲ့ ရုပ်မျိုး။ လေသံကလည်း မာထန်လွန်းလှသည်။

စွန်က ရုတ်တရက် အမြင်ကတ်စိတ်တွေ ဖွားခနဲ ပေါ်လာသည်။

ခင်ရဲရင့်ဟာ ဘယ်လို မိန်းကလေးမျိုးဆိုတာ သူလည်း အသိပေမဲ့ ခုနေ ရိုရိုကျိုးကျိုးနဲ့ ကားရွှေ့ပေးလိုက်လျှင် သူမ စိတ်ထဲ စွန်ဟာလည်း တခြားယောက်ျားတွေလိုပဲ သူမ ခိုင်းသမျှ ပျာပျာသလဲ လုပ်ပေးချင်နေသည့် သူတစ်ယောက်လို့ ထင်သွားတော့မည်။

မဖြစ်ဘူး။ ဒီလိုတော့ သိက္ခာအကျမခံနိုင်။

ခင်ရဲရင့် နေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုလျှင် အဲ မိန်းကလေးတောင် မဟုတ်ပါ၊ အဘွားကြီးပဲဖြစ်ဖြစ် ယောက်ျားချင်းပဲ ဖြစ်နေပစေဦးတော့ စွန်က အသာတကြည် ရွှေ့ပေးလိုက်မှာပင်။ ဒါပေမဲ့ ခင်ရဲရင့်ဆိုလျှင်တော့ မရ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကားက တမင် ခွာရပ်ထားတာ"

"ဘာရှင့် ... ဘာဖြစ်လို့လဲ"

"ဘာကြောင့်ပဲဖြစ်ဖြစ်လေ ဟိုဘက်ကားနဲ့ ကပ်ပြီး မရပ်ချင်လို့ ဒီဘက်ဝေးဝေးရပ်ထားတာမို့ ရွှေ့ပေးလို့ မရဘူးဗျာ"

"ရှင် တွက်ကပ်ပြီး မပြောနဲ့နော်၊ ဟိုဘက်ကားနားကို ဘာလို့ မကပ်ချင်ရတာလဲ"

"ကားမောင်းတဲ့သူက သိပ်မောင်းတတ်ပုံ မရဘူးဗျ၊ ပြီးတော့ သူ့ကားကြီးကလည်း ကြည့်ဦး၊ ကားဟောင်းကားမာကြီး တကယ်လို့ မထွက်တတ် ထွက်တတ်နဲ့ ထွက်လိုက်လို့ တိုက်မိရင် သူက နစ်နာမှာ မဟုတ်ဘူး၊ ကျွန်တော်ပဲ နစ်နာမှာ"

"ဒါဖြင့် ကျွန်မ ကားသွင်းလိုက်လို့ ထိမိတော့ရော"

"ခင်ဗျားကတော့ ကျွန်တော့်ကားကို အကောင်းပကတိ ဖြစ်အောင် ပြန်ပြင်ပေးနိုင်မဲ့ အနေအထားရှိတဲ့ပုံ ရပါတယ်"





ဩ ... သူက တိုက်ရင်းတိုက်မိရင် တတ်နိုင်တဲ့ ခင်ရဲရင့်ကပဲ သူ့ကားကို တိုက်ပစ်ပစေပေါ့။ ကားပြင်ခ ကောင်းကောင်းမတတ်နိုင်လောက်မဲ့ တစ်ဖက်ကားနဲ့တော့ အတိုက်မခံနိုင်ဘူးပေါ့။

သူ့ကား ဘယ်နေရာ ရပ်ထားမလဲဆိုတာ သူ့ရဲ့ ရွေးချယ်ပိုင်ခွင့်၊ ကိုယ်က ဘာမှ ဝင်ပြီး ဆုံးဖြတ်ပေးလို့ မရဘူး ဆိုပေမဲ့ လူတိုင်းအပေါ် ဩဇာလွှမ်းမိုးနိုင်ခဲ့မြဲဖြစ်သော ခင်ရဲရင့်ကတော့ ဘယ်လိုမှ သည်းမခံနိုင်။

ဖြစ်များဖြစ်နိုင်လျှင် ကိုယ့်ကားကို ဒီနေရာကျဉ်းကျဉ်းကျပ်ကျပ်ကြားထဲက ဖွတ်သွင်းကာ သူ့ကားကို ထိချင်ထိမိပစေ လုပ်ပစ်လိုက်ချင်သည်။ ဟွန်း ... လျော်ရမှာ ကြောက်လို့ မဟုတ်။

ဘာမှ အပြစ်အနာအဆာ၊ အထိအရှ ရှိမထားသည့် ကိုယ့်ကားကြီး တိခိုက်ပွန်းပဲ့သွားမှာ စိုးလို့သာ။

"ရှင် ရွှေ့ပေးမလား၊ မရွှေ့ပေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှေ့ပါဘူးဆိုမှဗျာ၊ ကျွန်တော့်ကား ဒီမှာ ရပ်ထားတာ နာရီဝက်လောက်ရှိပြီ၊ တကယ်လို့ ခင်ဗျားနေရာ လိုချင် တယ်ဆိုရင် တစ်နေရာရာမှာ ခဏခိုစောင့်ပြီး ကျွန်တော့် ကား ထွက်သွားမှ ဝင်ထိုးပေါ့"

"ရှင် သက်သက်မဲ့ အကွက်ဆင်နေတာ"

ခင်ရဲရင့်ရဲ့ နှုတ်ဖျားက စွပ်စွဲသံတစ်ခု အလို အလျောက် ထွက်ကျသွားသည်။

ဟုတ်တယ်လေ။ ဒီလူ့ပုံစံကြည့်ရတာ သွေးရိုးသားရိုး ဖယ်မပေးတာမျိုး မဟုတ်တော့ဘဲ ခင်ရဲရင့်နဲ့ အခြေအတင် စကားများရန်ဖြစ်ရအောင် တမင်သက်သက် အကွက်ထွင်တာနဲ့ တူနေပြီ။

ယောကျ်ားတိုင်းရဲ့ ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်ခြင်း ခံနေရသူပီပီ ခင်ရဲရင့် စိတ်ထဲမှာ ယောကျ်ားတိုင်းဟာ ကိုယ့်ကို စိတ်ဝင်စားပတ်သက်ချင်နေကြသည်လို့ပဲ စွဲမြဲနေတော့တာ။





ဒီယောကျ်ားကရော မျက်နှာကြီး ခပ်တည်တည်နဲ့ ဂရုမစိုက်ဟန်၊ ကတ်ဖဲ့တိုက်ဟန် ပြင်နေပေမဲ့ 'ခင်ရဲရင့်' ဆိုသည့် နာမည်ကျော် မိန်းကလေးတစ်ယောက်ကို ကြိုမသိထားသူလို့ ပြောနိုင်ပါ့မလား။ ခင်ရဲရင့်နဲ့ ဇာတ်လမ်းဖြစ်ချင်စိတ် မရှိပါဘူးလို့ ရော ပြောလို့ရပါ့မလား။

စွန်ကလည်း ခင်ရဲရင့်ရဲ့ သဘောထားကို ချက်ချင်း သိလိုက်ကာ ထောင်းခနဲ ဒေါသထွက်သွားရသည်။

အဲဒါမျိုးကိုပေါ့၊ မကြိုက်တာ။

မိန်းမပဲဖြစ်ဖြစ်၊ ယောကျ်ားပဲဖြစ်ဖြစ်၊ လူတစ်ယောက် ဟာ နည်းနည်းလောက် နာမည်ကြီးလိုက်ပြီဆိုတာနဲ့ အားလုံးက ငါ့ကို ဝိုင်းဝိုင်းလည် လိုချင်တပ်မက်နေရလိမ့်မည်လို့ ပုံသေသတ် မှတ်ထားတာမျိုးကြီးကို စွန်က သိပ်မုန်းသည်။

ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ သူတို့ ချောလှ သည့်နှုံ၊ ထင်ရှားတိုင်း လူတွေက ခြွင်းချက်မရှိ ဝိုင်းကြိုက်ကြ သာမျိုး ဖြစ်ချင်မှ ဖြစ်မည်။ အနည်းဆုံး တစ်ယောက်နှစ်ယောက် လောက်ကတော့ မိုးခါးရေ မကြိုက်တတ်သူမျိုး ပါချင်ပါမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အကွက်ဆင်ရအောင် ဘာအကျိုးအမြတ်ရမှာမို့လဲ၊ ကျွန်တော့်ဘာသာ ကားထဲ သီချင်းနားထောင်ပြီး အိပ်နေတာကို ခင်ဗျားက အရင်လာနှိုးတာလေ၊ တကယ်လို့ အကွက်ဆင်ကြံစည်ဆိုရင် ခင်ဗျားက စပြီး အကွက်ဆင်တာပဲ ဖြစ်ရမှာပေါ့"

"ဘာပြောလိုက်တယ်"

ဘယ်လိုမှ ထင်မှတ်မထားသည့် တိုက်ကွက်။ ယောကျ်ားတစ်ယောက်ဆီက လုံးဝ မျှော်လင့်မထားသည့် တုံ့ပြန်မှုမို့ ခင်ရဲရင့် တစ်ယောက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ခါသွားရသည်။

မိုက်ရိုင်းလိုက်တာ။ ရက်စက်လိုက်တာ။ ခင်ရဲရင့်ဟာ ဒီလိုမျိုး အပြောအဆို ခံခဲ့ရဖူးတယ်ဆိုတာ လူတွေသိသွားလျှင် ရေမရှိတဲ့ ချောင်းမှာ နှာခေါင်းဖော်ပြီး သတ်သေလိုက်ဖို့ပဲ ကောင်းတော့သည်။





"ရှင်ဟာ ယောကျ်ားကြီးဖြစ်ပြီး တော်တော်အောက်တန်းကျပါလားဟင်၊ မိန်းကလေးတစ်ယောက်ကို ဒီစကားမျိုး ပြောရဲတာ ရှင့်ကိုယ်ရှင် မရှက်ဘူးလား"

"ကျွန်တော်ကတော့ ရှက်စရာလို့ မထင်ပါဘူးဗျာ၊ မိန်းကလေးကိုယ်တိုင်ကတောင် ဒီလိုမျိုး ပြောခဲ့သေးတာပဲ"

"တောက်"

ကိုယ်က အရင်စပြောခဲ့ပြီဆိုမှတော့ သူ ပြောသမျှ ခံရုံပဲ ရှိတော့တာပေါ့။

ရှေ့ဆက်ပြောနေလျှင် ဒီလိုလူမျိုးက သူနဲ့ ကြာကြာ သက်ချင်လို့ စကားကြောရှည်နေတာလို့ ထင်ချင်ထင်နေဦးမှာ။

နောက်ဆုတ်အရှုံးပေးတာ မဟုတ်ပေမဲ့ မပတ်သက်ချင်လို့ ရှောင်လွှဲလာခဲ့တာကိုပဲ သူ့စကားမှန်လို့ ကြောက်သွားတယ်လို့ ထင်ချင်လည်း ထင်ပါစေတော့။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရဲ ... ခင်ရဲ ... ဟိုမှာ နေဖြိုး မဟုတ်လား"

ဆည်းဆာရဲ့ အသံကို ကြားလိုက်ရကတည်းက ခင်ရဲရင့်က စိတ်ညစ်လှပြီ။

နေဖြိုးဆိုသည့် တစ်ယောက်ဟာ ခင်ရဲရင့်ကို နောက်ပိုး ပိုးနေကြသည့် ယောကျ်ားလေးတွေထဲမှာတော့ စိတ်ညစ်စရာ အကောင်းဆုံးလို့ ဆိုရမှာပင်။

သူက ကဗျာရူး စာရူးလားမသိ။ စကားပြောတာ တောင် ရိုးရိုးဖြောင့်ဖြောင့်မပြော။ ကာရန်တွေ နဘေတွေနဲ့ ယှက်လို့ပပ၊ ရှည်ရှည်ဝေးဝေး သိုင်းဝိုင်းဖွဲ့နွဲ့ကာ ပြောသည်။ ရိုးရိုး

www.burmeseclassic.com

www.burmeseclassic.com



စကားတွေကိုတောင် နားမထောင်ချင်သော ခင်ရဲရင့်အတွက်ကတော့ သူ့ရဲ့ စကားလုံး ကြောင်တောင်တောင်တွေဟာ အလွန်အင်မတန်မှ နားကလောဖွယ်ကောင်းနေတော့သည်။

ရုပ်ရည်ကလည်း ကြည့်ဦး။ အရပ်က ငါးပေပြည့်သည်ဆိုရုံလောက်ရှိမည်။ ပိန်လှီညှောင်ညှာနေလိုက်တာလည်း နံရိုးအပြိုင်းပြိုင်း၊ ရင်အုပ်က ပိန်ချုပ်ရုံမက ခွက်ပါဝင်နေပြီး လက်ချောင်း ခြေချောင်းတွေက သစ်ကိုင်းခြောက်အလား၊ အသား အရည်ကလည်း မစိုပြည်။

ခန္ဓာကိုယ် အချိုးအစား အဆင်မပြေလို့ မျက်နှာ ကျတော့ရောဆိုတော့ ပိုလို့တောင်ဆိုးသေး။ ဝက်ခြံ ဗရပွ သွားက ခေါခေါ၊ မျက်ပေါက်က ကျဉ်းသေး။

အောင်မယ်လေး။

မိဘတွေက အညိုးတကြီးနဲ့များ လူတစ်ယောက်မှာ ရှိသည့် ရုပ်ဆိုးနိုင်သမျှ အချက်အလက်တွေ အားလုံးပါအောင် မွေးပေးလိုက်လေသလား ထင်ရသည်။





ခင်ရဲရင့်သဘောက ကိုယ့်ကို လာချဉ်းကပ်သည့် ယောကျ်ားတွေကို တုံ့ပြန်လက်ခံချင်တာလည်း မဟုတ်၊ သူတို့ ရုပ်တွေ ကြည့်ပြီး ကြည်နူးချင်တာလည်း မဟုတ်၊ ဘယ်ကောင် လေး ချောချောကတော့ ငါ့ကို လာကြိုက်တာပဲဆိုပြီး ကြွားဝါချင် တာလည်း မဟုတ်ပါ။

ဒါပေမဲ့ ကိုယ့်ဘေးနားက လူမြင်သူမြင် တကောက် ကောက်လိုက်ပြီး ကိုယ့်ကို ချစ်ကြောင်း ကြိုက်ကြောင်းတွေ နားအူလောက်အောင် နေ့စဉ်နဲ့အမျှ လာပြောနေသူတစ်ယောက် ဟာ ရုပ်ရည်လေး အသင့်အတင့်တော့ ရှိသင့်တာပေါ့။ ရုပ်ဆိုး ကြီး၊ စိတ်ညစ်ဖွယ်ရာရုပ်ကြီးနဲ့ လူတစ်ယောက် ကိုယ့်ဘေးမှာ အမြဲ ကပ်ပါနေတာဟာ ကျက်သရေလည်းယုတ်၊ လူရှေ့မှာလည်း အရှက်ကွဲတာပေါ့။

ဒါကြောင့် တခြား ဘယ်ယောကျ်ားက လိုက်လိုက် စိတ်ထဲဘယ်လိုမှ မနေသော ခင်ရဲရင့်ဟာ နေဖြိုးလိုက်လာပြီဆို လျှင်တော့ အထူးတလည်ကို စိတ်ညစ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ်ဟာ၊ ဒီနေဖြိုးဆိုတဲ့ကောင် သူ့ရုပ်မှ အားမနာ ငါ့နောက် တကောက်ကောက် လိုက်နေတာ"

"သူ့ကို မှန်တစ်ချပ်လောက် လက်ဆောင်ပေးလိုက်ပါလား၊ ဒါမှ သူ့ရုပ်သူ ပြန်ကြည့်မိပြီး အခြေအနေကို သဘောပေါက်သွားအောင်"

"ပေါက်ကရ သွားမလုပ်စမ်းပါနဲ့ဟယ်၊ ဒီကောင်မျိုးက ဉာဏ်ရှိတာ မဟုတ်ဘူး၊ တော်ကြာ သူ့ကို လက်ဆောင်ပေးတာဟာ သူ့ကို ကြိုက်လို့ပါလို့ ထင်ပြီး ကမ်းတက်နေဦးမယ်"

"နေဦးဟဲ့ ... နဖြိုးနဲ့ အတူပါလာတဲ့ တစ်ယောက်ကတော့ အချောစားပဲ၊ တော်တော်သန့်တယ်"

"ဆည်းဆာရာ ... သွားကြည့်မနေစမ်းပါနဲ့၊ ငါတို့ သိက္ခာကျပါတယ်"

ဆည်းဆာနဲ့ ပေါင်းရတာ တခြားနေရာတွေ အဆင်ပြေသလောက် ဒီတစ်နေရာတော့ စိတ်ညစ်ဖို့ကောင်းသည်။



သူမဟာ အမြဲ စပ်စပ်စုစုနိုင်ပြီး ပတ်ဝန်းကျင်ကိုလည်း သိပ်စိတ်ဝင်စားမှုများသည်။ ဘယ်နေရာမှာ ဘာဖြစ်နေတယ်၊ ဘယ်သူကတော့ နင့်ကို ကြည့်နေတယ်၊ ဘယ်သူ့ကို တွေ့လိုက်တယ် စသည်ဖြင့် အကြောင်းအရာစုံကို လိုက်သိကာ တတွတ်တွတ် ပြောနိုင်ပါပေ့။

"မဟုတ်ပါဘူး၊ သူတို့က ငါတို့ကို မတွေ့သေးပါဘူး၊ သူတို့ဘာသာ ဘာတွေ အရေးတကြီး ဖြစ်လာလဲ မသိဘူး၊ အဲ ... ကားတိုက်ခံလာရတာဟ သိလား၊ သူတို့ ကားဘန်ပါကြီး ပိန်ပြီး မီးခွက်ကြီးလည်း ကွဲလို့၊ နေဦး ... နေဦး... ရှေ့က ကားနဲ့ တိုက်မိတာထင်တယ်၊ ရှေ့ကားက လူတွေလည်း ဆင်းလာပြီဟ၊ ပုံစံတွေကတော့ ခပ်တင်းတင်းတွေပဲ၊ ရန်ဖြစ်ကြတော့မှာလား မသိဘူး"

"အြော် ... ဆည်းဆာရယ်၊ ပြောလေဆိုးလေပါလား၊ သူတို့ဘာသာ ကားတိုက်မိရုံမကလို့ ကားနဲ့ပဲ တက်ကြိတ်ခံရခံရ ဝင်စပ်စုမနေစမ်းပါနဲ့"

www.burmeseclassic.com



"နင်ဟာ တကယ်နေနိုင်တယ်နော်၊ ပတ်ဝန်းကျင်ကို စိတ်ဝင်စားမှုလည်း နည်းနည်းလေးမှ မရှိဘူး"

"ခြွမပြောနဲ့လေ၊ ယောကျ်ားလေးတွေကို စိတ်မဝင်စားတာဟာ ပတ်ဝန်းကျင်ကို စိတ်စင်စားမှုမရှိတာ မဟုတ်ဘူး၊ ငါ ပတ်ဝန်းကျင်မှာ ဘာတွေ အပြောင်းအလဲ ဖြစ်နေတယ်၊ ဘာတွေ တိုးတက်တယ်၊ ဘာတွေ လိုအပ်တယ် ငါ အကုန်သိနေတာပဲ"

ဆည်းဆာက ဘာမှ ထပ်မပြောတော့။ သူ ထပ်ပြောနေလည်း ခင်ရဲ့ရင့် စိတ်ဆိုးရုံကလွဲပြီး ဘာမှ ထူးလာမှာ မဟုတ်ကာကို အတွေ့အကြုံအရ သဘောပေါက်လိုက်ပြီလေ။

ဆည်းဆာကတော့ လှမ်းတစ်ဖက်ခြမ်းက မြင်ကွင်းကိုသာ စိတ်ဝင်တစား စောင့်ကြည့်ခဲ့။

ရှေ့ကားက ဆင်းလာသော လူမိုက်ပုံစံနှင့်ကောင်လေးအုပ်စုက ရန်လိုသော အမူအရာတွေနှင့် ဘာတွေ ပြောဆိုနေကြသည်မသိ။ နေဖြိုးက ကြောက်နေပုံနှင့် သူ့ကားဘေးမှာ ခပ်ကွယ်ကွယ် ရပ်နေသည်။ နေဖြိုးသူငယ်ချင်းတစ်ယောက်သာ အားလုံးကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပုံနှင့်။





"ဟဲ့ … ဟိုတစ်ယောက်က တစ်ဖက်ကားထဲက လူတွေအားလုံးကို တစ်ယောက်တည်း ခံချတော့မဲ့ပုံဟဲ့ သိလား၊ သတ္တိတော့ ကောင်းမဲ့ပုံပဲ"

"ဒါသတ္တိမဟုတ်ဘူး၊ မိုက်မဲတာ"

"ခင်ရဲ့ကလည်း လေးယောက် တစ်ယောက်, ခံချတာကို များ သတ္တိကောင်းတာ မဟုတ်ဘူးလို့ ပြောချင်သေးတယ်"

"ဟုတ်တယ်လေ၊ သူတို့ ရန်ဖြစ်ကြတဲ့ အကြောင်းရင်းက ဘာလဲ၊ ကြည့်ရတာ ကားချင်းဝင်တိုက်မိပြီး ရန်ဖြစ်ကြတာပဲနေမှာပေါ့၊ အဲဒီလို သေးဖွဲတဲ့ကိစ္စမျိုးအတွက်နဲ့ ဖြစ်တာကျတော့ လေးယောက်တစ်ယောက် မဟုတ်ဘူး၊ အယောက်လေးဆယ်နဲ့တစ်ယောက် ခံချတာတောင်မှ မချီးကျူးထိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာက ဘာမှ ထပ်မပြောရဲတော့။ သူမ ပါးစပ်က စကားတစ်ခွန်း ထွက်လိုက်တာနဲ့ ခင်ရဲရင့်ဆီက ဆန့်ကျင်စကားရှည်ကြီးတစ်ခွန်း ပက်ခနဲ ပြန်ရောက်လာတတ်တာကိုး။

ခင်ရဲရင့်ကို အဖော်စပ်လို့ မရသည့်အဆုံး ဆည်းဆာ တစ်ယောက်တည်းပဲ လမ်းတစ်ဖက်ကို လှမ်းကြည့်နေလိုက်သည်။

"ဟယ် ... ချကုန်ကြပြီတော့၊ ခင်ရဲရေ ... ဘယ်လို လုပ်ကြမလဲ"

"ဆည်းဆာ တော်ပြီဟာ၊ ငါ ပြန်တော့မယ်၊ နင်က စကားကောင်းမှ ပြောလို့မရတော့တာ၊ ဒီကောင်တွေပဲ တစ်ချိန်လုံး စိတ်ဝင်တစား ဖြစ်နေတာပဲ"

ခင်ရဲရင့်က ထိုင်ရာက ဆတ်ခနဲ ထလိုက်သည်။

ဆည်းဆာ ဦးလေးရဲ့ ဆေးခန်းမှာ ကျောင်းပိတ်ရက် အကူထိုင်ပေးနေရသော ဆည်းဆာကို ခင်ရဲရင့်က အဖော်ရအောင် လိုက်ထိုင်ပေးတာပါ။ ဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသူတွေ





မို့ လူနာတွေနဲ့ တိုက်ရိုက်အထိအတွေ့ သိပ်မရှိသေးပေမဲ့ နဂို ကတည်းက ဦးလေးရဲ့ ဆေးခန်းမှာ ကူလုပ်လာခဲ့တာဖြစ်သော ဆည်းဆာက သာမန်ဖျားနာ ထိခိုက်တာလောက်ဆိုလျှင်တော့ ကောင်းကောင်းကုသပေးနိုင်ပြီ။

ခင်ရဲရင့်ကတော့ ဒီကျောင်းပိတ်ရက်ကျမှ ဆည်းဆာ အဖော်ခေါ်လွန်းလို့ လိုက်လာဖြစ်တာ။ ဆေးခန်းလိုက်ထိုင်တာ မကြာသေးပေမဲ့ နဂိုကတည်းက စာတော်ပြီး လုပ်ရဲကိုင်ရဲသည့် သတ္တိလည်းရှိသည့် ခင်ရဲရင့်က အခြေခံလောက်ကိုတော့ ခဏ လေးနဲ့ နားလည်တတ်မြောက်သွားသည်။

အစကတော့ လူနာ စမ်းသပ်နည်းလောက်ကိုပဲ သိအောင် လာဆင်းတာပင်။ နောက်တော့ ဆည်းဆာက သူတစ်ယောက်တည်း ဆင်းရတာပျင်းလှချည်ရဲ့ဆိုပြီး အတင်းခေါ်လို့ အဖော်လိုက်ပေးရတာ။

အခု ခင်ရဲရင့်က ထပြန်တော့မည်ဆိုတော့ ဆည်းဆာ တစ်ယောက် ပျာပျာသလဲ ဖြစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုနလေးကမှ ဦးလေးက အရေးပေါ်ကိစ္စတစ်ခုနဲ့ ဆေးရုံကို ထွက်သွားရတာဖြစ်ရာ ခင်ရဲရင့်သာ ပြန်သွားလျှင် ဆေးခန်းမှာ သူတစ်ယောက်တည်း ကျန်ခဲ့မှာကို ဆည်းဆာ စိုးရိမ်ပူနေမိလေသည်။

"ငါ အလကားလျှောက်ပြောနေတာပါ ခင်ရဲရာ၊ ဒီကောင်တွေကို တအားစိတ်ဝင်စားတာလည်း မဟုတ်ပါဘူး၊ ကိုယ့်မျက်စိရှေ့ ရောက်လာလို့ ကြည့်ဖြစ်တာပါ၊ နင် မကြိုက်ရင် ငါ ဆေးခန်းအတွင်းဘက်မှာ သွားနေမယ်လေ"

"တော်ပါ၊ ဒီလောက်ဖြစ်ပြနေဖို့ မလိုဘူး၊ ပုံမှန်ဆို ရပြီ"

ဆည်းဆာက ကြောက်ပါတယ်ဆိုသည့် ပုံစံမျိုးနဲ့ ပခုံးလေး ကျုံ့ကာ ဇက်ကလေး ပုပြထားသည်။

တကယ်တမ်းကျတော့ ခင်ရဲရင့်လည်း မပြန်ဖြစ်လိုက်ပါ၊ ဆည်းဆာလည်း အတွင်းခန်းထဲ ဝင်ရှောင်နေစရာ မလိုလိုက်ပါ။ အပြင်မှာ ရှိနေသူတွေသာ လှုပ်လှုပ်ရှားရှား၊ ဆူဆူညံညံနဲ့ ဆေးခန်းထဲ ရောက်လာကြလေသည်။



"ဆရာဝန်ရှိလား ... ဆရာဝန်"

"ရှိတယ်၊ ဘာဖြစ်လို့လဲ"

ခင်ရဲရင့်က ခပ်တည်တည်နဲ့ ထရပ်လိုက်သည်။ ဆေးခန်းက ပါလာသူတွေအတွက် မထူးခြားပေမဲ့ စွန့်ကတော့ ခင်ရဲရင့်ကို မြင်လျှင် တအံ့တဩ ဖြစ်သွားရသည်။

ဒီလိုမျိုး ရပ်ကွက်ထဲက ဆေးခန်းသေးသေးလေး တစ်ခုဟာ ခင်ရဲရင့်နဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်။

"ဒီမှာ လူတစ်ယောက် ဒဏ်ရာရလို့"

"ရှင်တို့ဟာက ရာဇဝတ်မှုခင်းပဲ၊ ကျွန်မတို့ အပြင်ဆေးခန်းက ကုပေးဖို့ မရှိဘူး"

"အာ ... မဟုတ်ဘူး၊ ရာဇဝတ်မှု မဟုတ်ပါဘူး၊ ချော်လဲတာပါ"

"ဘာချော်လဲတာလဲ၊ စောစောကလေးပဲ လမ်းတစ်ဖက်ခြမ်းမှာ ရှင်တို့ ရန်ပွဲဖြစ်နေတာ ကျွန်မတို့ တွေ့တယ်"

ဟ ... တယ်ဟုတ်ပါလား။ ခင်ရဲရင့်က ငါ့ကို သတိထားမိနေတယ် ဆိုပါလား။

www.burmeseclassic.com



စွန်က ကျိတ်ပြီး ဘဝင်မြင့်သွားမိပေမဲ့ မျက်နှာက တော့ ခပ်မှုန်မှုန်ပင်။ ခင်ရဲရင့်နဲ့ပတ်သက်လို့ ဘာမှ စိတ်ဝင်စားမှု မရှိသည့်ပုံစံမျိုး။

"ဒီဒဏ်ရာတွေက ရန်ဖြစ်လို့ရလာတာ မဟုတ်ပါဘူး"

"မျက်စိရှေ့တင် မြင်နေတာကို ပြောင်လိမ်နေသေးတယ်၊ ရှင်တို့ ကားချင်းတိုက်မိလာပြီးတော့ ရန်ဖြစ်နေကြတာ မဟုတ်လား၊ ပြီးတာနဲ့ ချက်ချင်း ဆေးခန်းရောက်လာတာ။ ဒါရန်ဖြစ်လို့ ဒဏ်ရာရတာ မဟုတ်လို့ ဘာဖြစ်ဦးမှာလဲ"

ရှယ်စရာ။ ခင်ရဲရင့်ဟာ သူမ့ အြင်ထားသလောက် ကလေးနဲ့ ဆုံးဖြတ်တတ်သူတစ်ယောက်ပါလား။

"ကျွန်တော် ရန်ဖြစ်ရင်း ဒဏ်ရာရလာတာတော့ မှန်တယ်၊ ဒါပေမဲ့ ထိုးရင်းကန်ရင်း ရလာတာတော့ မဟုတ်ဘူး။ လမ်းပေါ်ချထားတဲ့ ငှက်ပျောခွံကို တက်နင်းမိပြီးတော့ ချော်လဲလို့ ရလာတဲ့ ဒဏ်ရာ"

"ရှင်တို့ပြောတိုင်း ယုံရမှာလား"





"ရပါတယ်၊ ကျွန်တော်တို့ကို မယုံပေမဲ့ ဒီချာတိတ်ကလေးကိုတော့ ယုံလောက်တယ် မဟုတ်လား"

စွန်က ခပ်ဝဝ ဂျစ်ကန်ကန် မျက်နှာပေးနဲ့ ကောင်တစ်ယောက်ကို ဆွဲခေါ်လျက် လူအုပ်ရှေ့သို့ ပို့လိုက်သည်။

"သူ့ကို သိလား"

"ဘယ်သိမှာလဲရှင့်"

"ဒီကောင်လေးက ဒီရပ်ကွက်ထဲမှာပဲနေတာ၊ နာမည်လည်း နားထောင်ကြည့်ဦး၊ ဟစ်တလုံးတဲ့၊ ရုပ်ကိုလည်းကြည့်၊ နာမည်နဲ့လိုက်မဲ့ပုံ၊ ဒါပေမဲ့ ကလေးပီပီ ရိုးသားမဲ့ပုံကလေးလည်း ရှိတယ် မဟုတ်လား"

"အင်း"

စွန် ဘာသဘောနဲ့ ပြောနေမှန်း မသိတာမို့ ခင်ရဲရင့်က အင်းပဲလိုက်,လိုက်သည်။

"ကဲ ... ဒါဖြင့် ချာတိတ်လေး ပြောပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက စွန့်ကို ဒီစကားလေး ပြောဖို့အ
ဒီလောက်နိဒါန်းချီနေရသလားရယ်လို့ အမြင်ကတ်သည့်ပုံစံမျိုး
ကြည့်ကာ ...

"ဒီအစ်ကိုကြီး ချော်လဲတာ ကျွန်တော် စားပြီးပစ်ထား
ငှက်ပျောခွံကို တက်နင်းမိလို့ပါ"

စွန် အပါအဝင် ဘေးလူတွေက ပြုံးစိစိ။ ဆည်း
ကလည်း ခစ်ခနဲ ဝင်ရယ်လိုက်သေးသည်။ ခင်ရဲရင့်တစ်ယော
သာ မျက်နှာလေး တည်ထားကာ ...

"မင်းက ဘယ်လိုလုပ် အသေအချာ ပြောနိုင်တာလဲ"

"ပြောနိုင်တာပေါ့ အန်တီခေါက်တာရဲ့၊ ကျွန်တော်
သူတို့ပုံစံတွေကို အမြင်ကတ်လို့ သူတို့ ရန်ဖြစ်နေတဲ့
ကို တမင်တကာ ငှက်ပျောခွံ ပစ်ချလိုက်တာကိုး"

ဒီတစ်ခါတော့ ပြုံးစိစိသမားတွေ တဟားဟ
အသံထွက်အောင် ရယ်ကုန်ကြတော့သည်။ ခင်ရဲရင့် ကိုယ်တ
တောင် ကောင်လေးရဲ့ ရုပ်နဲ့ လုပ်ရပ်ကို ရယ်ချင်သလို





ဖြစ်မိသား။ နဂို တည်ထားသော မျက်နှာကြော ပျက်သွားမှာစိုးလို့
သာ ဆက်ပြီး တည်ထားရတာ။

"ကောင်းပြီလေ၊ ဒါဆိုလည်း ဆေးထည့်ပေးရတာပေါ့ ...
လာ"

"ဆရာဝန်ရော"

"ရှင်"

"ဆရာဝန် မတွေ့လို့မေးတာ"

စွန်က မသိချင်ဟန်ဆောင်ကာ မေးလိုက်တာပါ။
ခင်ရဲရင့်ဟာ ဆေးတက္ကသိုလ် တတိယနှစ် ကျောင်းသူတစ်ယောက်
မှန်းတော့ သူ သိသားပေါ့။ ဒါပေမဲ့ သူ သိတာကို ခင်ရဲရင့်ကမှ
မသိတာ။

ခင်ရဲရင့်ဆို အသည်းအသန် ဖြစ်လှသော နေဖြိုးတစ်
ယောက်ကလည်း ရန်ပွဲစဖြစ်တော့မည်ဆိုတာနဲ့ သူ့ရဲကောင်းပီသစွာ
လစ်ပြေးနှင့်ပြီ။ ဒီတော့ သူတို့နှစ်ယောက်ကြားမှာ ဘာမှ ပတ်သက်
မှုမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းထဲမှာ ဟန်ရပန်ရ၊ ကျကျနန ထိုင်နေပါလျက် ဆရာဝန် အထင်မခံရဖော့ ခင်ရဲရင့်ကလည်း ဒေါသထွက်သွားတာပင်။

"ဆရာဝန် ရှိတယ်လေ၊ ကျွန်မပဲ"

"ဟုတ်နိုင်ပါ့မလားဗျာ"

"ဘာရှင့်"

"ခင်ဗျားကြည့်ရတာ အသက်တော်တော်ငယ်သေးတဲ့ ပုံပါ၊ ကျွန်တော့်ထက် ငယ်နိုင်သေးတယ်၊ ကျွန်တော်တောင် ဘွဲ့မရသေးဘူး၊ ခင်ဗျားက ဆရာဝန် ဖြစ်နေပြီဆိုတော့ ဟုတ်ပါ့မလား"

ခင်ရဲရင့် နည်းနည်းတော့ ရှက်သွားရသည်။ ကိုယ့်အပြုအမူက မရည်ရွယ်ပါဘဲ ဟန်ဆောင်လိမ်ညာသလို ဖြစ်သွားရတာကိုး။

"ရှင့်ဒဏ်ရာလောက်ကို သန့်စင်ဆေးထည့် ပတ်တီးစည်းတာလောက်ကတော့ ကြက်ခြေနီတောင် တတ်တယ်"





"ဒဏ်ရာ ဆေးထည့်ရုံဆိုရင်တော့ ဟုတ်တာပေါ့၊ ကျွန်တော်က ဆရာဝန်တစ်ယောက်ရဲ့ ထင်မြင်ချက်ကို လိုချင်တာ၊ အရိုးများ ကျိုးသွားသလား၊ အကြောတွေ အရွတ်တွေကို ထိခိုက်သွားသလား၊ ဒါတွေ စစ်ဆေးရဦးမယ်လေ"

"ငှက်ပျောခွံ တက်နင်းမိပြီး ချော်လဲရုံလောက်နဲ့တော့ အရိုးမကျိုးတာ သေချာတယ်"

"ဘယ်ပြောနိုင်မလဲ၊ ဘောလုံးသမားတစ်ယောက်ဆိုရင် တီဗီကြည့်ရင်း ရှေ့က စားပွဲပေါ် ခြေထောက်ကို ဆန့်ပြီး တင်လိုက်တာ အကြောလွဲသွားပြီး ဘောလုံးသမားဘဝက တောင် အနားယူလိုက်ရတာမျိုးတွေ ရှိသေးတာ"

တော်လောက်ပြီ။ ဒီလူကြည့်ရတာ အချိအချဲ့ အချေအတင် စကားတွေ သိပ်ပြောချင်နေသည့်ပုံ။ ကိုယ်က တုံ့ပြန်ပြောနေသမျှတော့ သူက ဝမ်းသာအားရ ချေပနေဦးမှာပင်။

"ကဲ ... တော်ပြီ ... တော်ပြီ၊ ဒီဆေးခန်းမှာ ထိုင်တဲ့ ဆရာဝန်က ကျွန်မသူငယ်ချင်းရဲ့ ဦးလေးပဲ၊ ကျွန်မတို့က



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းသူတွေ၊ ကျောင်းပိတ်ရက်မှာ ဇဦးလေးကို ကူညီရင်း လေ့လာနေတာ၊ အခုလောလောဆယ်တော့ ဦးလေးဆရာဝန်က မရှိသေးဘူး၊ ကျွန်မတို့ ဆေးထည့်ပေးတာကို လက်ခံချင်ခံ မခံချင်လည်း အချိန်ရှိတုန်း တခြားဆေးခန်းသွား”

ဘယ်သွားပါလိမ့်မလဲ။

ကိုယ့်ဒဏ်ရာက ဘယ်လောက်မှ မရှိဘူးဆိုတာ စွန်က အစကတည်းက သိသည်။ တစ်ဖက်က ကောင်တွေကို ခြောက်လှန့်ချင်ရုံသက်သက်ရယ်၊ ဆေးခန်းကလည်း ဝေးဝေးလံလံ မဟုတ် ကိုယ့်မျက်စိရှေ့တင် ရှိနေတာရယ်ကြောင့်သာ ဝင်လာလိုက်တာ။

ဆေးခန်းထဲရောက်ပြီး ခင်ရဲရင့်ကို တွေ့ပြီးမှတော့ ဘယ်သူက အမိုက်ခံပြီး တခြားဆေးခန်း ပြောင်းပါတော့မလဲ။ မကျေနပ်ရင် နောက်ကျမှ ဆေးခန်းတစ်ခု ထပ်ပြလည်း ရသားပဲ။





“တော်ပါပြီဗျာ၊ ဒီမှာပဲ ဆေးထည့်လိုက်ပါတော့မယ်၊ ဆေးခန်းတစ်ခုကတစ်ခု ပြောင်းရင်း အချိန်တွေ ကုန်ပြီး ကျွန်တော့် ဒဏ်ရာကို ရောဂါပိုးတွေ ဝင်သွားမှာလည်း စိုးရသေးတယ်”

ခင်ရဲရင့်က စွန့်ကို အမြင်ကတ်စွာ ကြည့်လိုက်ပါသည်။ သို့သော် လောလောဆယ်မှာ ကိုယ်က ဆရာဝန်၊ သူက လူနာအနေအထားမို့ အငြိုင်အဆိုင်လည်း ရန်မဖြစ်နိုင်။

အမြတ်ကတ်ကတ်နဲ့ သူ့ဒဏ်ရာကို အရက်ပျံတွေသာ နာနာဖိလောင်း ဆေးကြောပစ်လိုက်တော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကိုက်ထိ တစ်ယောက်တည်းလား"

စွန်က ရှုံ့မဲ့သွားရသည်။

ရင်နှစ်ဦးပဲပေါ့။ သူမနဲ့ တွေ့လျှင် ကိုယ့်ကို လေတံခွန်လို့ အမိပွာယ်ရသည့် ကိုက်ထိဆိုသည့် အခေါ်အဝေါ်ကိုပဲ အမြဲခေါ်သည်။

စွန်ကလည်း ဘာကြောင့်မှန်းမသိ။ အဲဒီလို အခေါ်ခံရလျှင် ဆတ်ဆတ်ခါအောင်ကို ဒေါသထွက်လာတတ်သည်။ အမေ မှည့်ပေးထားသည့် ကိုယ့်နာမည်အကောင်းစားဟာ တန်ဖိုးမဲ့သွားသလိုပဲ စိတ်ထဲမှာ ခံစားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်နှစ်ဦးကလည်း ဒါကိုပဲ နိုင်ကွက်တစ်ခုလို အသုံးချတတ်တာမို့ စွန့်မှာ သူမနဲ့ တွေ့မှာကိုပဲ ကြောက်နေရသလိုလို။

နှစ်ယောက်ချင်း တွေ့လို့ ခေါ်တာက အကြောင်းမဟုတ်သေး။

ကြီးတော်က သူစိမ်းတွေရှေ့လည်း ခေါ်ချတာ။

အခုလည်း သူစိမ်းကောင်မလေးတစ်ယောက်ရှေ့မှာ လုပ်ချလိုက်ပြန်ပြီ။

အဲ ... နေဦး။ သူစိမ်းဆိုပေမဲ့ ဒီကောင်မလေးကို မြင်ဖူးသလိုလိုတော့ ရှိနေသား။

ဘယ်မှာ မြင်ဖူးတာပါလိမ့်။ စဉ်းစားစမ်း။ သေသေချာချာ စဉ်းစားစမ်း။

အဲ ... ဟုတ်ပြီ။

ပြီးခဲ့တဲ့ အပတ်တုန်းက ချော်လဲလို့ ဆေးခန်းသွားပြတော့ ဆေးခန်းမှာ ခင်ရဲရင့်နဲ့ အတူတွေ့ခဲ့သည့် ကောင်မလေး။ ဒါဆို သူမဟာ ခင်ရဲရင့်ရဲ့ သူငယ်ချင်းပေါ့။





စဉ်းစားလို့ရသွားလျှင် စွန့်က ချက်ချင်းပဲ သူမကို သတိမထားမိဟန်ဆောင်နေလိုက်တော့သည်။

ဆည်းဆာကတော့ စွန့်လို ဟန်ပန်မူရာတွေ မများတတ်ပါ။ တွေ့တွေ့ချင်းကတည်းက ဟိုတစ်နေ့က ဆေးခန်းကို လာသော နေဖြိုးရဲ့ သူငယ်ချင်းပဲဆိုတာ သိပြီးသား။

ဘာကြောင့်မှန်းတော့ မသိ။ ဆည်းဆာက သူ့ကို နှုတ်ဆက်ချင်နေသည်။ သူနဲ့ အပြန်အလှန် စကားစမြည် ပြောချင်နေသည်။

"ရှင် ဟိုတစ်နေ့က ဆေးခန်းကို လာသေးတာ မဟုတ်လား"

"ဟဲ ... နင်တို့က သိပြီးသားလား"

"အေးဟာ၊ ငါ့ဦးလေးဆေးခန်းကို အကူလိုက်ထိုင်ပေးရင်းနဲ့ တွေ့တာ"

"နင့်ဦးလေးဆေးခန်းက မြောက်ဥက္ကလာထဲမှာ မဟုတ်လား"

"အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို စွန်က ဘာဖြစ်လို့ သွားပြရတာလဲ၊ သူနေတဲ့ အင်းလျားလမ်း ကမာရွတ်နဲ့ဆို တခြားစီဟာ"

"အင်းလျားလမ်းမှာ နေလို့ မြောက်ဥက္ကလာမှာ ဆေးခန်း သွားမပြရဘူးလို့ နင့်ကို ဘယ်သူပြောထားလဲ၊ ဒီလိုဲ သွားရင်းလာရင်း အကြောင်းတိုက်ဆိုင်လို့ ဝင်ပြတာရော မဖြစ်နိုင်ဘူးလား၊ ဒါမှမဟုတ် ဆရာဝန်ကဲ့ နာမည်ကြီး လွန်းလို့ တကူးတက သွားပြတာလည်း ဖြစ်နိုင်တာပဲ လေ"

"အေးပါ ... အေးပါ၊ နင့်မှာကတော့ ပေးစရာ ဆင်ခြေ ဆင်လက်တွေ အပြည့်ရှိမှာပါ၊ ပြိုင်မငြင်းတော့ပါဘူး"

"ကောင်းတယ်၊ နင် သဘောပေါက်သွားပြီ"

ရင်နှစ်ဦးနဲ့ အပြိုင်ငြင်းခုန်နေဆဲမှာ တစ်စုံတစ်ရ ဝင်ပြောချင်ဟန်၊ ဘာပြောလို့ ပြောရမှန်းလဲ မသိဟန်လေးနဲ့ ဘေးကနေ ခပ်ပြုံးပြုံးလေး ငေးနေသော ကောင်မလေးကို စွန်က သတိရသွားကာ ...





"နင်ကလည်း သူငယ်ချင်းတော့ ဘေးထားပြီး ငါနဲ့ အပြိုင်လာငြင်းနေသေးတယ်၊ သူ ပျင်းနေတော့မှာပေါ့"

"ဟုတ်သားပဲ၊ နင်တို့က သိပြီးသားဆိုတော့ ..."

"မိတ်ဆက်ပေးဖို့တော့ လိုသေးတယ်၊ ငါတို့က သိတာ မဟုတ်ဘူး၊ မြင်ဖူးရုံမြင်ဖူးကြတာ"

"ဒါဆိုလည်း မိတ်ဆက်ပေးရတာပေါ့၊ သူက ဆည်းဆာ ရောင်တဲ့"

"အဟီး ... တစ်မျိုးပါလား၊ ဆောရီးနော်၊ ကျွန်တော် ရယ်လိုက်မိတာ စိတ်မရှိပါနဲ့၊ ဟို ... နာမည်က တစ်မျိုးပဲ မို့လို့"

"ဟုတ်ပါတယ်၊ ဆည်းဆာနာမည် တစ်ခုတည်းဆိုရင်တော့ ရယ်စရာကြီးပဲ၊ တစ်မျိုးလုံးရဲ့ နာမည်ကို ကြားမှ သဘော ပေါက်မှာ၊ ဖေဖေ့နာမည်က ဦးနေရောင်တဲ့၊ ဟိုနေ့က ဆေးခန်းက ဆရာဝန်ဦးလေးက ဒေါက်တာလရောင်လေး အောက်မှာ ငွေကြယ်ရောင် အဒေါ်တစ်ယောက် ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



ဝဲမယ်၊ ဆည်းဆာမှာက အစ်မတစ်ယောက် အစ်ကိုတစ်ယောက် အစ်မနာမည်က နေခြည်ရောင်၊ အစ်ကိုနာမည်က မိုးတိမ်ရောင်”

“ဩော် … အရောင်မျိုးတွေပေါ့”

“ဟုတ်တယ်”

“ကောင်းပါတယ်၊ နားထောင်ရတာ ဆန်းပေမဲ့ အဓိပ္ပာယ်ရှိတာပဲ၊ ကျွန်တော့်နာမည်ကတော့”

“စွန် မဟုတ်လား”

“ခင်ဗျား ဘယ်လိုသိလဲ”

“လူနာမှတ်တမ်းစာအုပ်မှာ နာမည်ပေးထားရတာပဲဟာ”

“ဩော် … ဟုတ်သားပဲ၊ ဆည်းဆာနဲ့ ကျွန်တော် ဆုံဖူးတာကို မေ့သွားတယ်၊ အဲဒီနေ့က ဟိုတစ်ယောက်ကပဲ ဦးဆောင်နေတာဆိုတော့”

ဟိုတစ်ယောက်။ ခင်ရဲရင့်ကိုများ ဟိုတစ်ယောက်တဲ့။





ဆည်းဆာက ရယ်ချင်သွားသည်။ ဒီလောက် နာမည်ကြီးပြီး ရွယ်တူယောကျ်ားလေးတိုင်း မသိသူမရှိသည့် ခင်ရဲရင့်ကိုများ ဒီလူက မသိဘူးတဲ့လား။

နေဖြိုးတစ်ယောက်လုံးရဲ့ သူငယ်ချင်းလုပ်နေပြီးတော့ ခင်ရဲရင့်ကို မသိဘူးဆိုတာကတော့ အံ့ဩစရာကောင်းသည်။

ရိုးသားသော ဆည်းဆာကတော့ စွန်ဟာ ခင်ရဲရင့်ကို တကယ်ပဲ မသိတာလို့ ယုံသွားလေသည်။

“အဲဒါ ခင်ရဲရင့်လေ”

လူကို မမြင်ဖူးလို့ မသိလျှင်တောင်မှ နာမည်ကြားလျှင်တော့ “ဩော် … ခင်ရဲရင့်ဆိုတာ သူလား’လို့ သိလောက်မည်ဆိုပြီး ပြောလိုက်တာ။ သို့သော် စွန့်ဂုံစံက သိသည့်ပုံလည်း ပေါ်မလာ။

ဒီနေရာမှာ ခင်ရဲရင့်သာဆိုလျှင်တော့ ဘယ်လိုနေမည်မသိ။ ဆည်းဆာကတော့ မာနကြီးပြီး ဘဝင်မြင့်တတ်လှသော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သူငယ်ချင်းအတွက် စိတ်မကောင်းလေးတောင်မှ ဖြစ်သွားရသည်။

ရှင်က ခင်ရဲရင့်ကို မသိဘူးလားလို့တော့ ထပ်မမေးရဲတော့ပါ။

တော်ကြာ "အဲဒါ ဆိုးဆေးသုံးလို့ တားမြစ်ခံလိုက်ရတဲ့ အချဉ်ထုပ်နာမည်လား"လို့ ပြန်မေးခံနေရမှ ဟုတ်ပေ့။

"ဆည်းဆာကရော ဆေးကျောင်းသူပဲလား"

"ဟုတ်တယ်၊ ကျွန်မနဲ့ ခင်ရဲက အတူတူပဲ"

"ဒါပေမဲ့ မတူဘူးနော်"

"ရှင်"

"ဪ ... ဆည်းဆာက သဘောကောင်းပြီး အေးဆေးပုံရတယ်၊ ဟိုတစ်ယောက်ကတော့ အမြဲတမ်း စိတ်တိုနေတာပဲ"

"ခင်ရဲက စိတ်မတိုပါဘူး၊ စိတ်ကြီးတာပါ၊ သူ့စိတ်နဲ့ မတွေ့ရင် အဲဒီလိုပဲ လေသံမာမာနဲ့ ပြောတတ်တာ"





"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဆရာဝန်လုပ်မဲ့လူဆိုတာ သည်းခံတတ်ရမှာပေါ့၊ စကားပြောရင်လည်း နူးနူးညံ့ညံ့ ချိုချိုသာသာရှိရမယ်၊ ဒါမှ ရောဂါဝေဒနာ ခံစားရပြီး ပူပင်သောက ရောက်နေတဲ့ လူနာတွေအတွက် အားကိုးရာ ဖြစ်တော့မှာပေါ့"

"ခင်ရဲက တော်ပါတယ်၊ စာမေးပွဲတိုင်းမှာ ဂုဏ်ထူးတစ်ခုတော့ အနည်းဆုံး ပါတာပဲ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း အပြည့်အဝရှိတယ်၊ သတ္တိလည်း ကောင်းတယ်"

"ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့က ဒါတွေချည်းပဲ လိုအပ်တာ မဟုတ်ဘူးလေ"

"ဆေးကုတာ တော်ဖို့က အခြေခံလိုအပ်ချက်ပဲဟာ၊ ဆက်ဆံရေးကောင်းဖို့ဆိုတာ နောက်မှ လိုက်လုပ်လည်း ရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ဆံရေးကောင်းတယ်ဆိုတာ လူတစ်ယောက်ရဲ့ ပင်

ဝီ၊ လိုက်လုပ်လို့မရဘူး၊ စာတော်အောင် ကြိုးစားဖို့ဆို

က လုပ်ယူလို့ရတာ"

တော်လောက်ပြီ။ ခင်ရဲရင့်အကြောင်း ဒီလော

ပြောရလျှင် တော်ပြီလို့ စွန်က တွေးလိုက်သည်။ တော်

စွန်က ခင်ရဲရင့်အကြောင်းကို တဖွဲ့တနွဲ့ ရှည်ရှည်လျားလျား

ပြောလိုက်တာများလို့ ကြဲဖန်ပြောနေကြဦးမည်။

နောက်တစ်ခုက သူ့ရင်ထဲ ဖျတ်ခနဲ ပေါ်လာသ

အတွေးတစ်ခု။

ဘာရယ်တော့ မဟုတ်။ ဆည်းဆာရောင် ဆိုသ

ကောင်မလေးနဲ့ ရင်းနှီးအောင် ပေါင်းထားမှဖြစ်မှာပဲ ဆိုသ

အတွေး။

ကောင်မလေး ကြည့်ရတာလည်း စွန်နဲ့ ရင်းနှီး

သည့်ပုံ။





ချွေ တိုးပွားခြင်းဆိုတာလည်း မင်္ဂလာတစ်ပါး

ပဲ။ တစ်ချိန်မှာ အမှတ်မထင် ဖြစ်ခဲ့ရသည့် မိတ်ဆွေသူငယ်ချင်း

တစ်ယောက်ဟာ ကြီးမားသော အထောက်အကူ ဖြစ်မလာဘူးလို့

မပြောနိုင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆည်းဆာ ဟိုတစ်ယောက်က ဘယ်လိုဖြစ်ပြီး နင်နဲ့ ရင်းနှီးသွားရတာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီးတော့ပါ"

"ကြာပြီလား"

"ဘယ်ကြာဦးမလဲ၊ ဆေးခန်းမှာ တွေ့ပြီး နောက်ပိုင်းမှ ဆိုတော့ တစ်ပတ်လောက်ပဲ ရှိဦးမှာ"

"အဲဒီလောက်ပဲ ရှိသေးတာကလည်း ငယ်ပေါင်းကြီးဖော် တွေ အတိုင်းပါလား"

"မဟုတ်ရပါဘူးဟယ်၊ ငါလည်း အံ့ဩနေတာ၊ ငါတို့ သိကြွတုန်းက ကြားလူ မိတ်ဆက်ပေးလို့ သာမန်လောက်

www.burmeseclassic.com

www.burmeseclassic.com



သိတာ၊ စကားလည်း စကာပဲ ပြောမိတာပါ၊ အဲဒါကိုပဲ သူက ဘာလို့ ဒီလောက်တရင်းတနှီးကြီး လာပြောနေလဲ မသိတော့ပါဘူး"

ခင်ရဲရင့်က ဆည်းဆာကို သေချာအောင် ပြန်ကြည့်လိုက်သည်။ ဆည်းဆာရဲ့ မျက်နှာကတော့ အပြစ်ကင်းသည့် ရိုးရိုးသားသား မျက်နှာကလေး။

ဟန်မဆောင်တတ်သော ဆည်းဆာဟာ ရင်းနှီးနေသူ တစ်ယောက်ကို မရင်းနှီးပါဘူးလို့တော့ ပြောမှာမဟုတ်။ ပြီးတော့ လွန်ခဲ့သည့် တစ်ပတ်ကမှ သူစိမ်းအဖြစ်နဲ့ ရှိနေသေးတာ သေချာသော လူတစ်ယောက်နဲ့ ဒီလောက်မြန်မြန်ကြီး တရင်းတနှီး ဖြစ်သွားရတာဟာလည်း ဆည်းဆာရဲ့ ပုံစံမဟုတ်။

ဒါဖြင့် ဟိုတစ်ယောက်က ရှိသင့်တာထက် ပိုပို သာသာကြီး လာလုပ်ပြနေတာပေါ့။

"ကြည့်ရတာ ဒီလူမရိုးသားဘူး"

"ဟုတ်ရဲ့လားဟယ်၊ လူပုံစံကတော့ ရိုးရိုးသားသားပါ"





"နင့်ထင်မြင်ချက်တွေများ ဘယ်တုန်းက မှန်ဖူးလို့လဲ၊ ကိုယ်တိုင်က သိပ်ရိုးသားနေတဲ့ လူတွေဟာ ဘယ်တော့မှ လူကဲခတ်ကောင်းတဲ့သူတွေ မဖြစ်နိုင်ဘူး"

"နင်ကျတော့ရော"

"ငါ ဝန်ခံပြီးသားလေ၊ ငါက ရာနှုန်းပြည့် ရိုးသားတဲ့သူ မဟုတ်ဘူး၊ ဒါကြောင့် မြွေမြွေချင်း ခြေမြင်၊ မရိုးသားတဲ့ သူတွေဆိုလည်း ကောင်းကောင်းသိတယ်"

"သူ့မှာ ဘာမရိုးသားစရာအကြောင်း ရှိလို့လဲ"

ခင်ရဲရင့်က ဆည်းဆာကို အံ့ရန်ကောဆိုသည့် ကြည့်မျိုးနဲ့ ကြည့်ကာ ...

"ယောက်ျားလေးတစ်ယောက်က သက်တူရွယ်တူ မိန်းကလေးတစ်ယောက်ကို အတင်းလိုက်ရင်းနှီးနေတာဟာ ဘာ ရည်ရွယ်ချက်ရှိရမလဲ၊ ပိုက်ဆံချေးဖို့လား၊ ထမင်းဘူးထဲ တင်းကောင်းကောင်းပါရင် နှိုက်စားဖို့လား"

"အဟိ ... ဒါတော့ ဘယ်သိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ပြောလိုက်ပြီဆိုလျှင်တော့ ဆည်းဆာလည်း သဘောပေါက်သလောက်ရှိကာ ရယ်ချင်ချင် ဖြစ်သွားရသည်။

စွန်ဟာ ဒီလိုမျိုးလား။ ဆည်းဆာကို ပာစ်ခါတွေ ဖူးရုံနဲ့ စိတ်ဝင်တစားတွေ ဖြစ်သွားကာ အတင်းကြီး ရင်းနှီး ဝင်ပစ်လိုက်တာလား။

ဘာကြောင့်မှန်းတော့မသိ။ ခင်ရဲ ပြောသည့် အ အထားမျိုးကို ဆည်းဆာက ကျေနပ်မိသလိုရှိသည်။

ဆည်းဆာဟာ ရုပ်ကလေး ကြည်လင်သန့်ရှင်း ချစ်စရာကောင်းသည့် မိန်းကလေးတစ်ယောက်ပါ။ စတက် ဆံပင်တိုလေးနဲ့ သိပ်မလိုက်ဖက်လှသော်လည်း ဝိုင်းစက် မျက်နှာကလေးဟာ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းစုစု၊ နှာခေါင် လုံးလုံးလေးတွေနဲ့တော့ အချိုးကျကာ အရုပ်ကလေးနဲ့တူသည်

ငါးပေသုံးလက်မ ဆိုသည့် အရုပ်ကလေးဟ ခင်ရဲရင့်နှင့် ယှဉ်တော့ အတော်သေးကွေး ပုဝင်နေသလို ထ သော်လည်း သူ့ဟာနဲ့သူတော့ အနေတော်ပင်။





တကယ်လို့သာ ဆည်းဆာဟာ ခင်ရဲရင့်ရဲ့ သူငယ်ချင်း မဟုတ်ခဲ့ဘူးဆိုလျှင်၊ ခင်ရဲရင့်နဲ့ပဲ တောက်လျှောက် မခွဲမခွာ တွဲဖက်မနေခဲ့ဘူးဆိုလျှင် သူဟာလည်း အထိုက်အလျောက်တော့ လူသိများ ထင်ရှားနိုင်သေးတာပင်။

အခုကျတော့ နေတစ်စင်းလို တောက်ပလင်းလက်လွန်းသော ခင်ရဲရင့် ဘေးမှာပဲ တောက်လျှောက် နေမိသည့်အခါကျတော့ လမင်းဘေးက ကြယ်ကလေးလို ဆည်းဆာရဲ့ အလှအပတွေဟာ မှေးမှိန်ခဲ့ရတာ။

ဆည်းဆာလောက်မှ မချောမလှသည့် ကောင်မလေးတွေတောင် နာမည်ကြီး လူကြိုက်များနေကြချိန်မှာ ဆည်းဆာကတော့ ခင်ရဲရင့်ရဲ့ လွှမ်းမိုးမှုကြောင့် ဘယ်သူမှ သတိမထားမိသော တိမ်တိမ်မြုပ်မြုပ် ဘဝကလေးကို ရောက်နေရတာ။

ခုထက်ထိ ဆည်းဆာကို ကြိုက်လှပါချည်ရဲ့ဆိုသော ယောကျာ်းလေးတစ်ယောက်မှ မပေါ်သေးတာဟာ ထူးပေမဲ့ သိပ်တော့ ဆန်းလှသည့်ကိစ္စတစ်ခု မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာကိုယ်တိုင်ကလည်း ခင်ရဲရင့်ရဲ့ တောက်ပထင်ရှားမှုကို မကျော်လွှားနိုင်လို့ ယောက်ျားလေးတွေရဲ့ သတိထားစိတ်ဝင်စားခြင်းကို မခံရသည့်အဖြစ်အပေါ် ဘယ်လို ခံစားချက်မှ မရှိ။

ဒါပေမဲ့ ယောက်ျားလေးတစ်ယောက်က ခင်ရဲရင့်ကို ကျော်လွှားပြီး ကိုယ့်အပေါ်မှ အာရုံစိုက်လာမိပြီဆိုသည့်အခါ မိန်းကလေးပီပီ ကျေနပ်ပီတိလေးတော့ ဖြစ်မိသလိုလို။

"မိန်းမ မျက်နှာက ပြုံးလဲ့လဲ့နဲ့၊ ဘာတွေ စဉ်းစားနေတာလဲ"

"ဟာ … ဘာမှ မစဉ်းစားပါဘူး၊ ပြုံးလည်း မပြုံးပါဘူး"

"နင့်စိတ်ထဲ မပြုံးဘူးထင်နေပေမဲ့ နင့် မျက်နှာက ပြုံးနေတယ်လေ၊ အဲဒါ မသိစိတ်ထဲက ကျေနပ်နေတာကို ပြတာပေါ့"

ပါးနပ်လိုက်တဲ့ ခင်ရဲရင့်။ ကိုယ်တိုင်တောင် သေချာ မသိသေးတဲ့ စိတ်ထဲက ခံစားချက်ကို သူက အတတ်ဖမ်းနိုင်သတဲ့။





"သတိလည်းထားဦးနော်၊ အဲဒီတစ်ယောက်ကို ငါတော့ သိပ်မယုံကြည်လှဘူး၊ သူ့ကြည့်ရတာ လည်မဲ့ဉာဏ်များမဲ့ပုံ"

"ငါ့လို တုံးတာထက်စာရင်တော့ လည်တာက ပိုကောင်းတာပေါ့"

"ဟဲ့ … နင်က ငတုံးမို့ လူလည်နဲ့ မဖြစ်စေချင်တာပေါ့ ဟဲ၊ ဟိုက နင့်ကို လက်ညှိုးပေါ်တင်ပြီး လှည့်လှည့်သွားတော့ နင် ဘယ်လို လုပ်မလဲ"

"ကိုယ်ညံ့လို့ ခံရတာဆိုရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ဟော … ကြည့်စမ်း၊ အခုတည်းက ဒီလောက်တောင် တွေးထားပြီးပြီ၊ ဆည်းဆာရယ် နင့်အတွက် ငါ စိတ်ပူလိုက်တာ"

ရိုးသားဖြူစင်လှသော သူငယ်ချင်းမကလေးရဲ့ (ကာယကံရှင်ကိုယ်တိုင်တောင် သတိမထားမိပေမဲ့) စပ်ပြုံးပြုံး ဖြစ်နေသော မျက်နှာလေးကို ကြည့်ရင်း ခင်ရဲရင့်ကတော့ ဘာတွေကိုမှန်း မသိဘဲ ကြိုတွေးမှုပင်နေမိလေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ လာနေပြီ"

ခင်ရဲရင့်က တစ်ခွန်းတည်း ခပ်ပြတ်ပြတ် ပြောလိုက်ပြီးလျှင် မျက်နှာကိုပါ ဆတ်ခနဲ လွှဲပစ်လိုက်သည်။

ဘာကြောင့်မှန်းတော့မသိ။ စွန်ဆိုသည့်လူ ဆည်းဆာထဲ ရောက်ရောက်လာလျှင် ခင်ရဲရင့်က အလိုလိုနေရင်းနဲ့ကို စိတ်တိုနေတတ်သည်။

စွန့်ကို မရိုးသားဘူး၊ လည်မွှတ်ပါးနပ်သည် ထင်လို့ပဲ ရိုးသားဖြူစင်သော ကိုယ့်သူငယ်ချင်းလေးနဲ့ သဘောမတူနိုင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း သိပ်တော့ အဓိပ္ပာယ် မရှိပါဘူး။ လူတစ်ယောက်ဟာ လည်ပတ်ပါးနပ်ရုံနဲ့တော့ သူ့ရဲ့ အချစ်က မစစ်ဘူး၊ သူ့ရဲ့ စိတ်ဓာတ်က မမှန်ဘူးလို့ ပြောလို့မှ မရတာ။

လည်ပတ်ခြင်း၊ ပါးနပ်ခြင်းဆိုတာတွေဟာ လူတစ်ယောက်ရဲ့ ပင်ကိုအရည်အချင်းတွေ။ ကောင်းသည့်နေရာမှာပဲ အသုံးချမည်ဆိုလျှင် လူတိုင်းမှာ ရှိသင့်သော အရည်အချင်းကောင်းတွေလို့တောင် ပြောလို့ရသေးသည်။ အဲဒီအရည်အချင်းတွေအတွက် အနုတ်လက္ခဏာ ဖြစ်လာစရာ အကြောင်းကိုမရှိ။

သူ့ရဲ့ သည်းသည်းလှုပ်ဖြစ်လွန်းသော ပုံစံကြောင့်ပဲ အမြင်ကတ်မိတာလား။

အဲဒီစွန်ဆိုတဲ့ တစ်ယောက်ဟာ အံ့သြစရာလည်း ကောင်းပါရဲ့။ သူ့ပုံစံနဲ့ မလိုက်ဖက်လောက်အောင်ပဲ ဆည်းဆာအပေါ် အလိုက်သိ၊ အကြိုက်ဆောင်တတ်လိုက်တာ။

ခင်ရဲ့ရှင်နဲ့ ပြောဆိုဆက်ဆံသမျှတော့ စွန်ဟာ မျက်နှာထား တင်းတင်းနဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ပဲ





မဝင်စားတတ်သလိုလို၊ မာနပဲကြီးနေသလိုလို၊ ယောကျ်ားဆိုသည့် ဂုဏ်ပုဒ်ကြီးနဲ့ ကျောပဲကျောချင်နေသလိုလို။ အို ... မြင်မှုးသမျှ ယောကျ်ားတွေထဲမှာ မှန်းစရာအကောင်းဆုံး။

သူလို ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို နူးညံ့သိမ်မွေ့စွာ၊ အလိုလိုက် အကြိုက်သိစွာ အောက်ကျနောက်ကျခံစွာ ချစ်တတ်လိမ့်မယ်လို့များ ဘယ်သူက ထင်မှာလဲ။

အောင်မယ်။ ကိုယ့်လူကလည်း မခေဘူးနော်။ စွန်က သူ့ကို အလိုက်သိကြင်နာပြလေလေ၊ သူကလည်း ကျေနပ်ပီတိ ဖြစ်နေသည့်ပုံကြီးနဲ့။ တစ်ခါတစ်ခါများ ဂုဏ်ယူဝင့်ကြွားလို့တောင်နေလိုက်သေး။

ကိုယ့်သူငယ်ချင်းကိုလည်း အမြင်ကတ်မိပါရဲ့။ မမြင်ဖူး မူးမြစ်ထင်။ ယောကျ်ားလေးတစ်ယောက်က သည်းသည်းလှုပ်ပြတာနဲ့ပဲ သူ့မှာ မိုးမမြင်လေမမြင်တွေ ဖြစ်နေလိုက်ရတာလေ။

"ဘယ်မှာလဲဟင် ... ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာက ပျာပျာသလဲ လိုက်ရှာသည်။

အဲဒီဆည်းဆာတစ်ယောက်ဟာ မျက်စိကို မှိတ်သည်။ ဒါမှမဟုတ် ခင်ရဲရင့်ကပဲ စွန့်ကိုဆို အမြင်စူးစူးရှရှနဲ့ မြင်တတ်လေသလားမသိ။ စွန်မို့ လာပြီဆိုလျှင် ခင်ရဲရင့်ကပဲ အရင်မြင်ရတတ်ပြီး ဆည်းဆာကတော့ နောက်မှ တွေ့ရတတ်မြဲ။

"ဟိုမှာလေ၊ ကင်တင်းအဝတောင် ရောက်နေပြီ၊ ရုပ်နီညိုရောင်နဲ့"

"ဩော် ... ဟုတ်သားပဲ၊ သူ့အင်္ကျီအရောင်က ရင့်နေတော့ လူတွေကြားထဲရောပြီး ပျောက်နေတာ"

သူမတို့ရဲ့ ကင်တင်းဟာ ကျဉ်းမြောင်းသေးကွေးပြီး ကျောင်းသားတွေဟာ အားလပ်ချိန်မှာ ဒီနေရာကလေးမှာပဲ စုပြုံအားပေးကြရတာမို့ ကင်တင်းလေးဟာ အမြဲပြည့်သိပ်ကျပ်ညပ်နေတတ်သည်။ အပေါက်ဝမှာဆိုလည်း ဝင်သူ၊ ထွက်သူ၊ ထိုင်စားသူ၊ စားစရာမှာသူ၊ ရပ်စကားပြောသူတွေနဲ့ ပိတ်ဆို့နေတတ်မြဲ။

စွန်ဟာလည်း တံခါးပေါက်ကျဉ်းကျဉ်းနားက လူအုပ်ကြားထဲ ပိတ်ကာ ရှေ့တိုးဖို့ အတော်ကြာနေသည်။





ထိုအချိန်ကလေးအတွင်းမှာ ခင်ရဲရင့်နှင့် ဆည်းဆာတို့ နှစ်ယောက်သား တိုးတိုးကြိတ်ကြိတ် ရန်ဖြစ်ခွင့်ရနေတာပင်။

"ဒီအင်္ကျီ သူ တစ်ခါမှ မဝတ်ဖူးပါဘူး၊ အသစ်ထင်တယ်"

"ဘာလဲ ... သူ့အင်္ကျီတွေအားလုံး နင့်ဆီမှာ မှတ်ပုံတင်ထားရတာလား ဟုတ်လား"

ခင်ရဲရင့်က တမင်တကာ ရွဲ့ပြောလိုက်တာဖြစ်သည့်အိုင် ဆည်းဆာက ရှက်စနိုးရပ်လေးနဲ့ ...

"ဒီလောက်တော့လည်း မဟုတ်သေးပါဘူးဟာ"

"အောင်မယ် ... ဒီလောက်ဟုတ်ချင်နေသေးတယ်ပေါ့လေ"

"နင်ကလည်း"

"ဆည်းဆာ ... နင်တို့နှစ်ယောက်က ဘာလဲ၊ ကြိုက်နေကြတာ မဟုတ်သေးဘူးလား"

"မကြိုက်သေးပါဘူး"

"အဖြေပေးမယ်ဆိုလည်း မြန်မြန်ပေးလိုက်တော့လေ၊ ဘာလို့ မူနေသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဆည်းဆာ မျက်နှာကလေး တည်သွားကာ ...

"အဖြေပေးလို့ မရသေးဘူးဟ"

"ဘာဖြစ်လို့လဲ၊ ငါ သိသလောက်တော့ နင့်အိမ်က အသက် ဘယ်လောက်ကျမှ ရည်းစားထားရမယ်လို့ ကန့်သတ်မထားပါဘူး မဟုတ်လား၊ ဒါမှမဟုတ် ဖေဒင်ဆရာက ဒီအရွယ်မှာ ရည်းစားထားလို့မရသေးဘူးလို့ ပြောထားလို့လား"

"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

ဆည်းဆာက (သနားစရာကောင်းသော အပြုံးလေး) ပြုံးကာ ...

"မဖြေသေးဆို သူက မေးမှ မမေးသေးတာကိုး"

"ဟေ"

ခင်ရဲရင့်က ဘာမှ ပြန်မပြောနိုင်ဘဲ တအံ့တဩ ဖြစ်သွားရသည်။





မမေးရသေးဘူး ... တဲ့။

စွန်ဟာ ဆည်းဆာဆီကို နေ့တိုင်းလာနေတာ။ ရောက်တိုင်းလည်း လက်ဆောင်တစ်ခုခုဖြစ်စေ၊ စားစရာပဲဖြစ်စေ ဝယ်လာပေးတာ။ ဆည်းဆာ မျက်နှာလေးကို တငေးငေး စိုက်ကြည့်ပြီး စကားတွေ မမောတမ်း ပြောလည်းပြောတတ်သေးရဲ့။

သူ့ပုံစံကြီးဟာ ဒီလောက်သိသာနေတာ။ ပြောရမယ်ဆိုရင် ခင်ရဲရင့်တောင်မှ ကြိုက်မဲ့လူဒီလောက်များပါလျက် ဘယ်ယောက်ျားလေးကမှ စွန်က ဆည်းဆာအပေါ် အရေးတယူရှိသလောက် မရှိခဲ့ဖူး။ အဲဒါတောင်မှ သူက ဆည်းဆာကို ချစ်ကြောင်း ဖွင့်မပြောရသေးဘူးတဲ့။

ဆည်းဆာများ နောက်ပြောင်နေတာလားလို့ ကြည့်လိုက်တော့လည်း မျက်နှာလေးကအတည်။ တည်နေသည့်အပြင် ထိုအဖြစ်အတွက် စိတ်ညစ်စိတ်ပျက်နေဟန်နဲ့ ခပ်မှုန်မှုန်ကလေးတောင်မှ ဖြစ်နေသေးသည်။

ဒါဆို တကယ်ပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဩစရာ ကောင်းလိုက်တာ။ တရုတ်ကားထဲက စကားလုံးကို ယူသုံးရလျှင် "ဒီလိုအဖြစ်မျိုးလည်း ရှိသေးသလား" လို့ ပြောရမှာပင်။

စွန်ဟာ ဘာရည်ရွယ်ချက်နဲ့ ဆည်းဆာကို ဖွင့်မပြော ရသေးတာလဲ။

သူဟာ ဆည်းဆာကို ကြိုက်လို့ ပူးကပ်ဝင်လာတာ မှန်း သိသိသာသာပုံကြီးနဲ့ ရောက်လာတာမို့ သူငယ်ချင်းစည်းကို မဖောက်ရဲတာတို့၊ စိတ်ဆိုးသွားမှာစိုးတာတို့လည်း မဖြစ်နိုင်။ သူ့အခြေအနေ အဆင့်အတန်းနဲ့ဆို ဂုဏ်ရည်ချင်း မတူလို့ အနစ်နာခံကာ မျိုသိပ်နေတာမျိုးလည်း မဖြစ်နိုင်။

နောက်ထပ်မေးခွန်းတစ်ခု မေးဖို့ ပြင်လိုက်ပေမဲ့ အချိန်မရတော့။ စွန်က လူအုပ်ကို ဖြတ်ကျော်ကာ အနားကို ရောက်လာပြီ။

"မနက်ဖြန် ပက်သိုစာမေးပွဲရှိတယ်ဆို၊ စာမကျက်ဘဲ ဘာထိုင်လုပ်နေတာလဲ"





စွန်က ဆည်းဆာကို ရည်ရွယ်ပြီး ပြောလိုက်တာပါပဲ။ ဒါပေမဲ့ ခင်ရဲရင့်က ဆတ်ခနဲနေအောင် ဒေါသထွက်သွားရသည်။

စာမကျက်ဘဲ ဘာထိုင်လုပ်နေတာလဲ ဆိုတော့ သူ့လူက စာကျက်ချင်တာကိုပဲ ခင်ရဲရင့်က ဖျက်ဆီးပြီး အပြင် ခေါ်ထုတ်ထားတာလိုလို။

သူ့သဘောထားက ဒီလိုဟုတ်လား မဟုတ်လား တော့ မသိ။ ခင်ရဲရင့်ကတော့ ကိုယ့်ကို တမင်ပြောလိုက်တာလို့ပဲ ယူဆလေသည်။

ဒေါ်ဆည်းဆာကတော့ ကိုယ့်သူငယ်ချင်းကို ထိခိုက် သွားမလား ဘာလားတောင် မတွေးနိုင်။ ဟိုက အပြစ်တင်လိုက် တာနဲ့ ပျာပျာသလဲတွေ ဖြစ်ကာ ...

"ကျက်မှာပါ၊ ကျက်နေတာပါ၊ အခုက ဗိုက်ဆာလို့ မုန့်ဟင်းခါး ထွက်စားကြတာ"

"မုန့်ဟင်းခါး မစားနဲ့လေ၊ စာမေးပွဲဖြေကာနီး ဗိုက်ပူအောင့် နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီ။ နှစ်ယောက်အတူ စားချင်လို့ စားကြသည့် အစားအသောက်တစ်ခုကို သူက ရွံရှာစရာတစ်ခုသဖွယ် ရှုတ်ချနေတော့ ကျန်သည့် လူတွေက ဘယ်လိုလုပ်ရတော့မလဲ။

"ကျောင်းက မုန့်ဟင်းခါးက သန့်ပါတယ်၊ ဆေးကျောင်းမှာရောင်းတဲ့ မုန့်ဟင်းခါးပဲဟာ၊ မသန့်ဘဲ နေပါ့မလား၊ မီးအမြဲထိုးပြီး အငွေ့တထောင်းထောင်းနဲ့ပါ"

"မသန့်တာကို ပြောတာ မဟုတ်ဘူး၊ ဗိုက်နဲ့ မတည့်မှာကို စိုးတာ၊ မုန့်ဟင်းခါးဆိုတာ ပဲတို့၊ ပဲမှုန့်တို့နဲ့ ချက်ရတာဆိုတော့ တစ်ခါတလေ ဝမ်းတွေဘာတွေ လျှောတတ်တယ်၊ စာမေးပွဲမှာ ဝမ်းလျှောနေတော့ ဘယ်လိုလုပ်မလဲ"

သူကပဲ ဆေးကျောင်းသူဆရာဝန်လောင်းထက် ပိုသိနေရသေး။

စွန့်ကို ခင်ရဲရင့် မကြိုက်တာတစ်ခုက စကားပြောလျှင် နိုင်ထက်စီးနင်း လေသံကြီးနဲ့ လူကို သူပဲ အပိုင်လိုလို၊ သူ့လက်အောက်ငယ်သားလိုလို၊ သူ ပြောသမျှ နာခံရမှာလိုလို ဆက်ဆံတတ်တာပင်။





ဆည်းဆာကတော့ ဒါဟာပဲ သူမတို့နှစ်ယောက်ကြားက အမည်တပ်မရသည့် ရင်းနှီးမှုတစ်ခုအဖြစ်နဲ့ ကြည်နူးကျေနပ်နေသေးတော့တာ။

"အင်းပါ ... အင်းပါ ... နောက်မစားတော့ပါဘူး"

"ရော့ ... ဒီမှာ"

"ဘာတွေလဲဟင်"

စွန့် လက်ထဲက ကြွပ်ကြွပ်အိတ်ကို ဆည်းဆာက စိတ်ဝင်တစားလေး လည်တိုင်ဆန့်ပြီး ကြည့်လိုက်သည်။

စွန် ဝယ်ပေးသည့် လက်ဆောင်ပစ္စည်းတို့၊ စားစရာတို့ဟာ တစ်ခါတလေ ဈေးကြီးတာပါတတ်ပေမဲ့ များသောအားဖြင့် လူတိုင်း ဝယ်သုံးနိုင်သည့် ခပ်ပေါပေါကလေးတွေပါ။

ဒါပေမဲ့ ဆည်းဆာကတော့ ဒါဟာ သူမအပေါ်ထားသည့် စွန့်ရဲ့ ဂရုစိုက်မှုကို ဖော်ပြသည့် အထိမ်းအမှတ်ပစ္စည်းကလေးတွေအဖြစ်နဲ့ အလွန်မှပဲ တန်ဖိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာကျက်ရင်း အဆာပြေ အိပ်ချင်ပြေ စားဖို့လေ၊ ဆီးထုပ် မရန်းပြား၊ ရှောက်သီးဆေးပြား၊ အာလူးကြော်၊ နေကြာစေ့ ဖရုံစေ့၊ ဗွတ်မောနင်း ခရင်မ်ရိုးလ်"

"ဆီးထုပ်တွေစားရင် သန်ထနေဦးမယ်နော်၊ အာလူးကြော် ကလည်း ဆီမသန့်ရင် လည်ချောင်းနာတတ်တယ်"

ခင်ရဲရင့်က မနေနိုင်စွာ တစ်ခွန်းဝင်ပြောပစ်လိုက် သည်။

ဟုတ်တယ်လေ။ သန့်သန့်ရှင်းရှင်း ချက်ပြုတ် လုံလုံခြုံခြုံထားသည့် အငွေ့တထောင်းထောင်း မုန့်ဟင်းခါးကို စားတာကျတော့ ဘာဖြစ်သလေး ညာဖြစ်သလေး ပြောချင်သေး တာ။ သူလှူပေးသည့် အစားအသောက်တွေကိုလည်း ပြန်ပြီး ဝေဖန်ပစ်လိုက်တာပေါ့။ မကောင်းဘူးလား။

ဒီလို ဝင်ပြောလိုက်ခြင်းဟာ 'ခင်ရဲရင့်'ဆိုသည့် မိန်းကလေးတစ်ယောက်ရဲ့ ပင်ကိုဗီဇနဲ့မတူသော်လည်း မတတ်နိုင် မျက်စိရှေ့လာပြီး အကဲပါပြနေရုံတင်မက သူများကိုပါ စောင်းရွဲ့





တိုက်ခိုက်ချင်သည့် သဘောသက်ရောက်နေတာကြီးကို ဒီလိုပဲ တုံ့ပြန်ရမည်။ ဒါမှ သူ မခံချင်ဖြစ်ပြီး ကိုယ်ချင်းစာတတ်မှာ။

ခင်ရဲရင့်က စွန်တော့ စိတ်တိုသွားလိမ့်မည်လို့ မျှော်လင့်ထားသည်။ သို့သော် စွန့်ရဲ့ တုံ့ပြန်မှုက မခံချင်စရာ။

ခင်ရဲရင့် ပြောလိုက်သည့် စကားဟာ သူနဲ့ ပတ်သက် နေသည့် စကားရယ်လို့ ခေါင်းထဲတောင်မရှိသည့်ပုံနဲ့ လုံးဝကို လှည့်လည်းမကြည့်။ အနေအထားလည်း ပြောင်းမသွား။ သူ့ ဆည်းဆာထံ ကြည့်ထားသည့် အကြည့်ကို တစ်ချက်ကလေးမှ နေရာမရွှေ့စေ။

ဒီလိုမြင်ကွင်းမျိုး လူစည်ကားရာ ကင်တင်းထဲမှာ ဖြစ်ပေါ်နေတာဟာ ခင်ရဲရင့်အတွက်တော့ (ကြံဖန် တွေးတတ်သည် ပဲဆိုဆို) ခံရခက်ချင်စဖွယ်ပင်။

ကြည့်လေယောကျ်ားတစ်ယောက်ဟာ ဆေးကျောင်း မှာသာမက တက္ကသိုလ်အားလုံး ... အို ... အပြင်လောကမှာပါ လူသိများ ထင်ရှားလှသော ခင်ရဲရင့်ဆိုသည့် အပျော်ဂုဏ်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘေးထားလျက် မထင်မရှား ရုပ်ရည်အားဖြင့် ခင်ရဲရင့်ထက် အများကြီး နိမ့်သော မိန်းကလေးတစ်ယောက်ကို တယုတယ တဝေးစိုက်စိုက် ကြည့်နေတာကို သူများတွေ မြင်သွားလျှင် အရှက်ကွဲချင်စရာကြီး မဟုတ်လား။

အို ... မဟုတ်သေးပါဘူး။

သူမ ဘာကြောင့်များ ဒီလို အတွေးမျိုး ဝင်မိပါလိမ့်။

ဆည်းဆာဟာ သူမရဲ့ အချစ်ဆုံး သူငယ်ချင်း။ ယောက်ျားလေးတစ်ယောက်က ဆည်းဆာကို အမြတ်တနိုး တန်ဖိုးထားဂရုစိုက်တာကို ခင်ရဲရင့် အနေနဲ့ ကျေနပ်ဝမ်းမြောက်ပေးဖို့ပဲ ရှိတာ။

အခု ဖြစ်ပေါ်နေသည့် စိတ်ဟာ မနာလိုစိတ်လား။

မဖြစ်သင့်လိုက်တာ။ တော်ပြီ။ တော်ပြီ။ ရှက်ဖို့ကောင်းလှတဲ့ ဒီခံစားချက်ကို အမြန်ဆုံး ဖျောက်ပစ်မှ ဖြစ်တော့မည်။

✧ ✧ ✧





"စွန်က အရမ်းအပင်ပန်းခံနိုင်တာပဲနော်၊ ကိုယ်နဲ့ မဆိုင်တဲ့ စာအခက်ကြီးတွေ လိုက်ကျက်ပေးနေရတာ စိတ်မညစ်ဘူးလား"

ရောဂါဗေဒ ဘာသာရပ်ကို ကောင်းကောင်း မလိုက်နိုင်သည့် ဆည်းဆာကို စာကျက်ရတာ မပျင်းအောင်ဆိုပြီး စွန်က အဖော်လိုက်ကျက်ပေးနေတာ။

ကိုယ်နဲ့ မရင်းနှီးသော၊ အသံထွက်လည်း ခက်လှသော စာတွေကို ခဲခဲယဉ်းယဉ်း လိုက်ကျက်နေရသော စွန့်ကို ဆည်းဆာက သနားလည်းသနား၊ ကျေးဇူးလည်း တင်လိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဆည်းဆာကို တရားဝင် ဖွင့်မပြောရသေးပေမဲ့ သူ့ရဲ့ ကြင်နာတတ်သော၊ အလိုက်သိတတ်သော အပြုအမူတွေဟာ ဒီလောက် သိသာထင်ရှားနေတာ။

ဆည်းအာတို့နှစ်ယောက်ဟာ အမည်နာမ တိတိကျကျ တပ်မထားပေမဲ့ ချစ်သူတွေလို့ပဲ ယူဆလို့ရသည် မဟုတ်လား။

သူကတော့ ဘယ်လိုနေသည်မသိ။ ဆည်းဆာကတော့ စွန့်ဟာ ကိုယ့်ချစ်သူပဲလို့ ထင်ယောင်ထင်မှား သတ်မှတ်လို့ထားမိပြီ။

"ပညာဒါနပြုတဲ့သဘောပေါ့၊ တို့ လိုက်ကျက်ပေးလို့ ဆည်းဆာ စာမေးပွဲအောင်သွားတယ်ဆိုရင် တို့လည်း အလိုလို ကုသိုလ်ရတာပေါ့"

ရယ်ချင်စရာ။

ဘယ်သူကများ ကုသိုလ်ရဖို့တစ်ခုတည်းအတွက်နဲ့ ဒီလောက် အပင်ပန်းခံမှာလဲနော်။





ဒါပေမဲ့ မပြောတော့ပါ။ ပြောလိုက်လျှင် စွန့်က ရှက်သွားမှာ။

ခုထက်ထိ သူ့သဘောထားကို ဖွင့်မပြောသေးတာဟာလည်း စွန့် ရှက်လို့များလား မသိ။

ဆည်းဆာကတော့ ဘယ်အခါမဆို ဖြည့်တွေးပေးပြီးသားပင်။ စွန့်အပေါ်မှာလည်း ရာနှုန်းပြည့် စိတ်ချယုံကြည်ပြီးသားပင်။

"ကဲ ... ဘာမှ ငေးမောတွေးတောမနေနဲ့၊ ကျက်မယ်၊ ကျက်မယ်၊ အမယ်လွှိုက်ဒိုစစ်အကြောင်း ပြန်ပြောကြမယ်"

"သိပ်မရသေးဘူး"

"နှစ်ခေါက်တောင် ပြန်ဖတ်ထားတာကို မရသေးဘူးလား၊ ကျက်ပြီးသားဆို ပြန်နွေးရုံပဲဆို"

"ကျက်ပြီးသားပေမဲ့ ကြာတော့ မေ့ပြီး အသစ်ပြန်ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နောက်တစ်ခေါက် ပြန်ဖတ်၊ ရတယ်၊ တစ်ခေါက် မကဘူး မရမချင်း ပြန်ဖတ်၊ အဲဒါပြီးရင် ခဏနားမယ်၊ ရွှေပုစွန်မှာ ပူတင်း လိုက်ကျွေးမယ်"

"ဟယ် ... တကယ်"

"တကယ်ပေါ့၊ ကောင်းကောင်းဖြေနိုင်မှနော်၊ မဟုတ်ရင် ဆည်းဆာက ပြန်ကျွေးရမှာ"

နှစ်ယောက်သား တတွတ်တွတ်နဲ့ ပြောနေဆိုနေကြတာကို ခင်ရဲရှင့်က အဝေးကနေ လှမ်းကြည့်နေမိသည်။

ရင်ထဲမှာတော့အလိုမကျသလိုလို၊ ဝမ်းနည်းသလိုလို။

ခင်ရဲရှင့်ဟာ စာကျက်လျှင် တစ်ယောက်တည်း ကျက်မှ အားရတတ်သူမျိုးပါ။ ဘေးမှာ လူတစ်ယောက် ရှိနေရင်ကို စာကျက်ရတာ အနှောင့်အယှက်ဖြစ်သလိုလို ခံစားရတတ်တာ။

ဒါပေမဲ့ အားလပ်သည့်အချိန်တွေမှာ စာအုပ်တစ်အုပ်ရှေ့ချကာ ဆည်းဆာနဲ့ စာအကြောင်း ဆွေးနွေးတာတွေတော့ ရှိတတ်သည်။ အခုလိုမျိုး စာမေးပွဲနီးသည့်အချိန်တွေမှာပေါ့။





အခုကျတော့ ဆည်းဆာက စွန်နဲ့ စာတွေ အတူတူကျက်လို့။ ခင်ရဲရှင့်တစ်ယောက်တည်း ပဲ့ထွက်ကာ အထီးကျန်ဆန်နေရတာ။

အထီးကျန်ခြင်းဆိုတဲ့ အဖြစ်ကို ကြောက်ရွံ့တတ်သူ မဟုတ်ပေမဲ့ လူတွေရှေ့မှာတော့ တစ်ယောက်တည်း ဖြစ်နေတာကို ရှက်သလိုလို၊ အားငယ်လာသလိုလို။

ခင်ရဲရှင့် နောက်ကို တကောက်ကောက် လိုက်ကြသည့် ယောက်ျားလေးတွေ အများကြီး ရှိပေမဲ့ ဘာပြဿနာမှ မဖြစ်။

စွန် ပေါ်ပေါက်လာတော့မှပဲ ခင်ရဲရှင့်နဲ့ ဆည်းဆာတို့ကြားမှာ အဟန့်အတား၊ အနှောင့်အယှက် ဖြစ်လာရတာ။

မုန်းလိုက်တာ။

ကိုယ့်ခံစားချက်ဟာ သဘာဝမကျလှဘူး၊ မဖြစ်သင့်ဘူးဆိုတာ သိနေပေမဲ့လည်း ခင်ရဲရှင့်က ဖျောက်ဖျက်ပစ်လို့မရနိုင်ချေ။

www.burmeseclassic.com



တခြားသူငယ်ချင်း အုပ်စုတွေထဲမှာလည်း တစ်ယောက်က ရည်းစားရသွားတာမျိုး ရှိတော့ရှိတတ်တာပေါ့။ ဒါပေမဲ့ အဲဒီရည်းစားဟာ သူငယ်ချင်းအုပ်စုထဲဝင်ပြီး ရင်းနှီးရောနှောနေတတ်တာ။

အမြဲတစေ မဟုတ်လျှင်တောင်မှ တစ်ခါတစ်ရံတော့ အတူသွားလာစားသောက်တာမျိုး၊ တရင်းတနှီး ခေါ်ပြောဆက်ဆံတာမျိုးတော့ ရှိတတ်တာ။

စွန်ကျတော့ လွန်ကိုလွန်သည်။ နှစ်ယောက်တည်း မခွဲတမ်း တွဲနေကြသည့်အထဲက သူငယ်ချင်းတစ်ယောက်ကို လာကြိုက်ပြီးတော့မှများ နောက်တစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်ဖို့ မစဉ်းစားဘဲ သီးသန့်ခွဲထုတ်သွားတာ။

သူဟာ ကိုယ့်ကိုများ တမင်သက်သက် တိုက်ခိုက်နေတာလားလို့တောင် သံသယဝင်ချင်လာပြီ။

သူတို့နှစ်ယောက်ကြားကို ပတ်ပတ်သက်သက် သွားမဝင်ချင်ပေမဲ့ မဖြစ်သည့်အကြောင်းက ပေါ်လာပြီ။





စာမေးပွဲအတွက် အရေးကြီးသည့် စာတွေကို ဆရာမဆီက တောင်းလို့ရလာခဲ့တာ။ မနက်ဖြန်က စာမေးပွဲဆိုတော့ အခု မပြောလျှင် မဖြစ်တော့။

"ဆည်းဆာ"

"ကျွေးပါတယ်နော်၊ ဆည်းဆာက ကတ်စေးနှည်းပါဘူး"

"နှည်းပါတယ်၊ ဟိုတစ်ခေါက်က ထမင်းဘူး၊ ဖွင့်စားမယ်ဆိုတော့ ဘာဖြစ်လို့ မကျွေးတာလဲ"

"အိုး ... အဲဒီတုန်းက ထမင်းဘူးထဲမှာ ကြက်ဟင်းခါးသီးချက်တစ်မျိုးတည်းပါလို့ ရှက်လို့ဥစ္စာ"

"ဘာဖြစ်လဲ၊ ဆည်းဆာတောင် စားသေးတာ၊ တို့လည်း စားလို့ရတာပေါ့"

"ဆည်းဆာ"

အောင်မယ်။ သင်းတို့ဂ၊ နှစ်ယောက်တည်း ကမ္ဘာ[illegible]ည်ဆောက်နေလိုက်ကြတာ၊ ဒီက တစ်ခွန်းပြီးတစ်ခွန်း ခေါ်တာ[illegible]င် မကြားတော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်က စိတ်တိုတိုနဲ့ ဆည်းဆာရဲ့ ကျောပြင်ကို စာအုပ်ထူတစ်ထပ်ကြီးနဲ့ ပိတ်ရိုက်ပစ်လိုက်ကာ ...

"ဆည်းဆာ ... ငါ ခေါ်နေသံတောင် မကြားတော့ဘူးလား"

"ဟဲ့ ... ခင်ရဲ ... ဘယ်က ရောက်လာတာလဲ"

"နှင့်ဘေးနားကပဲ ဖြစ်လာတာ"

"ဩော် ... အေး ... ငါ စကားပြောနေရင်းနဲ့မို့ မမြင်လိုက်ဘူး"

ဆည်းဆာက မျက်နှာချိုသွေးလိုက်တော့မှပဲ ခင်ရဲရင့်ကလည်း ပိုလို့စိတ်တိုသွားသည်။

ဟွန်း ... မိန်းမ။ မျက်နှာကိုက မချိုမချဉ် ဖြီးဖြီးနဲ့။

နဂိုက တည်ရုံသာတည်သော ခင်ရဲရင့်ရဲ့ မျက်နှာဟာ စွန် ပေါ်ထွက်လာပြီးတော့မှပဲ အမြဲတမ်း မှုန်ကုပ်၊ ပုပ်နေသော အဆင့်ကို ရောက်လာတော့သည်။





"ငါက နှင့်ကို စေတနာနဲ့ လိုက်ရှာနေရတာ၊ နှင်ကတော့ ငါ့ကို ဒီလောက် ပြုံးပြုံးပြိပြိကြီး လျှောက်လာတာတောင်မှ မြင်ဖော်မရဘူး"

"အေးပါဟယ်၊ ငါ တောင်းပန်ပါတယ်၊ ပြော ... ငါ့ကို လိုက်ရှာတယ်ဆိုတာ ဘာကိစ္စလဲ"

"တော်ပြီ၊ မပြောတော့ဘူး၊ ကိုယ့်ဘာသာသိအောင်ပဲ စုံစမ်းတော့"

"ပြောပါ ခင်ရဲရယ်၊ နှင်ကလည်း စိတ်မတိုပါနဲ့"

"ဆရာမ ပေးတဲ့အရေးကြီးတာတွေ နှင်များ လိုချင်မလားလို့"

"ဟယ် ... လိုချင်တာပေါ့၊ ပေး ... ပေး ... ဘယ်မှာလဲ"

ခင်ရဲရင့်က အိတ်ထဲက အဆင်သင့်ပါလာသော စာအုပ်ကို ထုတ်ပေးတော့ဖို့ ကြံလိုက်ပြီးမှ စိတ်ကူးတစ်မျိုး ပြောင်းသွားကာ ...

"အခုမပါသေးဘူး၊ ဝေရည် ငှားသွားတာ၊ သူ့ဆီမှာ နှင်လိုက်ယူချေ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ငါတော့ အရင်မပေးဘူး၊ ဝေရည့်ကို လိုက်ရှာတောင်းနေရဦးမယ်"

"အောင်မယ် ... နင်ကရော အနီးအနားရှိလို့လား၊ ဝေရည်က အရင်တွေ့ပြီး တောင်းသွားတာ"

ဆည်းဆာက စွန့်ကို စောင့်ငဲ့ကြည့်လိုက်သည်။

ကိုယ့်နံဘေးမှာ စွန် ရှိနေသည့် အချိန်လေးမှာ ဆည်းဆာက ဘယ်ကိုမှ မသွားချင်။

စာကလည်း မရလို့မဖြစ်။ မနက်ဖြန် စာမေးပွဲဆိုတော့ ဒီနေ့ ယူမှရမည်။ စွန့်ကို ထားခဲ့ကာ ဝေရည့်ဆီကိုလည်း ထ,မသွားချင်။

ကိုယ်က ဒီမှာ ထိုင်နေရစ်ခဲ့ပြီး ခင်ရဲရင့်ကို သွားယူပေးလို့ ခိုင်းရအောင်ကလည်း မခိုင်းရဲ။ တခြားလူဆိုလျှင် ခိုင်းလို့ရချင်ရဦးမည်။ ခင်ရဲရင့်ကိုလည်း တခြားအကြောင်းနဲ့ ခိုင်းရဲပေမဲ့ စွန့်နားက မသွားချင်လို့ဆိုသည့် အကြောင်းပြချက်ကြောင့်တော့ ခင်ရဲရင့်ကို မခိုင်းရဲပေ။





ခင်ရဲရင့် မျက်နှာကို ကြည့်လိုက်တော့ "ကဲ ... နင် ဘာတတ်နိုင်သေးလဲ" ဆိုသည့် ပုံစံ။

"အေးပါ၊ ငါ လိုက်ယူပါ့မယ်၊ ဒါဆိုလည်း စွန် ပြန်ချင်ပြန်တော့လေ၊ ဆည်းဆာလည်း စာအုပ်လိုက်ယူပြီးရင် ပြန်တော့မယ်"

"အိမ်ပဲ တန်းတန်းမတ်မတ်ပြန်နော်၊ ဘယ်မှ လျှောက်သွားမနေနဲ့"

ဒါတမင်သက်သက် တိုက်ခိုက်သည့်စကား။

ဆည်းဆာက အူတူအတမို့ နားမလည်ပေမဲ့ ခင်ရဲရင့်ကတော့ ကောင်းကောင်းနားလည်သည်။ သူ့ကောင်မလေးကို ခင်ရဲရင့်နဲ့ ပေါင်းပြီး ပျက်စီးမှာစိုးလို့ သတိပေးတာမြစ်နေတာ။

"လာလေ ... လိုက်မယ်ဆို မြန်မြန်လာ၊ ဝေရည်က ပြန်တော့မှာ"

ခင်ရဲရင့်ကလည်း 'ငါပိုင်တယ်' ဆိုသည့် သဘောနဲ့ ဆည်းဆာရဲ့ လက်တစ်ဖက်ကို ဆောင့်ဆွဲပြီး ခြေလှမ်းကျဲကျဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့လိုက်သည်။ သနားစရာ ဆည်းဆာခမ်းများတော့ နောက်ကနေ ကန့်လန့်ကန့်လန့်။

ကျောင်းထဲ ရောက်တာနဲ့ ...

"ရော့ ... ဒီမှာ နင့်အတွက် ကူးပေးထားတာ"

"ဝေရှည့်ဆီမှာဆို"

"မဟုတ်ဘူး၊ ဝေရှည့်ကို ငှားပြီးလို့ ပြန်ရပြီးပြီ"

"ဒါနဲ့များ ငါ့ကို အတင်းဆွဲခေါ်လာရလား"

"နင့်ကို အမြင်ကတ်လို့ တမင် လူစုခွဲလိုက်ကြတာပေါ့ဟဲ့"

ဆည်းဆာက စွန်သာ ရှိနေသေးလျှင် ချက်ချင်းဆဲပြန်ပြေးသွားလိုက်ချင်ပုံနဲ့ လှမ်းမျှော်ကြည့်နေသေးသည်။ အမြင်ကတ်ဖွယ်ကောင်းလေစွ။

"ဘာမှ မျှော်မနေနဲ့၊ ဟိုက သွားလောက်ပြီ၊ နင့်ကို ငါတမင်ခေါ်ထုတ်လာတယ်ဆိုတာ နင်က မသိပေမဲ့ ဟိုလူလည်က သိလောက်ပြီ"





"နင်ကလည်းဟယ်၊ စွန့်မှာ ဘာအပြစ်ရှိလို့ အမြင်ကတ်နေတာလဲ"

"နင်က ကိုယ့်လူမကောင်းတာတော့ ကိုယ်မမြင်ဘဲကိုး၊ ငါ့ကို တမင်တိုက်ခိုက်နေတာ၊ နင်နဲ့ငါ နှစ်ယောက်တည်းရှိတာကို ငါ့ကို ဂရုမစိုက်ဘဲ နင့်ကို ခွဲထုတ်သွားတာက တမင်လုပ်နေတာတွေဟဲ့"

"မဟုတ်လောက်ပါဘူးဟယ်"

ဆည်းဆာကတော့ မယုံနိုင်။ သူ မယုံလည်း ဆောတ်နိုင်ဘူးလေ။ ခင်ရဲရင့်နဲ့ စွန်တို့ကြားက လူမသိသော ပိုင်ဆိုင်မှုတွေကတော့ ရှိကိုရှိနေတာပဲဖြစ်သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဦးဘထွေးကြီး ဒေါသထွက်နေတယ်"

"ဘာဖြစ်လို့လဲ"

စွန်က အကြောင်းရင်းကို သိထားပြီးသားဖြစ်ပေမဲ့ ကိုယ်ပဲ အပြစ်မရှိသလိုလို မျက်နှာကို ခပ်တည်တည်ထားကာ တန်ပြန် မေးခွန်းထုတ်လိုက်တာပင်။

"သူ့ခြံထဲက ကျွဲကောပင်ကိုင်းကို ပိုးစားနေပြီ၊ မြန်မြန် ခုတ်လိုက်မှ အပင်မသေမှာလို့ ပြောတယ်ဆို"

"အေးလေ ... ပြောတယ်၊ ငါက စေတနာနဲ့ပါ"

"ပြောတာကလည်း ဦးဘထွေးကြီးကို တိုက်ရိုက်မဟုတ်ဘဲ တောက အသစ်ခေါ်ထားတဲ့ ခြံအလုပ်သမားလေးကို သွား ပြောတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆိုကွာ"

"ကောင်လေးက မင်းပြောတဲ့အတိုင်း အကိုင်းကို ခုတ်ပစ်လိုက်ပြီးတော့လည်း ပိုးကိုက်တဲ့အကိုင်းက အသီးတွေက ဘာမှ သုံးမရတော့လို့ လှွင့်ပစ်ရမယ်ဆိုပြီး မင်းပဲ ကူလွှင့်ပစ်ပေးခဲ့ပုံနဲ့ ယူလာတယ်ဆို"

"အင်း"

"မနေ့က ငါတို့ မင်းအိမ်ရောက်တော့ ချကျွေးတဲ့ ကျွဲကောသီးတွေက ဘယ်ကလဲ"

"ငါ့အမေ သိရိမင်္ဂလာဈေးကဲ ဝယ်လာတာ"

စွန့်မျက်နှာ ခပ်ပြုံးပြုံးကို ကြည့်ကာ သူငယ်ချင်းတွေက မဟုတ်လောက်ဘူးဆိုတာ သဘောပေါက်ကြသည်။

"ဦးဘထွေးကြီး မနေ့က ပြန်လာမှ မင်းအကြောင်းသိပြီး ဆူဆူပူပူလုပ်နေတာ ငါတို့လည်း အခုမှပဲ သိတော့တယ်၊ မင်းက သူ့ခြံက ကျွဲကောသီးတွေ လိုချင်လို့ အကြံအဖန်လုပ်လိုက်တာကိုး"





"ဘာဖြစ်လဲကွ၊ ငါ ပြောတာကို သူတို့ ယုံပြီး ပေးလိုက်တာပဲ၊ သဘောကတော့ သူများ လွှင့်ပစ်မဲ့ အသီးတွေကို ငါက ကောက်ပြီး စားတဲ့သဘောပဲ"

"ဒါသူများ မလွှင့်ပစ်လွှင့်ပစ်အောင် မင်းပဲ တမင်လုပ်တာ မဟုတ်လား"

"ဒါကတော့ လှည့်ကွက်ပေါ့ကွာ၊ အင်္ဂလိပ်လိုဆိုရင်တော့ ထရစ်ခ်လို့ ခေါ်တာပေါ့၊ ဦးဘထွေး ကတ်စေးနည်းကြီး အသီးလိုချင်လို့ သွားများတောင်းရင် မပေးတဲ့အပြင် ရိုက်တောင်ထုတ်လိုက်ဦးမှာ"

"လိုချင်တော့ ရိုက်ကာမှ ရိုက်ကော ရိုးရိုးသားသား တောင်းသင့်တာပေါ့ကွ"

"မင်းကွာ၊ ကျွဲကောသီးများ ဝယ်မစားနိုင်တာကျလို့၊ ပြဿနာ ရှာပြီး သွားတောင်းနေတယ်"

"ဝယ်စားရတာထက် အခုလို ပညာလေးသုံးပြီး စားရတာ ပိုအရသာရှိတယ်ကွ၊ ဦးဘထွေးကြီး သူ့ကျွဲကောသီးတွေ ဆတ်ဆတ်တုန်ကတ်စေးနည်းတာကိုလည်း ကြည့်မရလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆိုတဲ့ကောင်ဟာ ဘယ်တော့မှ ဖြောင့်ဖြောင့်မနေချင်ဘူး၊ အမြဲတမ်း လိမ်ပတ်ကွေ့ကောက်နေရမှ စိတ်ကိုင်းကျတယ်၊ မင်းအလှည့်ကျလည်း အလိမ်အကွေ့ပဲ ကြုံနေရမယ်နော်"

"ငါက ပိုတောင် သဘောကျသေး၊ အလိမ်အကောက်ချင်း ကြုံမှ လက်ရည်တူချင်း ပညာပြိုင်ရတာ ပိုစိတ်စားဖို့ကောင်းတယ်ကွ"

"ဒါနဲ့ မင်း ခင်ရဲရင့် သူငယ်ချင်း ဆည်းဆာဆိုတဲ့ တစ်ယောက်နဲ့ ကြိုက်နေပြီဆို"

"ဘယ်သူပြောလဲ"

"ငါ့ညီမ မေဖြိုးရဲ့ သူငယ်ချင်း ဆေးကျောင်းသူ ကောင်မလေးက ပြောတာ၊ မင်း သူတို့ကျောင်းကို လာနေတာတွေ့တယ်တဲ့"

"ကြိုက်တော့မကြိုက်သေးပါဘူး"

"အံ့သြပါရဲ့၊ ခင်ရဲရင့်ကို ကျော်ပြီးတော့များ သူ့သူငယ်ချင်းကို သွားကြိုက်ရတယ်လို့"





"ခင်ရဲရင့်က လူတကာ ဝိုင်းကြိုက်ခံနေရတာ ဘာများဆန်းလို့လဲ"

"ငါ့ကြောင့် ရှောင်တာမျိုးတော့ မဖြစ်စေနဲ့နော်၊ ငါက ခင်ရဲရင့်ကို ချစ်လွန်းလို့သာ တကောက်ကောက် လိုက်နေတာ၊ ငါလိုကောင်မျိုးကို ခင်ရဲရင့်က စိတ်ကူးထဲတောင် မထည့်ဘူးဆိုတာလည်း သိပြီးသား၊ ငါ့အချစ်က ဘာမျှော်လင့်ချက်မှ မရှိဘူး"

နေဖြိုးက အလိုက်တသိ ဝင်ပြောရှာသည်။

"ယောက်ျားလေးတိုင်းဟာ ခင်ရဲရင့်ကိုချည်းပဲ ကြိုက်ရမယ်ဆိုတာတော့ ဘယ်ဖြစ်နိုင်ပါ့မလဲကွာ၊ သူ့စိတ်ထဲဖြစ်လာတဲ့ ခံစားချက်အလျောက် သူ ကြိုက်ချင်တဲ့သူကိုပဲ ကြိုက်မှာပေါ့"

"မင်းက ခင်ရဲရင့်ကို တကယ်ပဲ စိတ်မဝင်စားတာလား"

ဇွန်က စဉ်းစားတွေဝေသည့်အမူအရာမရှိ ချက်ချင်း

ခင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်အင်း"

"ဘာဖြစ်လို့လဲ"

"မင်းတို့ သိပါတယ်ကွာ၊ ငါက လူတိုင်းသွားနေတဲ့လမ်းကြောင်းအတိုင်း သွားချင်တာ မဟုတ်ဘူး၊ ခင်ရဲရင့်ကို အခုမှ ထကြိုက်ရင် ငါက လူများနောက်လိုက် ဖြစ်သွားတော့မှာပေါ့"

သူငယ်ချင်းတွေက စွန်နဲ့ကို နားမလည်နိုင်တော့ဘူး ဆိုသည့် အကြည့်မျိုးနဲ့ ဝိုင်းကြည့်ကြသည်။

စွန်နကတော့ သူတို့အကြည့်တွေထက် မျက်လုံးထောင့်စွန်းက အမှတ်မထင် တွေ့လိုက်ရသော အကြည့်တစ်ခုကိုပဲ ပိုပြီး စိတ်ဝင်စားလေသည်။

✧ ✧ ✧





ခင်ရဲရင့်ကို ငါ ကြိုက်လိုက်ရင် သူများနောက်လိုက် ဖြစ်သွားတော့မှာပေါ့ ... တဲ့။

ဒီလူဟာ ဒီလောက် အတ္တကြီးသလား။

မိန်းကလေးတစ်ယောက်ကို ချစ်တယ် ကြိုက်တယ်ဆိုတာ ရင်ထဲက ရိုးရိုးသားသား ဖြစ်ပေါ်လာသည့်ကိစ္စ။ ကိုယ့်ရှေ့မှာ လူတစ်ယောက်ပဲရှိရှိ၊ တစ်ရာပဲရှိရှိ၊ တစ်ယောက်မှမရှိဘဲနေနေ ဘာမှ မဆိုင်။

သူကတော့ ခင်ရဲရင့်ဟာ လူတကာဝိုင်းကြိုက်သောခံရပြီးသားမို့ ဘာမှမဆန်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်ဟာ ‘ယောက်ျားလေးတိုင်းက ကိုယ့်ကို မဖြစ်မနေ ကြိုက်ရလိမ့်မည်’ ရယ်လို့ အတ္တကြီးစွာ မောင်ပိုင်စီးချင်သည့်သူမျိုးတော့ မဟုတ်ပါ။ ကိုယ့်ကို ကြိုက်သည့် သူများလာလေ အနေရအသွားရ ခက်ခဲကျဉ်းကျပ်လေမို့ ဖြစ်နိုင်လျှင် ဘယ်သူကမှ ကိုယ့်ကို လာမကြိုက်လျှင်တောင် ပိုပြီး သဘောကျဦးမှာပါ။

ဒါပေမဲ့ ကိုယ့်ကို အဲဒီလိုကြီး အပြောခံရတာကိုတော့ မကြိုက်နိုင်။ ပြီးတော့ ပြောသည့်လူက စွန်လည်းဖြစ်နေသေးသည်။

ဘာကြောင့်မှန်းတော့မသိ။ ခင်ရဲရင့်ဟာ တခြားလူတွေ စကားထက် စွန့်ရဲ့ ပြောစကားအပေါ် ပိုပြီး ကဲကဲဆတ်ဆတ် မခံမရပ်နိုင် ဖြစ်နေတတ်သည်။

ဆည်းဆာတစ်ယောက်ကတော့ ဒီလို လူမျိုးကို ဘာကြောင့် ကြိုက်နေတယ်မပြောတတ်ပါဘူး။ ခင်ရဲရင့်ကတော့ မုန်းလိုက်တာမှ။





ခင်ရဲရင့်က ဝုန်းခနဲ ထွက်သွားပြီး စွန့်ကို ရန်တွေ့ခဲလိုက်ချင်ပေမဲ့ လုပ်လို့မရ။ သူတို့က ကိုယ့်ကို တိုက်ရိုက်သာပြောနေတာလည်း မဟုတ်။ သူတို့ဘာသာ စကားပြောနေကြတာကို ကိုယ်ကလည်း တိုက်တိုက်ဆိုင်ဆိုင် သူတို့ရှိသည့်နောက်ခံဆိုင်ကလေးထဲ ရောက်ပြီး သူတို့စားပွဲနား ရောက်နေခိုက်ရှိ ကြားလိုက်ရတာ။ အခုနေ သွားရန်တွေ့လျှင် ကိုယ်ကပဲ သူများ စကားပြောတာကို ချောင်းနားထောင်သူ ဖြစ်ရဦးမည်။

အကောင်းဆုံးကတော့ ကိုယ့်စိတ်ကိုယ် ထိန်းပြီး သူတို့နားက အမြန်ဆုံး ရှောင်ထွက်သွားတာပင်။

ခင်ရဲရင့်က စားလက်စကို အမြန်ပြီးအောင် ရှင်းလင်းပြီးလျှင် ဆိုင်ထဲက ခပ်သွက်သွက်ကလေး ထွက်ဖို့ပြင်သည်။

သို့သော် ကံဆိုးစွာ နေဖြိုးက ခင်ရဲရင့်ကို မြင်သွားကာ ...

“ဟာ ... ခင်ရဲ ... ခင်ရဲရင့်ပဲကွ ... ဟိုမှာ”

“အေး ... ငါတို့တွေ့တောင် မတွေ့မိကြဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



"လမ်းဟိုဘက်ခြမ်းမှာ သူ့ကားကြီး ရပ်ထားတာ ဒီလောက် အထင်အရှားကြီးကို၊ ငါကား စရပ်လိုက်ကတည်းက တွေ့တယ်"

"ဒါတောင်မှ မင်းက မပြောဘူးပေါ့လေ"

စွန်က နှုတ်ခမ်းစေ့ကာ ပြုံးလို့နေလိုက်လျှင် သူငယ်ချင်းတွေက သိပြီ။ ဒါဟာလည်း သွေးရိုးသားရိုး ပြောတာမဟုတ်၊ အကြံအစည်တစ်ခုရှိလို့ဆိုတာ။

နေဖြိုးကတော့ ခင်ရဲရင့်ကို တွေ့တာနဲ့ ဘာစကားမှ မပြောနိုင်တော့ပြီ။ ကျောင်းလာကြိုသည့် အမေနောက်ကို ဝမ်းသာအားရ လိုက်ဖို့ပြင်နေသည့် မူကြိုကလေးလို မျက်လုံးတွေ လင်းလက်ကာ လက်ဆန့်တန်းလျက် ထ,သွားပြီ။

ခင်ရဲရင့်ကတော့ အလွန်တရာ စိတ်ညစ်ရှုံ့မဲ့သွားရလေသည်။

စွန့်ကို မုန်းသည့် ခံစားချက်ကမှ တော်သေးသည်။ နေဖြိုးကို စိတ်ညစ်သည့် ခံစားချက်ကတော့ ပိုလို့တောင် မခံမရပ်နိုင်ချင်စရာ။





"ခင်ရဲ ... မုန့်လာစားတာလား"

ခင်ရဲရင့်က ခပ်တည်တည်။ သူမကို လာပြောတာမဟုတ်သလို မျက်နှာသေနဲ့ ရှိနေသည်။

"ရောက်နေတာ ကြာပြီလားဟင်"

နေဖြိုးရဲ့ စိုးရိမ်တကြီး မျက်နှာကို တွေ့တော့မှ ခင်ရဲရင့်က အကြံရသွားကာ ...

"ရှင်တို့ ဝိုင်းက ခင်ရဲရင့်ဆိုတဲ့ နာမည် ထွက်မလာခင် ကတည်းကပဲ"

နေဖြိုးက ထိတ်လန့်တကြား ဖြစ်သွားကာ ...

"ဟာ ... တကယ်လား၊ ကျွန်တော်တို့ ပြောတာတွေ ခင်ရဲရင့် အကုန်ကြားတယ်ပေါ့"

"ရှင် ပြောတာ မဟုတ်ပါဘူး၊ ရှင့်သူငယ်ချင်း ပြောနေတာတွေ ကျွန်မ ကြားပါတယ်"

"ဒီကောင်က ... ဒီကောင်က တစ်မျိုးကြီးပါဗျာ၊ သူ ပြောတာတွေ ဗွေမယူပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နေဖြိုးခမျာတော့ ထိုင်ပဲ ကန်တော့တော့မတတ် တောင်းပန်နေရရှာသည်။

ထိုမြင်ကွင်းကို အဝေးက လှမ်းမြင်နေသော စွန်က တော့ ခင်ရဲရင့် ဘာတွေပြောလို့ နေဖြိုး ဘာတွေ ပြန်တောင်းပန် နေရပြီဆိုတာ ခန့်မှန်းကြည့်လို့ရနိုင်သည်။

"ဘာလဲ … သူက ရှုးနေလို့လား"

ခင်ရဲရင့်က ကိုယ့်ဘက်ကို လှမ်းကြည့်နေမည်ဖြစ် သော စွန်တစ်ယောက် စကားသံကို မကြားရပေမဲ့လည်း အမူအရာ ကို ကြည့်ပြီး ဘာပြောနေမှန်း နားလည်ရအောင် နားထင်ကို လက်ညှိုးနဲ့ ထောက်ပြလိုက်သေးသည်။

တစ်ဖက်က စောင့်ကြည့်နေသည့် စွန်ကလည်း ခင်ရဲရင့်ရဲ့ ဆိုလိုရင်းကို သဘောပေါက်လိုက်ပါသည်။

စွန်နဲ့ ခင်ရဲရင့်တို့နှစ်ယောက်ဟာ အပေးအယူမျှ သည်လို့ပဲ ဆိုရမလား။ တစ်ယောက်ရဲ့ သဘောထားကို တစ် ယောက်က ဖွင့်ဆိုရှင်းပြစရာမလိုဘဲ နားလည်နိုင်ကြသည်။





နေဖြိုးကတော့ စွန်နဲ့ ခင်ရဲရင့်တို့ ကြားထဲက အချိတ်အဆက်ကို မသိ။ စွန့်ကို ခင်ရဲရင့် စိတ်ဆိုးလျှင် စွန့်ရဲ့ သူငယ်ချင်းဖြစ်သော သူ့ပါရောပြီး စိတ်အဆိုးခံရမှာ ကြောက်တာ နဲ့ပဲ လောလောဆယ် နားအေးအောင် …

"ဟုတ်တယ်၊ ဒီကောင်က တစ်ခါတစ်ခါ ကြောင်ချင်တယ်"

ကြည့်စမ်း။ အယုတ်တမာကောင်။ သင်းကပါ သူငယ်ချင်းအချင်းချင်း သစ္စာဖောက်ပြီး ငါ့ကို အရူးဖြစ်အောင် ပြောနေပြီ။

စွန်က နေဖြိုးကို ဒေါသလည်းထွက်၊ ကိုယ်ဒေါသ ထွက်နေတာကိုလည်း ခင်ရဲရင့် ပြန်သိမှာစိုးလို့ ထိန်းချုပ်ရတာနဲ့ ပဲ မအီမလည်။

ဘာပဲဖြစ်ဖြစ် ခင်ရဲရင့်ရဲ့ စိတ်ထဲမှာ သူနဲ့ ပတ်သက် သည့် ခံစားချက်တစ်ခုခု ရှိနေတာကိုတော့ သေသေချာချာ သိခွင့် ရလိုက်ပြီ။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"သူ ငါ့ကို ဖွင့်ပြောလာအောင် ဘယ်လိုများ လုပ်ရရင် ကောင်းမလဲဟယ်"

ကျောင်းပိတ်ရက်ကလေးပျင်းလို့ သူငယ်ချင်းအိမ် သွားလည်မိပါတယ် ညည်းချင်းနဲ့ တိုးပြီ။

ညည်းတာကလည်း ဟုတ်ဟုတ်ဟတ်ဟတ် အကျိုး အမြတ်ရှိရှိ ကိစ္စအတွက် ညည်းတာမဟုတ်။ ရှက်ဖို့ကောင်းသော ဗီဇမျိုး။

"ဒီလောက်အချိန်တွေ ကြာနေပြီ စွန်က နင့်ကို ဖွင့်မပြော သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ၊ အကုန်လုံးက ငါတို့ကို ရည်းစားဖြစ်ပြီးသားလို့ပဲ ထင်နေကြတာ၊ မဟုတ်ဘူးလို့ ဖြေရှင်းရင်တောင် ယုံမဲ့လူ မရှိဘူး"

"ငါတောင် တစ်ခါတလေကျ သိပ်မယုံချင်ဘူး"

"အဲဒါပေါ့၊ အိမ်ကတောင် ရိပ်မိချင်သလိုလိုပဲ၊ နင် သိတဲ့အတိုင်းပဲဟာ၊ ငါ့အိမ်က ငါ ရည်းစားထားတာကို ကန့်ကွက်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ရည်းစားထားတော့မယ်ဆိုရင် သူတို့ကို ခေါ်တွေ့ပေး၊ ဖွင့်ပြောတိုင်ပင်၊ အဲဒါတော့ လုပ်ရမယ်လို့ စည်းကမ်းချထားတာ၊ ငါ့အစ်ကိုတွေ အစ်မတွေတုန်းကလည်း ဒီလိုပဲ လိုက်နာခဲ့ကြတာဆိုတော့ ငါ့ကျမှ မိဘကို အသိမပေးဘဲ ရည်းစားခိုးထားသလိုလို၊ လူကြီးတွေက ဒီလောက်လိုက်လျောတာတောင် ကိုယ့်ဘက်ကတာဝန်မကျေနိုင်လောက်အောင် ဘာတွေ ဖြစ်နေလို့လဲ အဲဒီလို တွေးကြတော့တာပေါ့"





"ဟုတ်တော့လည်း ဟုတ်တယ်၊ သူ ဘာကြောင့် ဖွင့်ပြောမလာတာလဲဆိုတာ ငါလည်း စဉ်းစားလို့မရဘူး၊ ဒီကောင်ဟာ ကြောက်တတ် အားငယ်တတ်မဲ့ပုံတော့လည်း မဟုတ်ပါဘူး"

"ငါက ငြင်းလိုက်မှာစိုးရိမ်နေလို့များလားဟင်"

"ကျွတ် ... ဟိုက ဖွင့်ပြောလိုက် နင်က ချက်ချင်းလက်ငင်း လက်ခံမဲ့အပြင် မင်္ဂလာတောင် တန်းဆောင်ခိုင်းဦးမယ်ဆိုတာ ကာယကံရှင် မပြောနဲ့ ဘေးလူတွေတောင် သိကယ်"

"ခင်ရဲ့ကလည်း ငါ ရှက်တောင်ရှက်လာပြီ၊ အဲလိုတော့ မပြောပါနဲ့"

ဒီလိုတော့လည်း ရှက်ဖို့သတိရသား။

စွန့်ရေ့မှာ အရည်ပျော်ကျတော့မတတ် ချိုမြပျော်င်း အိနေသည့်ရုပ်ကြီး သိသိသာသာ ပေါ်လွင်နေတာကျတော့ ဆင်ခြင်ဖို့ သတိမရ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဘက်က ဒီလောက်သိသိသာသာကြီး ဖြစ်နေမှတော့လည်း ယောက်ျားလေးဘက်က တင်းပြီပေါ့။ မသေချာသည့် မိန်းကလေးမျိုးဆိုလျှင် ယောက်ျားလေးတွေက ပူပူပင်ပင်နဲ့ အပြင်းအထန် ကြိုးစားကြသည်။ ကိုယ့်အပေါ် စိတ်ဝင်စားမှန်း ထင်ရှားသိသာနေသည့် မိန်းကလေးကျတော့ ဘယ်အချိန်ပြောပြော အပိုင်ပဲဆိုသည့် သဘောနှင့် အခြေအနေကို စောင့်ကြည့်နေတတ်ကြသေးသည်။

ဆည်းဆာဟာ အနေအထိုင် မတတ်ဘော့ 'အပိုင်ပဲ' လို့ အတွက်ခံလိုက်ရတာ။

ဒါတွေ ရှင်းပြနေလျှင်လည်း ဆည်းဆာတစ်ယောက် ပိုလို့ရှက်ရှာလိမ့်မည်။ ပြီးတော့ ဒီလောက်က မိန်းကလေးတိုင်း နားလည်သဘောပေါက်သင့်သည်။ အထူးတလည် ပြောနေစရာပင် မလို။

"ငါ အနေအထိုင်မတတ်ဘူးလို့ နင် စွပ်စွဲချင်နေတာ မဟုတ်လား"





"အဲဒီလောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မာန်ကလေး တင်းထားနိုင်ရင်တော့ မိန်းကလေးတစ်ယောက်အတွက် ပိုကောင်းတာပေါ့"

"သူများတွေအပေါ်ဆို ငါ တင်းထားပါတယ်ဟာ၊ နင်သိတဲ့ အတိုင်းပဲ ဆည်းဆာဟာ သိပ်ပြီး လွယ်ကူတဲ့ မိန်းမမျိုး တော့ မဟုတ်ပါဘူး၊ စွန့်ကိုကျမှ"

ဆည်းဆာဟာ စိတ်တိုစရာကောင်းသလို သနားစရာလေးလည်းကောင်းရှာသည်။

ကဲပါ။ အပြစ်တင်နေလို့လည်း မထူးတော့မဲ့အတူတူတော့ အကြံဉာဏ်ပေးတာပဲ ကောင်းပါတယ်။

"ငါ့စိတ်ထင်ပြောရရင်တော့ သူဟာ ဖြိုင်ဘက်မရှိသေးဘူးဆိုပြီး နင့်အပေါ် စိတ်ချလက်ချ ရှိနေတာပဲ ဖြစ်ရမယ်"

ဆည်းဆာက ချက်ချင်းကိုပဲ မျက်လုံးကြီး ပြူးလာကာ ...

"ဟင့်အင်းနော် ... ဟင့်အင်း၊ ဒါမျိုးတော့ ငါ လုံးဝ မလုပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟဲ့၊ နင့်ကို ဘယ်သူက ဘာလုပ်ခိုင်းနေလို့လဲ"

"မသိဘူးလေ၊ စွန့်စားရိမ်သွားအောင် ငါ့ကို တစ်ယောက်ယောက်နဲ့ ဟန်ဆောင်တွဲပြခိုင်းတော့မလို့လားလို့"

အရေးထဲ ဒီနားခပ်ဝေးဝေး မိန်းမက တစ်မျိုး။

"ကိုယ် လူသိရှင်ကြား နစ်နာမဲ့ အလုပ်မျိုးတွေတော့ ငါက လုပ်ခိုင်းပါ့မလားဟဲ့၊ ငါပြောတာက နင့်ကို အိမ်က လူတစ်ယောက်နဲ့ သဘောတူထားတယ်ပေါ့ဟာ၊ အဲဒါကြောင့် စိတ်ညစ်နေရတယ်ပေါ့၊ နင့်မှာ အကောင်အထည်ပြစရာ ရည်းစားလည်း မရှိတော့ ငြင်းလို့လည်းမရဘဲ အခက်တွေ့နေတယ်ပေါ့၊ အဲဒါမျိုးတွေကို တအားဖာတ်လှမ်းဆင်တာနဲ့လည်း မတူရအောင် တော်သလို လျော်သလို ပြောကြည့်ပေါ့"

"ဖြစ်ပါ့မလား"

"ဖြစ်တာ မဖြစ်တာက နင့်အပေါ် မူတည်တာလေ၊ နင်ပါးနပ်ရင် ပါးနပ်သလို ဟိုဘက်က တုံ့ပြန်မှာပေါ့"





"ငါက ခပ်ညံ့ညံ့ရယ်"

ညံ့ရင်လည်း ရည်းစားထားချင်မနေနဲ့တော့ဟု အဓိပ္ပာယ်ရသော ခပ်စူးစူးအကြည်းမျိုးနဲ့ ခင်ရဲရင့်က ကြည့်ပေးလိုက်တော့မှ ဆည်းဆာလည်း ငြိမ်သက်သွားသည်။

လူက ငြိမ်နေသော်လည်း စိတ်ထဲကတော့ မဟုတ်မဟုတ် လန်ကြုတ်ဖာတ်လမ်းကြီး ဆင်ပြောဖို့အရေး ကြိုတင်စဉ်းစားရင်း အလုပ်ရှုပ်နေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



အချိုးမကျ မပိရိလှသော မျက်နှာနှင့် 'အိမ်ကဲ့ဆေးစားတော့မယ်'ဆိုသည့် ဆီသည်လက်သုတ်ဖတ်ဇာတ်လမ်းကို လာပြောနေသည့် ဆည်းဆာကို ကြည့်ပြီး စွန့်ရင်ထဲမှာ တလှပ်လှပ်။

ခင်ရဲ့ရင့်ဟာ ဒီလောက်တောင်ပဲ ညံ့သလား။

ပထမ။ ဆည်းဆာရဲ့ ကိုယ့်မျက်လုံးထဲ တည့်တည့်ကြည့်ရဲသော မနေတတ် မထိုင်တတ် မျက်နှာကို ကြည့်ခြင်းအားဖြင့် ဒါဟာ လိမ်ဆင်ကြီးဆိုတာ သိနိုင်သည်။

ဒုတိယ။ ဆည်းဆာလို အတီးအတ ကောင်မလေးတစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်ထံက 'ချစ်တယ်' ဆိုသည့် စကားတစ်ခွန်းကို ရဖို့ သူမကိုယ်ပိုင်ဉာဏ်နဲ့ ဇာတ်လမ်းဆင်တတ်တာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယ။ ဆည်းဆာရဲ့ တစ်ဦးတည်းသော အနီးကပ် တိုင်ပင်ဖော်တိုင်ပင်ဖက်ဟာ ခင်ရဲရင့်တစ်ယောက်ပဲ ရှိသည်။

ထိုအချက်အလက်တွေ အားလုံးကို စုပေါင်းလိုက်လျှင် အခု ဆည်းဆာလာပြောနေသည့် ဇာတ်လမ်းဟာ ခင်ရဲရင့် ဆင်ပေးလိုက်တာဆိုတာ သေချာနေပြီ။

ကဲ ... ဒီလောက်ရိုးစင်း၊ သိသာလွန်းသော ဇာတ်လမ်းတစ်ပုဒ်ကို ခင်ရဲရင့်လို မိန်းကလေးမျိုးက တီထွင်လိုက်သည်ဆိုတော့ အထင်သေးချင်စရာ မကောင်းပေဘူးလား။

ဘာပဲဖြစ်ဖြစ် စွန်ကတော့ ဝမ်းသာသည်။ ဒီအကြံမျိုး ပေးလိုက်သည့် ခင်ရဲရင့်ကိုလည်း ကျေးဇူးတင်သည်။

အစက သူနဲ့ ဆည်းဆာတို့ရဲ့ ဇာတ်လမ်းဟာ ဇာတ်မျောကြီး ဖြစ်နေခဲ့တာ။

သနားစရာကောင်းသော ဆည်းဆာလို မိန်းကလေးတစ်ယောက်ကို သူ့ကြောင့် နာမည်လည်း မပျက်စေချင်၊ ဝေဒနာလည်း မခံစားရစေချင်။





ကိုယ့်ဘက်က (လုမ်းခဲ့ပြီးတာ မဟုတ်ပေမဲ့ လှမ်းတော့မယ်လို့ လူသိစေသော) ခြေလှမ်းတွေအတွက် ရှေ့ဆက် ဘယ်လို ဖြေရှင်းရမလဲလို့ အတွေးရခက်နေခဲ့တာပါ။

အခုတော့ အဖြေပေါ်သွားပြီ။ ဒါဟာ ခင်ရဲရင့်ရဲ့ ကျေးဇူး။

"စွန်က အကြံဉာဏ်ကောင်းတယ်ဆိုတော့ ဆည်းဆာကို ကူပြီး စဉ်းစားမပေးနိုင်ဘူးလားဟင်"

စွန်က မျက်နှာကို အလွန်အမင်း အားငယ်ကြေကွဲနေပုံသို့ ပြောင်းလိုက်ကာ ...

"ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး ဆည်းဆာရယ်"

"ဘာဖြစ်လို့လဲဟင်"

"တို့က ဆိုးသာဆိုးတာ မိဘစကားဆိုရင်တော့ မပယ်ရှားရဲဘူး၊ အမေ အမေ ကိုယ့်ကြောင့် စိတ်ဆင်းရဲရမှာကို သိပ်ကြောက်တယ်၊ မိဘဆိုတာက ဘယ်လိုမှ အစားပြန်မရနိုင်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ကိုယ်တိုင်က မိဘစကား နားထောင်သလို သူများတွေ ကိုလည်း မိဘစကား သိပ်နားထောင်စေချင်တယ်၊ သူများ ကို မိဘစကား ပယ်ရှားဆန့်ကျင်ဖို့ အားပေးအားမြှောက် ပြုဖို့ဆိုရင်တော့ ဝေလာဝေးပဲ"

ဟင် ... ဒုက္ခ။ ကိုယ် ပြောစေချင်သည့် စကားက တစ်မျိုး။ စွန် ပြောလာသည့်စကားက တစ်မျိုး ဖြစ်နေတာမို့ ဆည်းဆာ ရင်ထဲက ထိတ်ခနဲ ဖြစ်သွားရသည်။

ဘယ်လိုကြီးလဲ။

စွန်က သူမ မျှော်လင့်သလို 'ဒီကိစ္စ ဖြေရှင်းဖို့ လွယ်လွယ်လေးပါ၊ လူကြီးတွေ သဘောတူတဲ့သူကို မယူချင်ဘူး ကိုယ့်မှာ ရည်းစားမရှိတော့ ငြင်းရလည်း ခက်နေကယ်ဆိုရင် အခု မခက်တော့အောင် တို့ကိုပဲ ရည်းစားတော်လိုက်ပေါ့'ဆိုသည့် စကားမျိုးမှ ပြောမလာဘဲ။

ထားတော့။ အဲဒီစကား ထွက်မလာတာကမှ တော် သေးသည်။ တခြားသင့်ရာတော်ရာ အကြံဉာဏ်တစ်ခု ပေးချင် ဆည်းပေးပေါ့။ ခုတော့ သူက အားပေးအားမြှောက် မပြုလိုပါတဲ့။ ကြည့်ရတာ မိဘစကားနားထောင်သင့်သည်လို့ သူကပါ ကူပြီး ဆိုက်တွန်းပေးဦးမည့်ပုံ။

ဖြစ်စေချင်တာ ဖြစ်မလာမည့်အပြင် ရှေ့တိုးမည့် နေ့ရဲ့ ခြေလှမ်းတွေကိုပါ ပိတ်ပင်လိုက်သလိုများ ဖြစ်သွားပြီ လား။

"ဒါပေမဲ့ ဟိုလေ ... အိမ်ကလည်း အတင်းကြီး စီစဉ်တာ တော့ မဟုတ်ဘူးလေ၊ ဆည်းဆာမှာ ရည်းစားမရှိမှဆိုတော့ တကယ်လို့ ရည်းစားသာရှိနေရင်"

"ဒါဆို ပိုကောင်းတာပေါ့၊ ရည်းစားရှိနေရင် ခုလိုအချိန် မျိုးမှာ တွေဝေစရာ စိတ်ညစ်စရာတွေ ဖြစ်လာဦးမယ်၊ အခုတော့ နှစ်ဦးနှစ်ဖက် စိတ်ရှင်းရော၊ ဘယ်လောက် ကောင်းလဲ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါလေ၊ ရည်းစားရှိနေ ရင်တောင် မိဘသဘောတူလို့ စီစဉ်တဲ့သူကိုပဲ ရွေးချယ် သင့်တယ်၊ လူကြီးမိဘ စီစဉ်တာဟာ ကိုယ့်စိတ်ကြိုက် ရွေးချယ်တာထက်တော့ ဘယ်လိုနည်းနဲ့မဆို သာတယ်"





www.burmeseclassic.com

www.burmeseclassic.com



ဒါ ... ဒါ ... သူ တကယ်ပဲ ပြောနေတာလာ
ရွဲ့နေတာလား။

ဒါမှမဟုတ် သွေးပျက်ချောက်ချားစွာနဲ့ ကမူးရှူးထိုး
ပြောနေတာလား။

ခင်ရဲရင့်သာ ရှိလျှင်တော့ သူ့မျက်နှာကို ကြည့်ပြီ
ရင်ထဲက ခံစားချက်အစစ်အမှန်ကို ဖတ်ချင်ဖတ်တတ်လိမ့်မည်
ဆည်းဆာကတော့ ညှို့ဖျင်းသည်ပဲပြောပြော စွန့်ကို လုံးဝ အဓ
မဖမ်းနိုင်ပါ။

ဆည်းဆာ တစ်ယောက် အူလည်လည် ဖြစ်က
အသည်းတွေ ယားနေပြီဆိုတာလည်း သိရော စွန်က ပိုပြီ
ရဲတင်းလာကာ ...

"တကယ်တော့ ဒီနေ့မှာ ဆည်းဆာကို ဖွင့်ဟဝန်ခံစရာ
စကားတစ်ခွန်း ရှိနေတာ"

ဆည်းဆာရဲ့ မျက်နှာက မျှော်လင့်ချက်တွေ
တောက်ပလင်းလက်သွားကာ ...

"ဘာလဲ ... ဘာလဲဟင် ... ပြောလေ"





စွန်က အလွန်အမင်း စိတ်ထိခိုက်ကြေကွဲနေသော
အသံနှာမျိုးနဲ့ ခေါင်းကို တွင်တွင်ယမ်းခါလိုက်ပြီး ...

"တော်ပါပြီ ဆည်းဆာရယ်၊ ဒီလိုအခြေအနေ အချိန်အခါ
မျိုးမှာ ဒီစကားပြောမယ်ဆိုရင် တို့လောက် မိုက်မဲတဲ့သူ
ရှိပါဦးမလား၊ မေးခွန်းမမေးရသေးခင်ကတည်းက အဖြေ
က ကြိုထွက်နေခဲ့ပြီပဲဟာ"

"မဟုတ်သေးပါဘူး၊ ပြောတော့ပြောကြည့်လိုက်ဦးပေါ့၊
စွန်က ဘာပြောမယ်မှန်း မသိရသေးဘဲနဲ့ အဲဒီလိုကြီး
ဖြတ်ချသွားတော့ ဆည်းဆာက ဘာလုပ်ရတော့မှာလဲ"

"နေပါစေတော့ ဆည်းဆာရယ်၊ တို့ပဲ စိတ်ဆင်းရဲခံလိုက်
တော့မယ်၊ လူကြီးတွေကိုတော့ တို့ကြောင့် စိတ်မဆင်းရဲစေ
ချင်ဘူး"

သွားပါပြီ။ ဆည်းဆာက ကိုယ့်နဖူးကိုယ် ပိတ်လို့သာ
ဲ ရိုက်ပစ်လိုက်ချင်တော့သည်။

ရှေ့ရေးကို ကွက်ကျော်မြင်တတ်သော၊ အတွက်
အချက်တော်သော၊ ဆက်စပ်စဉ်းစားဆင်ခြင်ဉာဏ် မြင့်မားသော



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်ဟာ ဒီတစ်ချီမှာ ဘာဖြစ်လို့များ တက်တက်စင်အောင် လွဲမှားသွားရတာပါလိမ့်။

မှားမဲ့မှားတော့လည်း တခြားနေရာတွေပဲ မှားလိုက်ပါတော့။ ဒီနေရာမှာ လာမှားသည့်အခါကျတော့ ဆည်းဆာအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီး ဖြစ်သွားရောပေါ့။

ဆည်းဆာရဲ့ တအိအိ ပျက်ကျလာသော မျက်နှာကို ကြည့်ပြီး စွန်ကတော့ ကျိတ်ကာ ရယ်ချင်နေသည်။

ဆည်းဆာကိုတော့ သနားပါရဲ့လေ။ ဒါပေမဲ့ သူမရဲ့ အကြံအစည် လွဲချော်သွားလို့ မခံချိမခံသာ ဖြစ်နေမည့် ခင်ရဲရင့်ကို မြင်ယောင်မိတော့ ကိုယ့်လုပ်ရပ်ကို အားရသည်။

ပါးနပ်သည့် ခင်ရဲရင့်ကတော့ စွန့်ရဲ့သဘောထားကို နားလည်မှာပင်။

ဒါဟာလည်း စွန့်အတွက် ကျေနပ်စရာကောင်းသော အောင်နိုင်မှုပဲ ဖြစ်လေသည်။

◇ ◇ ◇





မျက်လွှာလေးချကာ ခေါင်းကလေး မငုံ့တငုံ့နဲ့ ရှိနေသော ကောင်မလေးကို စွန်က အကဲခတ်ကြည့်လိုက်သည်။

ကောင်မလေး ကြည့်ရတာ ဆယ့်ရှစ်နှစ်ဆိုသော သူမရဲ့ ရှိရင်းစွဲ အသက်အရွယ်ထက် ပိုပြီး အတွေ့အကြုံ နည်းပုံရလျက် ပိုပြီးတော့လည်း ရှက်တတ်ပုံရလေသည်။

ခင်ကြေးမုံ ... တဲ့။

မျက်နှာသေးသေးဝိုင်းဝိုင်း၊ ဆံပင်တိုတို၊ အသား ဆွတ်ဆွတ်ဖြူကလေးနဲ့ ခပ်သေးသေး ကောင်မလေးဟာ ကလေးတစ်ယောက်လို ချစ်စရာကောင်းတာကလွဲလို့ စိတ်ဝင်စားဖွယ်ရာ သိပ်ရှိလှတာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အစကတော့ စွန်ပဟာလည်း ကောင်မလေးကို စိတ်ဝင်စားလှတာ မဟုတ်ပါ။

သို့သော် ဆွေမျိုးထဲက ယောကျ်ားမိန်းမ ဘယ်သူမဆိုတို့ရဲ့ နာမည်ရှေ့မှာ 'ခင်'တစ်လုံးတော့ပါရမည်ဆိုသည့် စည်းကမ်းအရ မှည့်ထားသော 'ခင်ကြေးမုံ'ဆိုသည့် နာမည်ကို ပိုင်ဆိုင်ထားသည့် အနီမိန်းကလေးဟာ ခင်ရဲရင့်ရဲ့ ညီမဝမ်းကွဲဖြစ်တာကို သိလိုက်ရသည့်အခါ ...

ညီမဝမ်းကွဲမှ တော်တော်လေး သွေးချင်းနီးစပ်သည့် ညီမဝမ်းကွဲ။

ခင်ရဲရင့် ကိုယ်တိုင်က ခင်ကြေးမုံကလေးကို အားနည်းပျော့ညံ့သည့် ချစ်စရာညီမငယ်လေးအဖြစ်နဲ့ သိပ်ချစ်ရှာသည်တဲ့။

ဟီးထ,နေသည့် ရတနာဆိုင်ကြီးရဲ့ အုပ်ချုပ်သူကောင်တာမှာ မျက်နှာသေရလေးနဲ့ ထိုင်နေသည့် ခင်ကြေးမုံနားကို ချဉ်းကပ်ဖို့ အရင်တော့ ခပ်များများလေး စိုက်ရပါသည်။





ခင်ကြေးမုံတို့ဆိုင်က အစကတော့ ရွှေထည်လက်ဝတ်ရတနာတွေပဲ ရောင်းသည့်ဆိုင်ပင်။

နောက်ပိုင်း ပလက်တီနမ် လက်ဝတ်လက်စားတွေ ခေတ်စားလာသည့် အခါကျတော့ နိုင်ငံခြားက စက်ကြီးတွေနဲ့ အဆင့်မီပုံစံ ဒီဇိုင်းရှိသည့် ပလက်တီနမ် ပစ္စည်းတွေကိုပါ တိုးချဲ့ရောင်းချတော့တာ။

နဂိုဆိုင်ကြီးဘေးက အခန်းတစ်ခန်းကို ထပ်ငှားလျက် ပလက်တီနမ်အထည်တွေချည်း ရောင်းချသည့် ဆိုင်ခန်းတစ်ခု ထပ်ဖွင့်လိုက်သည်။

ခင်ကြေးမုံရဲ့ အမေနဲ့ အစ်မအကြီးဆုံးက နဂိုရွှေဆိုင်ကို ကွပ်ကဲကာ အစ်မအငယ်နဲ့ ခင်ကြေးမုံတို့က ပတီလက်နမ်ဆိုင်ကို ကွပ်ကဲကြရသည်။

ဆိုင်ရှင်ညီအစ်မနှစ်ယောက်မှာ ခင်မဥ္ဇူ ဆိုသည့် အစ်မက သွက်လက် တက်ကြွသလောက် ခင်ကြေးမုံကတော့ လှုပ်တလှုပ်ကလေးနဲ့ အေးဆေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ လက်ရှိဆွဲနေသည့် ပလက်တီနမ် ဆွဲကြိုးကို ပုံစံ သိပ်မကြိုက်တာမို့ အသစ်လဲတာ။ ဝယ်နေကျဆိုင်မှာ မဝယ်ဘဲ ခင်ကြေးမုံရဲ့ ဆိုင်မှာ ပြောင်းဝယ်လိုက်တာပေါ့။

ဒုတိယအကြိမ်က အင်မတန် အနိုင်ကျင့်ပူဆာတတ်သော ညီမဝမ်းကွဲတစ်ယောက်အတွက် မင်္ဂလာလက်ဖွဲ့ကို ခင်ကြေးမုံတို့ဆိုင်မှာပဲ ဆင်တူလက်စွပ်လေးနှစ်ကွင်း အတိုင်းပေးပြီး အပ်တာ။

ပစ္စည်းအပ်တာမို့ သွားအပ်ချိန်တစ်ရက်။ ပြန်ရွေးချိန်တစ်ရက် နှစ်ရက်တောင် တွေ့ခွင့်ရသည်။

တတိယတစ်ကြိမ်ကတော့ အကောင်းပကတိ ရှိသေးသော ကိုယ့်ဆွဲကြိုးအဟောင်းကို ကိုယ့်ဘာသာပဲ ဖြတ်ပစ်လိုက်ပြီး ပြန်ဆက်ဖို့ သွားအပ်တာ။ အပ်တာကတစ်ခေါက်၊ ပြန်ရွေးတာက တစ်ခေါက်ဆိုတော့ ဒီတစ်ကြိမ်လည်း ကိစ္စတစ်ခုကြောင့်ပဲ နှစ်ကြိမ် သွားလိုက်ရသည်။

စုစုပေါင်းတော့ ငါးခေါက်။





အရှုံအရှုံး ချိန်ကိုက်ရွေးချယ်ပြီးမှ သွားတာမို့ အခေါက်တိုင်း ခင်ကြေးမုံနဲ့ပဲ တွေ့သည်။

ခင်ကြေးမုံဟာ ရိုးသားအေးဆေးသူလေး ဖြစ်ပေမဲ့ မိန်းကလေးကတော့ မိန်းကလေးပဲ မဟုတ်လား။

ယောကျ်ားလေး တစ်ယောက်ဟာ ကိုယ့်အပေါ် ဘယ်လို စိတ်သဘောထားရှိသည် ဆိုတာလောက်ကိုတော့ အကဲခတ်တတ်ပါသေးသည်။

ကြိုးပြန်ဆက်ဖို့ အပ်ထားသည့် ဆွဲကြိုး ပြန်ရွေးသည့်အခေါက်မှာတော့ ခင်ကြေးမုံဟာ စွန့်ရဲ့ စူးရဲသည့် မျက်ဝန်းအကြည့်တို့ကို မဝံ့မရဲ ရှောင်ဖယ်ရကောင်းမှန်း သိလာပြီ။ ပါးပြင်လေးမှာ နှင်းဆီပွင့်ဖတ်အရောင် ပန်းရဲရဲလေး သမ်းလာတတ်ပြီ။

စွန်က သေချာအောင် ကျသင့်ငွေရှင်းဖို့ မေ့ချင်ဟန်ဆောင်ကာ ဆိုင်က ထွက်သွားပြီးမှ နောက်တစ်ခေါက် ပြန်လှည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲဗျာ၊ ကျွန်တော် ငွေရှင်းဖို့ မေ့သွားလို့"

"ဟုတ်ကဲ့၊ ကျွန်မလည်း သိတော့သိလိုက်ပါတယ်၊ လှမ်းခေါ်တောင်းရမှာ အားနာလို့ ပိုက်ဆံက မဖြစ်စလောက်လေးဆိုတော့လေ"

"ဘာလဲဖြစ်ဖြစ် လုပ်ငန်းတစ်ခုအတွက် ကျသင့်ငွေကတော့ ကျသင့်ငွေပါပဲ၊ မေ့သွားတာ ကျွန်တော့်အပြစ်ပါ"

"ရပါတယ်ရှင်၊ ဝယ်နေကျဖောက်သည်တွေပဲ၊ ဒီလောက်ကတော့ ကိစ္စမရှိပါဘူး"

စွန်က ဆွဲကြိုးဆက်ခကို ကောင်တာပေါ်တင်ပေးလိုက်ပြီး ပစ္စည်းတွေကို လျှောက်ကြည့်နေလိုက်သေးသည်။

"ဒီဟဲန်းချိန်လေးက ဘယ်လောက်လဲခင်ဗျ"

စွန်က တစ်ခုမေးလိုက်တိုင်း ခင်ကြေးမုံက ပစ္စည်းကို မှန်ဗီရိုထဲကထုတ်၊ အလေးချိန်ရေးထားသော ကတ်ပြားလေးကို ဖတ်ကြည့်ပြီးလျှင် ဂဏန်းပေါင်းစက်ကလေးယူကာ ပေါက်ဈေးနှုန်းနဲ့ ချိန်ကိုက်ပြီးတော့ တွက်ချက်နဲ့ အလုပ်ကို ရှုပ်ရော။





စွန့်ပုံစံဟာ ဝယ်ဖို့ စိတ်ကူးမရှိမှန်း သေချာသည်။ နောင်တစ်ချိန် ဝယ်ချင်ဝယ်ရအောင် လေ့လာထားတာမျိုးလည်း မဟုတ်။ အနည်းဆုံး မဝယ်တာတောင် စိတ်ဝင်စားလို့ မေးမြန်းစုံစမ်းသည့်ပုံပင် မပေါက်ချေ။

ဒါပေမဲ့လည်း ခင်ကြေးမုံကတော့ စိတ်ရှည်လက်ရှည်၊ ကြည်ကြည်ဖြူဖြူပင် ပြပေးနေသည်။ ဘယ်လောက်တောင် ကြည်ဖြူလိုက်သလဲ ဆိုလျှင် ငွေထုပ်ကြီးပိုက်ကာ တစ်ခုပြီးတစ်ခု ကြိုက်ရာတွေ့တိုင်း ဝယ်နေသည့်ဝယ်သူတစ်ယောက်ကို ဆက်ဆံတာထက်တောင်မှ ကြည်ဖြူလိုက်သေးသည်။

"ဒီလက်စွပ်က ကျောက်နီတွေက အစစ်လားဟင်"

အမှန်တော့ မိန်းကလေးဝတ် လက်စွပ်ကလေးဟာ သူနဲ့ ဘာမှမဆိုင်။ အဲဒါကြီးကိုပဲ စွတ်အတင်း လိုက်မေးနေတာဟာ ကလေးဆန်လွန်းနေသလိုတောင် ထင်ရသည်။

မိန်းမပိုးမယ်ဆိုလည်း ပညာသားပါပါ၊ ပိပိရိရိ ပိုးပေါ့။ ကိုယ့်ကို အထင်ကြီးအောင် ခပ်တည်တည်လေးနေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခုလို သိသိသာသာ အတင်းကာရောကြီး ဖြစ်နေတာကျတော့ ကိုယ့်သိက္ခာ မငဲ့နိုက်ပေဘူးလား။ တစ်ဖက်မိန်းကလေးသာ အထင်သေးတတ်သူ တစ်ယောက်ဆိုလျှင် ကောင်းကောင်း အမှတ်လျော့ပြီ။

အင်း ... သနားတော့သနားစရာ။

ရီးသားပြီး မိန်းကလေးတွေနဲ့ ပတ်သက်လို့ အတွေ့အကြုံ မရှိရှာဘူး ထင်ပါရဲ့။

ခင်ကြေးမှုံက ကိုယ့်ဘာသာပဲ တွေးပြီး ကိုယ့်ဘာသာပဲ အမှတ်တွေ ပေးဖြစ်နေသည်။ စွန်ကတော့ ခေါင်းကို တမင်ငုံ့ထားသည့်ပုံကြီးဖမ်းကာ ကိုယ့်အပြုအမူဟာ ဣန္ဒြေပျက်မပျက်ဆိုတာကို ဝေခွဲဆန်းစစ်နိုင်လောက်အောင် အသိဉာဏ်မရှိပုံ(ခင်ရဲ့ရင်ကို နေ့ဖြိုး လိုက်တုန်းက ပုံစံမျိုး)နှင့်။

"ကျွန်တော် လောလောဆယ်တော့ ဘာဝယ်ရမှန်း မသိသေးဘူးခင်ဗျ၊ ဟိုလေ ... နောက်တစ်ခေါက်မှ လာခဲ့ဦးမယ်။ ဖြစ်ပါတယ်နော်"





ဩော် ... ဒီလူနှယ်။ ဝယ်သူပဲ။ ကိုယ်က လိုက်ကြည့်ပြီး မကြိုက်လျှင် မဝယ်ဘဲ နေလို့ရသည်။ ပက်ကင်ဖောက်ကြည့်ရသည့် ပစ္စည်းမျိုး မဟုတ်လို့ကတော့ ကြိုက်သလောက်ကြည့်။ ကိုယ့်ပိုက်ဆံပေးပြီး ဝယ်ရတာမို့ ကိုယ့်သဘောအတိုင်းပင်။ ဆိုင်ရှင်ကို ဘာမှ တောင်းပန်နေစရာ မလို။

"ရပါတယ်ရှင်၊ နောင်လည်း လမ်းကြုံရင် ဝင်ခဲ့ပါ၊ မဝယ်ဖြစ်လည်း ကိစ္စမရှိပါဘူး၊ ကြိုက်တာလေးတွေ့တော့လည်း ဝယ်သွားတာပေါ့"

"ဟုတ်ကဲ့၊ အခုလို အခွင့်အရေးပေးတာ ကျေးဇူးပါပဲ"

စွန်က လူတကာဝင်ကြည့်နိုင်သော ဆိုင်တစ်ဆိုင်ကို ဝင်ထွက်ကြည့်ရှုခွင့် ရလိုက်တာကိုပဲ အထူးအခွင့်အရေး ခံစားရသည့်အတွက် ဝမ်းသာအားရ ဖြစ်သွားပုံနှင့် ခါးတညွတ်ညွတ်၊ ခေါင်းတညိတ်ညိတ် လုပ်ပြရင်း ဆိုင်ထဲက ပြန်ထွက်လာခဲ့လေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



ဟိုပစ္စည်းကြည့်သလို၊ ဒီပစ္စည်းကြည့်သလိုနှင့် စွန်က မုန်ဘိရိုပေါ် နှင်းဆီပန်းအနီရဲရဲတစ်ပွင့်ကို ဖျတ်ခနဲ တင်လိုက်သည်။

ကြည့်လိုက်လျှင်တော့ လူမမြင်အောင် ခိုးဝှက်လုပ်သည့်ပုံ။ တကယ်တမ်းမှာတော့ လူမသိအောင် ခိုးလုပ်ရင်း ကိုယ့်ရဲ့ မပါးနပ်မှုကြောင့် လူသိခံလိုက်ရသလိုမျိုး ဖြစ်အောင် စွန်က တမင်တကာ ချိန်သားကိုက်ထားတာ။

ဒီလိုဖြစ်ဖို့က သိပ်တော့မလွယ်။ တစ်ဖက်လူကို ကိုယ်က ခိုးအကြည့်နဲ့ တစ်ဖက်က ကိုယ့်ကို လှမ်းကြည့်ချိန်ဟာ ထွက်တိကိုက်နေရမည်။ နောက်ပြီး ကိုယ့်ပုံစံဟာလည်း တစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာကို မသိလိုက်သည့်ပုံမျိုး ဖြစ်နေရဦးမည်။ ကိုယ့်ကိုယ်ကိုယ်တော့ လူလစ်ပြီ၊ ဟုတ်ပြီထင်ပြီး ခိုးကြောင်ခိုးဝှက် လုပ်လိုက်တာမျိုး။

ဒီနေရာမှာ ခင်ရဲရင့်လို ပါးနပ်သည့် မိန်းမျိုးဆိုလျှင်တော့ စွန့်ရဲ့ ဟန်ဆောင်ဖာတ်ကွက်ကြီးကို ရိပ်မိမှာပင်။ ရိုးသားအေးဆေးပြီး အလုပ်ထဲမှာ ကျွမ်းကျင်တာကလွဲလျှင် လူကဲခတ်တော့ ညံ့သော ခင်ကြေးမုံကတော့ မသိရှာ။ စွန်ဟာ တကယ့်ကိုရိုးရိုးသားသား ခိုးဝှက်လုပ်တာ။ သူ့လုပ်ရပ်ကိုလည်း ဘယ်သူမှ မမြင်နိုင်ဘူးလို့ ထင်နေတာဟုပဲ တွေးမိလေသည်။

ခင်ကြေးမုံက အလိုက်တသိပင် မသိဟန်ဆောင်နေပေးလိုက်သည်။ ကိုယ် မြင်လိုက်တာကို သူ သိသွားလျှင် ရှက်ရှာမှာစိုးရသည်လေ။

ခဏကြာတော့ စွန်က ဆိုင်ထဲ လှည့်ပတ်ကြည့်သလိုနဲ့ တဖြည်းဖြည်း အပေါက်ဘက် ရွေ့ကာ လစ်ထွက်သွားတော့သည်။





"ဟယ် ... မရဲ ... ခုမှ လာတယ်"

စွန် ထွက်သွားပြီး ဆယ်မိနစ်လောက်ကြာတော့မှ သူ့အကြောင်းနဲ့ ရောက်လာသော ခင်ရဲရင့်ကိုပဲ ခင်ကြေးမုံက အားမလိုအားမရ ဆီးပြီး အပြစ်တင်မိသည်။

"ဟယ်တော်၊ အခုမှ လာတယ်ပြောရအောင် တို့က ဘယ်အချိန်လာပါမယ်လို့ ချိန်းထားမိလို့လား"

"ချိန်းတော့မထားဘူးပေါ့"

"ဒါဖြင့်ရင် ဘာလို့လဲ၊ ဘာတွေ နောက်ကျသွားလို့လဲ"

"လူတစ်ယောက်ကို မတွေ့လိုက်ရလို့"

"လူတစ်ယောက် !"

အထူးအဆန်း ဖြစ်နေသော ခင်ကြေးမုံရဲ့ စကားကို ခင်ရဲရင့်က ချက်ချင်းတော့ နားမလည်။ ရှက်စနိုး နီရွှေးရွှေးမျက်နှာကလေးနဲ့ ပေါင်းပြီး ဘာသာပြန်ယူလိုက်တော့မှ ...

"သြော် ... ခင်ကြေးက ရည်းစားနဲ့ မိတ်ဆက်ပေးချင်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြီး မဟုတ်သေးပါဘူး မရဲရယ်"

"သူငယ်ချင်းအဆင့်ပဲလား၊ သူက ပရိုပို့စ် လုပ်ထားရဲ့လား"

"ဟင့်အင်း … အဲဒါလည်း မဟုတ်သေးဘူး"

"ဒါဆို"

"သူက ခင်ကြေးကို လာလာကြည့်နေတာ၊ ပထမတော့ ဆိုင်ကို ဟိုဟာလာဝယ်၊ ဒီဟာလာအပ်ပေါ့၊ ဒါတွေ ဒီပစ္စည်းတွေက တန်ဖိုးကြီးတွေဆိုတော့ သူလည်း အ ဘယ်ဝယ်နိုင်ပါ့မလဲ၊ နောက်အခေါက်တွေကျ ပစ္စည်းကြည့် ပြီး ပြန်ပြန်သွားတာပေါ့၊ ဒီတစ်ခါတော့လေ …"

ခင်ကြေးမုံက စားပွဲပေါ် တင်ထားသည့် နှင်းဆီပွ လေးကို ရွရွလေး ကောက်ကိုင်လိုက်ကာ …

"ဒါလေးထားသွားတယ်၊ သူ့ခမျာတော့ သူ့ကိုယ်သူ ဟုတ်လှပြီဆိုပြီး ခင်ကြေး အခြေအနေကို အကဲခတ်ပြီး မမြင်လောက်ဘူးထင်မှ ချသွားတာပဲ၊ ဘာရမလဲ ခင်ကြေး က သူ တစ်ခုခု မရိုးသားဘူး ဆိုတာ အစကတည်း





အကဲခတ်မိလို့ သူ့ဘက် မကြည့်ချင်ယောင်ဆောင်နေတာ၊ သူ လစ်တော့မှ ခိုးကြည့်လိုက်တော့ မှန်ဗီရိုပေါ် ဒီပန်း လေး တင်ထားပြီး ကော့နေအောင် လစ်ပြေးတော့တာ ပဲ"

ခင်ကြေးမုံကတော့ ဝမ်းသာအားရ ပြောနေတာပဲ။

င်ရဲရင့်မှာသာ (သံသယစိတ်များလှသည့်ဆိုဆို) ယောကျ်ားတစ် ာက်ဟာ ကိုယ့်ကို စောင့်ကြည့်လို့ ကြည့်နေမှန်းမသိဘဲ ျှကျူးလွန်ရလောက်အောင် ရိုးသားမှု ရှိပါရဲ့လားလို့ တွေးနေမိ ည်။

"သူနဲ့ ခင်ကြေး ပတ်သက်မှုက ဒီလောက်ကလေးပဲ လား"

"ဒါပေါ့ မရဲရဲ့၊ ခင်ကြေး အကြောင်းလည်း သိရဲ့သားနဲ့၊ အိမ်နဲ့ဆိုင်၊ ဆိုင်နဲ့အိမ်ပဲ ပတ်ချာလည်နေတာ၊ ယောကျ်ား လေးတစ်ယောက်နဲ့ သိကျွမ်းဖို့ဆိုတာ အဝေးကြီး"

ဒါတွေကြောင့်ပဲ စိတ်ပူနေရတာ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်အတွက် ယောက်ျားလေးသူငယ်ချင်းများတာ၊ ယောက်ျားလေးတွေနဲ့ ရင်းရင်းနှီးနှီး ခင်မင်ပေါင်းဖော်နေတာဟာ သိပ်စိတ်ပူစရာမဟုတ်။

ဘယ်ယောက်ျား လေးနဲ့မှ အထိအတွေ့ အဆက်အဆံမရှိဘူးဘဲ အစိမ်းသက်သက်ကလေး ဖြစ်နေတာကသာ ပိုပြီးတော့ အန္တရာယ်ကြီးမာတာ။

"မရီ ... ဘာတွေ တွေးနေတာလဲ၊ ဘာကို မကြိုက်တာလဲဟင်၊ ခင်ကြေးကို ဘာမှန်းမသိတဲ့ လူတစ်ယောက်နဲ့ သဘောမတူနိုင်လို့လား"

"အောင်မယ်လေး မချွေကြေးရယ်၊ ဟိုက ပန်းပေးတဲ့အဆင့်ပဲ ရှိသေးတာကို သူက သဘောတူမတူ စဉ်းစားတဲ့အထိ ဖြစ်နေပြီ"

"မဟုတ်ပါဘူး မရဲရယ်၊ သူကလည်း ရှေ့ဆက်တိုးမယ် မတိုးမယ်ဆိုတာ မသိနိုင်သေးပါဘူး၊ ကိုယ့်ဘက်က စိတ်ကူးကြည့်ရုံလေးပဲ ရှိသေးတာ"





"အဲဒါကိုက ခင်ကြေးဘက်က ပါနေပြီ၊ တကယ်လို့ သူကသာ စာတ်လမ်း စ,လာမယ်ဆိုရင် ခင်ကြေးတော့ ကောက်ခနဲ ပါသွားတော့မှာ"

ခင်ကြေးမှုက ရှက်စနိုး ဖြစ်နေသလိုမျိုး မျက်နှာနီနီလေးကို တစ်ဖက်လွှဲထားသည်။

ပုံစံလေးကိုက စိုးရိမ်စရာ။

မကောင်းမြင်တတ်တယ်ပဲ ပြောပြော၊ ခင်ရဲရင့်ကတော့ ယောက်ျားတွေကို မယုံပါ။ ကိုယ့်လူတွေက သိပ်ပြီးရိုးသား သိမ်မွေ့လွန်းအားကြီးနေလျှင် ပိုပြီးတော့တောင် စိုးရိမ်ရသေးသည်။

"သတိလည်း ထားဦးနော်၊ ခင်ကြေးက အတွေ့အကြုံရှိသေးတာ မဟုတ်ဘူး၊ ယောကျ်ားတွေအကြောင်း ဘာမှမသိဘူး၊ ဒီခေတ်ကြီးထဲမှာ လူလည်ပတ်ကားတွေက အများကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်က စေတနာနဲ့ သတိပေးလိုက်ပေမဲ့ ခင်ကြေးမုံကတော့ ပူပူပင်ပင် မရှိချေ။ ယောက်ျားတွေအကြောင်း ဘာမှ မသိဘူးလို့ ပြောရအောင် ပြောသည့်လူကိုယ်တိုင်ကရော ရည်းစားတစ်ယောက် ထားဖူးလို့လား၊ ယောက်ျားလေးတွေနဲ့ တရင်းတနှီး ပတ်သက်ဆက်ဆံဖူးလို့လားဟု စိတ်ထဲကနေ လှောင်သလိုလေးတောင် တွေးနေမိသေးလေသည်။

✧ ✧ ✧





ခင်ရဲရင့်ရဲ့ကားလေး ဆိုင်ရှေ့မှာ ရပ်သည်အထိ စွန်က သေချာအောင် စောင့်နေလိုက်သေးသည်။

ခင်ရဲရင့် ဆိုင်ထဲ ဝင်သွားတော့မှ သူလည်း ကားပေါ်က ဆင်းလိုက်ကာ ဆိုင်ထဲ လိုက်ဝင်လိုက်သည်။

ပုံစံကတော့ မစွံ့မရဲ၊ ရှက်စနိုး။ ပထမဆုံး ရည်းစားထားဖို့ ပြင်ဆင်နေသည့် လူပျိုပေါက်ကလေးတစ်ယောက်ရဲ့ဟန်။

ငွေသိမ်းကောင်တာမှာ ခင်ရဲရင့် ရှိနေတာကို ဆိုင်ထဲလှမ်းဝင်ဝင်ချင်းကတည်းက တွေ့ပြီးသားဖြစ်နေမဲ့ စွန်က မတွေ့ချင်ဟန်ဆောင်ထားသည်။ ခင်ကြေးမုံ ရှိရာဘက်ကိုတောင် ရဲရဲကြည့်ဝံ့သလို ဟန်မျိုးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



စွန်က လှမ်းမကြည့်ပေမဲ့ ခင်ရဲရင့်ကတော့ မြင်လိုက်ပြီးပြီ။ ကိုယ့်နောက်ကနေ ကပ်လျက်ပါလာတာဟာ မရှိးသားဘူးလို့လည်း သံသယဝင်လိုက်ပြီးပြီ။

နှစ်ယောက်ကြားက အခြေအနေကို မသိသော ခင်ကြေးမုံကတော့ ...

"မရဲ ... မရဲ ... ဟိုမှာ ဟိုတစ်ယောက်"

"ဘာလဲ"

"ဝင်ပေါက်နဲ့ အနီးဆုံးမှန်ပုံးနားမှာ ရပ်နေတဲ့တစ်ယောက်လေ၊ ရှပ်အကျႌ မီးခိုးရောင်၊ ဘောင်းဘီအနက်နဲ့"

"အင်း ... တွေ့တယ်"

"သူပေါ့ ခင်ကြေးပြောတာ"

တစ်ခဏအတွင်းမှာပဲ ခင်ရဲရင့်က အားလုံးကို နားလည်သဘောပေါက်လိုက်ပြီ။

ခင်ရဲရင့်တို့ရဲ့ ဆွေမျိုးအသိုင်းအဝိုင်းဟာ အင်အားတောင့်လွန်းပြီး အတော်များများကလည်း နာမည်ကြီးတွေမို့





ဘယ်သူနဲ့ ဘယ်သူဟာ ဆွေမျိုးတော်သည်ဆိုတာ အားလုံးက သိနေကြတာ။

ခင်ကြေးမုံဟာ ခင်ရဲရင့်ရဲ့ ညီမဝမ်းကွဲဖြစ်သည်ဆိုတာ စွန်လည်း သိမှာပင်။

လောကကြီးမှာ တိုက်ဆိုင်မှုတွေ အများကြီးရှိသည်ဆိုပေမဲ့ ဒီလောက် တိုက်ဆိုင်တာကြီးကတော့ မဖြစ်နိုင်။

စွန့်ရဲ့ ပထမကြိုးပမ်းမှုဟာ ခင်ရဲရင့်ရဲ့ အခင်ဆုံးသူငယ်ချင်းဖြစ်နေပြီး ဒုတိယကြိုးပမ်းမှုကတော့ ခင်ရဲရင့်ရဲ့ ညီမဝမ်းကွဲ ဖြစ်နေတာလေ။

သိပ်ရိုးသားသည်လို့ ခင်ကြေးမုံက အမှတ်ပေးထားသော ကောင်လေးဟာ စွန် ဖြစ်နေကတည်းက ဒီချဉ်းကပ်မှုဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဆိုတာ ခင်ရဲရင့်က သံသယဝင်ပြီ။

သိပ်ကို ခံစားမျှော်လင့်နေရှာသော ညီမငယ်ကို ခင်ရဲရင့်က သနားကြင်နာစွာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလေ ဆိုင်ထဲ ရောက်လာရင် ဘယ်သူ့ကိုမှလဲ ရဲရဲမကြည့်ဘူး၊ ဟိုကြည့် ဒီကြည့် ခဏလုပ်ပြီးတာနဲ့ ပစ္စည်းတစ်ခုခုထားပြီး ထွက်သွားရော၊ ပြီးခဲ့တဲ့ တစ်ပတ်တုန်းက ခေါင်းစည်းကြိုးလေးတစ်ခု ထားသွားတယ်၊ အဲဒီရှေ့တစ်ပတ်တုန်းက ကတ်လေးတစ်ခု၊ ပထမတစ်ခေါက်ကတော့ မရဲကို ပြတဲ့ နှင်းဆီပန်းလေး"

နှင်းဆီပန်း၊ ကတ်၊ ခေါင်းစည်းကြိုး။

အဖိုးတန်လိုက်တဲ့ လက်ဆောင်တွေပါလား။

စွန်ဟာ ခင်ကြေးမုံကို တန်ဖိုးမထားတာ သိသာနေပြီ။

ဒီလောက် တန်ဖိုးနည်းပြီး ကလေးကလားဆန်သည့် လက်ဆောင်မျိုးကို မုန့်ဖိုးနည်းနည်းပဲရသည့် ဆယ်တန်းကျောင်းသားလေးတွေလောက်ပဲ ပေးကြမှာ။ သူ့လို တက္ကသိုလ်က ဘွဲ့ရပြီး မိဘအလုပ်မှာတောင် ဝင်ကူနိုင်ပြီဖြစ်သည့် နှစ်ဆယ်ကျော်အစိတ်နီးပါးလူတစ်ယောက်က ပေးဖို့မသင့်ပါဘူး။





အနည်းဆုံးတော့ သူ ဝင်ထွက်သွားလာနေသည့် ဆိုင်ဟာ လက်ဝတ်ရတနာတွေ ရောင်းတာ။ မိန်းကလေးတိုင်း သဘောကျနှစ်သက်သည့်၊ နောက်ဆုံးပေါ် ဒီဇိုင်းဆန်း လက်ဝတ်လက်စားတွေ အစုံရှိသည်။ အဲဒီထဲက (တန်ဖိုးသိပ်မကြီးပါနဲ့ဦး) တစ်ခုခုလောက် ဝယ်ပြီး လက်ဆောင်ပြန်ပေးပါလား။

ခင်ရဲရင့်က မှိုတ်တိုတိုနဲ့ တွေမိရင်း ခင်ကြေးမုံကို လည်း သတိပေးရကောင်းမလားလို့ စဉ်းစားမိသေးသည်။

မဖြစ်သေးပါဘူး။ ခင်ကြေးမုံဟာ သူ့စိတ်ကူးလေးနဲ့ သူ ပျော်နေရှာတာ။ ကိုယ်က သွားသတိပေးလိုက်လျှင် အဖြေက နှစ်မျိုးဖြစ်သွားနိုင်သည်။

တစ်မျိုးကတော့ စိတ်ကူးပျက်ပြီး ဝမ်းနည်းနာကျင်သွားရှာတာ။

နောက်တစ်မျိုးကတော့ ကိုယ့်စကားကို မယုံဘဲ စိတ်ဆိုးသွားတာ၊ နှစ်ခုစလုံး ဘယ်တစ်ခုမှ မကောင်းဘူးဆိုတော့ မပြောတာပဲ ကောင်းပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်က စွန့်ရဲ့ လှုပ်ရှားမှုတွေကို မသိမသာ စောင့်ကြည့်နေသလို စွန်ကလည်း ခင်ရဲရင့်ရဲ့ အခြေအနေ ပြောင်းလဲမှုကို တစေ့တစောင်း အကဲခတ်နေတာပင်။

နှစ်ယောက်စလုံးက ကိုယ့်ကို တစ်ဖက်လူ အကဲခတ် ကြည့်နေသည်ဆိုတာ သိလည်းသိပြီး မသိဟန်လည်း ဆောင်နေ လိုက်ကြသေးကာ ကိုယ် မသိဟန်ဆောင်နေမှန်း တစ်ဖက်လူက သိနေသည်ဆိုတာကိုလည်း ပြန်သိနေသည်။

"ဟော ... တွေ့လား မရဲ၊ သူ ဘာလဲ မသိဘူး တစ်ခုချထားလိုက်ပြီ၊ အဲ ... ပြန်ထွက်သွားပြီတော့ အောင်မယ် ... ဒီတစ်ခါတော့ ခင်ကြေးကို လှည့်တောင် မကြည့်ဘဲနဲ့ ပြန်ထွက်သွားတာတော့"

ဟိုကဖြင့် သူမသိအောင် သူ့အခြေအနေကို အကဲခတ်သွားတာ သုံးခေါက်လောက်တောင် ရှိပြီ။ ညံ့ဖျင်းသည့် ခင်ကြေးကသာ မသိလိုက်တာ။

"လာ ... လာ ... သူ ဘာလေးထားသွားသလဲ မသိဘူး သွားကြည့်ရအောင်"





"လက်သည်းဆိုးဆေးပုလင်း"

"ဟင် ... ဟုတ်လို့လား၊ ခင်ကြေးတောင် မတွေ့ဘဲ မရဲက ဘယ်လိုလုပ် ပြောနိုင်တာလဲ"

"မယုံရင် သွားကြည့်လိုက်လေ"

ခင်ကြေးမုံက သွားကြည့်ပြီး အကြည်ရောင် လက်သည်းဆိုးဆေး (အကောင်းစားတံဆိပ် မဟုတ်) ပုလင်းလေးကို ယူလာကာ တအံ့တသြလေသံနှင့် ...

"အဟုတ်ပဲတော့၊ မရဲ ... ဘယ်လို တွေ့လိုက်တာလဲဟင်၊ သူ့ကို ကြည့်လည်းမနေဘဲနဲ့"

"ကိုယ်ကြည့်တာ လူသိအောင် ကြည့်ပြနေရင် အဲဒီလူ ညံ့လို့ပဲ"

"မျက်စိကလည်း လျင်ပါ့"

"ခင်ကြေးရယ် ... ဒါတွေက အံ့သြလောက်စရာ အရည်အချင်းတွေ မဟုတ်ဘူးဟဲ့၊ ဒီလောက်ကလေးတောင် မသိတာကမှ အံ့သြဖို့ကောင်းတာ၊ ကိုယ်လည်း အရောင်အဝယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာပဲ၊ ဒီလောက် မညံ့ပါဘူး၊ ယောက်ျားလေးတွေနဲ့ ပတ်သက်လို့ သိပ်မညံ့အောင် ကြိုးစားထား"

ခင်ကြေးမုံကတော့ ဘာကို ရည်ရွယ်ပြောမှန်း နားမလည်နိုင်စွာ မျက်လုံးလေး ကလည်ကလည်။

သူမ ပုံစံလေးကို အသည်းယားပေမဲ့ ခင်ရဲရင့်လည်း ဒီလောက်ပဲ သတိပေးနိုင်လေသည်။

◇ ◇ ◇



"ဟင်"

ဆံချေးတွေပေကျံနေသော လက်ကို အဝတ်စုတ်တစ်ခုနဲ့ သုတ်ရင်း ကားအောက်ထဲ တိုးဝင်ထားရလို့ ညောင်းညာနေသည့်ခါးကို ဆန့်ထုတ်လိုက်စဉ်မှာပဲ စွန်က အာမေဋိတ်သံတစ်ခု ပြုမိတော့သည်။

ခင်ရဲရင့် ...။

ဝပ်ရှော့ထဲ မောင်းဝင်လာသည့် ကားကြီးဟာ ခင်ရဲရင့်ရဲ့ ကားကြီးပဲ။

ကားမှန်တွေကို ရှားရောင်နေကာပြားတွေနဲ့ ကာထားသဖြင့် အထဲကို ရုတ်တရက် မမြင်ရသော်လည်း ကားတံခါး

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကာ ကြိုးသိုင်းခေါက်မြင့်အနက်ရောင် စီးထားသော ခြေထောက်ကလေးတစ်ဖက် ထွက်လာသည့် အခါမှတော့ သေချာသွားရပြီ။

အပြာရောင်လွှင်လွှင် ထဘီအနားစလေး၊ အဲဒီကတစ်ဆင့် ကုတ်ပုံစံလိုလို ကော်လာပြားကြီးကြီးနဲ့ ရှည်ရှည်ဖားဖား အင်္ကျီအဖြူရောင် လက်ပြတ်။

အဲဒီနောက်တော့ ဖြောင့်စင်းနက်မှောင်သော ဆံနွယ်တွေ ဝန်းရံထားသည့် ကြည်လက်လန်းဆန်းသည့် မျက်နှာလေး။

ခင်ရဲရင့်က စွန့်ကို မမြင်ပါ။ ဒီကားဝပ်ရှော့ထဲ စွန့်အဖေ ပိုင်ဆိုင်ပြီး လောလောဆယ် စွန့်က ဦးစီးလုပ်ကိုင်နေသည် ဆိုတာကိုလည်း သိစရာအကြောင်း မရှိပါ။ ဒီလိုနေရာမျိုးမှာ စွန့်ကို တွေ့ရလိမ့်မည်လို့ ခေါင်းထဲ လုံးဝမရှိသည့်ပုံစံမျိုးနဲ့ ခါတိုင်း ဝပ်ရှော့ကို ဦးစီးသော မန်နေဂျာ ဦးဇော်သက်ရဲ့ ရုံးခန်းဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။





လည်တိုင်ကြော့ကြော့၊ ခေါင်းမော့မော့နဲ့ ကိုယ့်ရှေ့က ဖြတ်လျှောက်သွားသော ခင်ရဲရင့်ကို စွန့်က အသည်းတယားယားနဲ့ လိုက်ကြည့်နေမိသည်။

ဒီမိန်းမဟာ ကိုယ်တိုင်က ဘယ်လောက်မှ မဟုတ်သေးတာတောင် ဒီလောက် ဘဝင်မြင့်သည့်ပုံ ပေါက်နေတာ၊ ဘွဲ့တွေ ဘာတွေရပြီး အဆင့်မြင့်မြင့် နေရာတစ်ခုကို ရောက်သွားလို့ကတော့ ခြေဖျားဟာ မြေပြင်အထက် တစ်ထွာအကွာလောက်မှာ လွတ်နေမည်ထင်သည်။

လူတစ်ယောက် အပေါ်ထားသည့် မုန်းခြင်း၊ ချစ်ခြင်းဆိုသည့် ခံစားချက်တွေဟာ အကျိုးအကြောင်းရှိတတ်မြဲ ဖြစ်ပေမဲ့ စွန့်ရဲ့ ခင်ရဲရင့်အပေါ် မုန်းသည့် ခံစားချက်ကတော့ အကြောင်းပြချက် မရှိပေ။

ဒီလိုပါပဲ။

ခင်ရဲရင့်ကလည်း သူ့အပေါ် အကြောင်းပြချက်မဲ့စွာ မုန်းနေလိမ့်မည်လို့ စွန့်က ယုံကြည်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာရုံးခန်းဆီ ဦးတည်သွားလိုက်သော ခင်ရဲရင့်က တကယ်လည်း စွန့်ကို မမြင်ပါ။ သူမ ကားပြင်နေကျ ဝပ်ရှော့ဟာ စွန့်တို့ပိုင်ဆိုင်သော ဝပ်ရှော့ပဲဆိုတာကိုလည်း မသိပါ။

"ကားက ဘာဖြစ်မှန်း မသိဘူး ဦးဇော်သက်ရေ၊ ကြည့်ပေးပါဦး"

"ရတယ်လေ၊ သမီး ပြန်လာယူမှာလား၊ တစ်ခါတည်း စောင့်ယူသွားမလား"

"လာကြိုမဲ့လူ မရှိဘူး ဦးဇော်သက်ရဲ့၊ ကားမှာပြီးတော့လည်း မပြန်ချင်လို့"

"ပြန်မယ်ဆိုရင် ကျွန်တော် ကားစီစဉ်ပေးမယ်လေ၊ ဒီမှာက အစမ်းမောင်းကြည့်ရမဲ့ ကားက တစ်စင်းမဟုတ်တစ်စင်း ရှိတာပဲ၊ ကားစမ်းရင်းနဲ့ လိုက်ပို့ပေးပါ့မယ်"

ခင်ရဲရင့်က အားနာပါးနာ စဉ်းစားမနေတော့ ကားကြီးထိုးထားပြီး ဝပ်ရှော့မှာ ထိုင်စောင့်နေဖို့လည်း သိပ်အဆင်





ပြေလှတာမှ မဟုတ်တာ။ သိပ်မကြာလောက်ဘူးထင်လို့သာ ဝပ်ရှော့ဘေးက စားသောက်ဆိုင်မှာ ခဏလောက် ထိုင်စောင့်နေရမှာ။ အခုလို ပြန်လိုက်ပို့ပေးမည့်သူရှိတော့လည်း အကောင်းသားပေါ့။

"အဆင်ပြေမယ်ဆိုရင်တော့ ကျေးဇူးပါပဲ ဦးဇော်သက်ရေ၊ ခင်ရဲလည်း သိပ်တော့ စောင့်ချင်လှတာ မဟုတ်ဘူး"

"ရပါတယ်၊ ဟော့ ... မောင်တိုး၊ သွားမေးလိုက်စမ်း၊ ဘယ်ကားအစမ်းထွက်ဖို့ ရှိသလဲလို့"

ဦးဇော်သက်က အနားက ဖြတ်သွားသော အလုပ်သမားလေးတစ်ယောက်ကို လှမ်းပြောလိုက်သည်။

မောင်တိုးဆိုသည့် ကောင်လေးက ကားပြင်ရုံဘက် လျှောက်လာကာ ဘယ်ကားပြင်ပြီးလို့ အစမ်းမောင်းကြည့်ဖို့ ရှိသလဲလို့ ဟိုဟိုသည်သည် လိုက်ကြည့်နေလေသည်။

"ရှတ် ... ရှတ် ... မောင်တိုး ... ခဏလာဦး"

စွန့်က အသံအုပ်အုပ်နဲ့ လှမ်းခေါ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခုကိုင်နေတဲ့ကား ပြီးပြီ အစမ်းမောင်းကြည့်မှာ"

"ဦးလေးဖော် မေးခိုင်းလိုက်တာ ကိုစွန် ကြားတယ်လား"

"အေး"

"ဒါဆို ဘယ်သူမောင်းမှာလဲ၊ ကျွန်တော် သွားမေးပေးမယ်"

အရင်ကတော့ ကားတစ်စင်း ကိုင်ပြီးလျှင် ပြင်သည့်သူကိုယ်တိုင်ပဲ စမ်းမောင်းနေကျပါ။ ဝပ်ရှော့မှာက အစိတ်ကားပြင်ဆရာလေးယောက် ရှိနေကာ အဆိုင်းလေးဆိုင်းနဲ့ ကိုယ့်အပိုင်း ကိုယ်တာဝန်ယူနေကြတာ။ ကိုယ့်ကား စမ်းဖို့ ကိုယ်တိုင်ထွက်ချင်ထွက်။ မဟုတ်လည်း စိတ်ချရသော လက်ထောက်ကိုလွှတ်တတ်မြဲ။

ဒီဝပ်ရှော့ကို စွန်က အုပ်ချုပ်သူနေရာက ရောက်လာတာဖြစ်ပေမဲ့ ကားပြင်သည့် ပညာကို နဂိုကတည်းကလည်း တတ်မြောက်ကာ စိတ်လည်းဝင်စားတာမို့ ကိုယ်တိုင် ဝင်ပြင်တာ။ ကိုယ်ပြင်သည့် ကားကို ကိုယ်တိုင်ပဲ စမ်းမောင်းတတ်တာ။





သို့သော် ဒီတစ်ခေါက်က ပြင်ပြီးသားကားကို အစမ်းမောင်းကြည့်ရုံမဟုတ်။

ညှို့သည့်တစ်ယောက်ကို လိုက်ပို့ဖို့ပါ ရှိနေတာမို့ ရှင်ကိုယ်တိုင် လုပ်ဖို့မသင့်တော်ဘူးဆိုသည့် အတွေးနဲ့ မောင်တိုး ကားမောင်းပေးမည့်သူကို လိုက်ရှာတာပင်။

"နေပစေ မောင်တိုး၊ ငါပဲ မောင်းမယ်"

"မဟုတ်ဘူး ကိုစွန်၊ အစ်မကြီးတစ်ယောက်ကို လိုက်ပို့ရမှာတဲ့၊ သူ့ကားကို ပြင်ထား"

"ငါ သိတယ်၊ ငါ မောင်းပို့ပေးမယ်"

"ဟုတ် ... ဟုတ်ကဲ့"

စွန်က ညစ်ပေနေသော အဝတ်အစားတွေကို လဲတော့ဘဲ ကားပေါ် တက်လိုက်ပါသည်။

မောင်တိုးကတော့ ကလေးပီပီ ရှည်ရှည်ဝေးဝေး စဉ်းစားမနေ။ သူ့ကို ခိုင်းတာပဲ လုပ်တတ်သူပီပီ အစမ်းမောင်းရမည့် ကားတစ်စင်းရှိသည့်အကြောင်းပဲ ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနားမှ ရပ်လာသည့် ကားကို မြင်တော့ ဦးဇော်သ
က မျက်လုံးပြူးသွားကာ တစ်စုံတစ်ခုပြောဖို့ ကြိုးစားလိုက်ေ
သည်။ စွန်က မျက်နှာရိပ် မျက်နှာကဲနဲ့ ဟန့်တားရလိုက်တာ
ဘာမှတော့ မပြောဖြစ်။

ခင်ရဲရင့်ကတော့ ကိုယ်သေား ထိုးရပ်လာသ
ကားဟာ ကိုယ်စီးရမည့်ကားလို့ပဲ သဘောထားကာ ခပ်တည်တည်
လေးပဲ တက်ထိုင်လိုက်သည်။

သူမလို အနေထား၊ အဆင့်အတန်းမျိုးဟာ
မောင်းသူ ဘယ်သူလဲဆိုတာ ငုံ့ကြည့်နေစရာ အကြောင်းမရှိဘူး
ဝပ်ရှော့က ကိုယ်ပြင်နေကျဝပ်ရှော့၊ အမြဲထိတွေ့ဆက်ဆံနေရ
စိတ်ချရသည့် မန်နေဂျာ ကိုယ်တိုင်က စီစဉ်ပေးတာမို့ စိုးရိမ်
မှ မရှိတာပဲ။

"ကားပြင်ပြီးသွားရင် ကိုယ်တိုင် လာယူမနေပါနဲ့၊ ကျွန်
တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်ပါမယ်"

"ဟုတ်ကဲ့ … ဒါဆိုလည်း ကျေးဇူးပဲ"





ခင်ရဲရင့် စကားဆုံးတာနဲ့ စွန်က ကားကို မောင်းထွက်ခဲ့လိုက်သည်။

အစကတော့ ကားမောင်းသူကို ခင်ရဲရင့်က စိတ်ဝင်တစား မရှိသေးပါ။ ကိုယ်နဲ့ ဆိုင်သည်လို့လည်း မထင်မိပါ။

နောက်မှ သတိထားကြည့်လိုက်တော့ ကားမောင်းသူဟာ သူမက ပြောစရာညွှန်စရာမလိုပဲ အိမ်ပြန်မည့်လမ်းကို တည့်တည့်မတ်မတ် ဦးတည်မောင်းနေတာပါလား။

ဒါဟာ တိုက်ဆိုင်မှုတစ်ခု ဖြစ်တော့ ဖြစ်နိုင်သည်။ ဒါပေမဲ့ ကားမောင်းသမားတစ်ယောက်ဟာ ကိုယ်သိမထားသူ တစ်ယောက်ကို လိုက်ပို့ရမယ်ဆိုလျှင် ဘယ်မှာနေသလဲ၊ ဘယ်သွားမှာလဲ၊ ဘယ်လမ်းက သွားရမလဲဆိုတာ ကားစထွက်ကတည်းက မေးရမှာ။ မဟုတ်လျှင် လမ်းမှားသွားတော့ တစ်ကွေ့တစ်ပတ်ကြီး ပြန်ပြီး မောင်းပေးရမှာ မဟုတ်လား။

"ဒီမှာ မင်း ဘယ်ကို မောင်းနေတာလဲ"

မင်း … တဲ့။



www.burmeseclassic.com

www.burmeseclassic.com



စွန့်ကျော့ပြင်က တွန့်ခနဲ ဖြစ်သွားရသည်။ ခေါ်သံက လည်း မညက်လိုက်တာ။

"အိမ်ပြန်မှာ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ အိမ်တော့ပြန်မှာ၊ ဒါပေမဲ့ မင်းက တို့ အိမ်ကို ဘယ်လိုလုပ် သိသလဲ"

စွန်က မျက်နှာကို နောက်သို့ တည့်တည့်လှည့်ကြည့် လိုက်ပြီး ...

"မခင်ရဲရင့်-အိမ်ကို ကျွန်တော်- သိထားသားပဲ"

"ဟဲ့"

ရုတ်တရက်ဆိုတော့ ဆံချေးတွေနဲ့ မည်းသည်း ပေကျံနေသော စွန့်ကို ခင်ရဲရင့်က မမှတ်မိပါ။ စုတ်စုတ်ပြတ်ပြတ် ဝပ်ရှော့အလုပ်သမားတစ်ယောက်က ကိုယ့်ကို သိနေသည့်အပြင် ရဲရဲတင်းတင်း ဆက်ဆံလိုက်တာကိုပဲ စိတ်ဆိုးသွားသေးသည်။

"မင်း ... မင်းက"

"ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"





ဒီတော့မှပဲ ခင်ရဲရင့်က အညစ်အပတ် အပေအကျံ တွေ ကြားထဲက မှုရင်းမျက်နှာကို မြင်အောင်ကြည့်ဖြစ်တော့ သည်။

"ရှင် ... စွန် ... မဟုတ်လား"

"ဟုတ်ပါ့ဗျား၊ ရဲရင့်သောငှက်လို့ အဓိပ္ပာယ်ရတဲ့ စွန်လေ"

"ရှင်က ဘယ်လိုလုပ်ပြီး ... နေပါဦး၊ ကျွန်မကို ပြန်ပို့မဲ့ ကားကို ရှင်က ဘာဖြစ်လို့ ဝင်မောင်းရတာလဲ"

ရုတ်တရက်ဆိုတော့ ခင်ရဲရင့် စိတ်ထဲမှာ စွန်က သူမကို ကားတင်ပြေးဖို့ ကြံစည်တာများလားလို့ တွေးမိသွား လိုက်သေးသည်။

ခင်ရဲရင့်ရဲ့ အတွေးကို စွန်ကလည်း ဖတ်လိုက်နိုင် ပါရဲ့။

တော်တော်လေးတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး တဲ့ မိန်းမပဲ။ စွန်လို လူတစ်ယောက်က နာမည်ပျက်၊ သိက္ခာကျ ခံပြီး သူမကို ကားတင်ပြေးမယ်လို့များ။ သူမှ့လို့ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ပြန်ပို့ရမယ်ဆိုတာ ကျွန်တော် မသိဘူး။ မောင်တိုးက ပြင်ပြီးသား အစမ်းထွက်မဲ့ကား ရှိရင် ညှော်သည်တစ်ယောက်ကို လိုက်မို့ပေးရမယ်လို့ ဦးလေးဖော်က ပြောတယ်ဆိုလို့ ကျွန်တော့်ကားကလည်း ပြင်ပြီး စမ်းမောင်း ကြည့်ရမှာနဲ့ တိုက်ဆိုင်လို့ ထွက်လာတာ"

"ရှင်က အဲဒီဝပ်ရှော့ကို ဘာလို့ အချိန်ကိုက် ရောက်နေရတာလဲ၊ ကျွန်မ ကား ဒီမှာ ပြင်နေကျဆိုတာ ဘယ်လို လုပ် သိတာလဲ"

ဖောင်းလ် ပြန်ပြီခင်ဗျာ။

တကယ်လို့ ဒါဟာ ဆောလုံးပွဲတစ်ခုဆိုလျှင်တော့ ခင်ရဲရင့် တစ်ယောက်နှစ်ဝါတစ်နီနဲ့ ကွင်းပြင်ထွက်သွားရချည်အပြင် နောက်ထပ်နှစ်ပွဲ ကစားခွင့်တောင် ပိတ်ပင်ခံလိုက်ရျှိုးချည်

သူမ စိတ်ထဲမှာ စွန်ဟာ အမြဲတမ်း သူမအကြောင်းပဲ စုံစမ်းသိချင်နေပြီး သူမအတွက် ရှင်သန်နေရသူတွေထဲက တစ်ယောက်လို့များ ထင်နေပုံရသည်။





"စဉ်းစားလည်း ကြည့်ပါဦးဗျာ၊ ခင်ဗျားကား ဘယ်မှာ ပြင်တယ်ဆိုတာ ကျွန်တော်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"ဒါဖြင့် ရှင်က အဲဒီမှာ ဘာလို့ ရောက်နေရတာလဲ"

"ရောက်နေတာ မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်လုပ်နေတာပဲ၊ ဒီဝပ်ရှော့က ကျွန်တော့် အဖေ ပိုင်တဲ့ ဝပ်ရှော့၊ ကျွန်တော့်ကို အမွေပေးထားတာ၊ သဘောကတော့ ကျွန်တော် ပိုင်တဲ့ ဝပ်ရှော့ဖြစ်သွားပြီပေါ့"

ဒီတစ်ခါတော့ ခင်ရဲရင့်တို့ ခံလိုက်ရပြီ။ မျက်နှာ ညို့တက်သွားကာ ဘာစကားမှတော့ ပြန်မပြောနိုင်ရှာ။

"ကျွန်မကို ရှေ့က လမ်းထိပ်မှာပဲ ချပေးလိုက်တော့"

"ဟော ... ဘာဖြစ်ရပြန်တာလဲ"

"ပိုင်ရှင်ကိုယ်တိုင်က လိုက်ပို့ရတယ်ဆိုတာတော့ မကောင်းပါဘူး၊ ကျွန်မက အလုပ်သမားတစ်ယောက်ယောက်လို့ ထင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဖြစ်နေတဲ့အတွက် မစီးချင်တာ မဟုတ်လား"

"အမှန်အတိုင်း ပြောရရင်တော့ ဟုတ်တယ်ရှင့်၊ ရွယ်တူ ယောက်ျားလေးတစ်ယောက် မောင်းတဲ့ ကားကို ကျွန်မ မစီးချင်ဘူး"

"အဲဒါ ခင်ဗျား မရိုးသားတာပဲ၊ တကယ်လို့ ကျွန်တော့်နေရာမှာ ခင်ဗျားနဲ့ သက်တူရွယ်တူ ဝပ်ရှော့အလုပ်သမားလေး တစ်ယောက်ဆိုရင် အေးအေးဆေးဆေး လိုက်စီးမှာပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်တော့်ကိုမှ သီးသန့်ရှောင်တဲ့သဘော၊ ကျွန်တော်နဲ့ ပတ်သက်ရင် စိတ်ထဲ အဖြောင့်မဟုတ်တဲ့ သဘောပေါ့"

"ရှင် ..."

ခင်ရဲရင့်က စိတ်ဆိုးလွန်းလို့ ဘာမှ ပြန်မပြောနိုင်ဘဲ ရှင်တစ်လုံးသာထွက်ပြီး နောက်ထပ် တအစ်အစ်နှင့် လည်ချောင်းထဲ ဆို့နေသည်။





"အလကား ပြောတာပါဗျာ၊ ကျွန်တော် ဒီလောက်အထိ မရိုင်းပါဘူး၊ မိန်းကလေးတစ်ယောက်ကို အဲဒီလောက် မှိုချိုးမျှစ်ချိုး မမြင်တတ်ပါဘူး၊ အထူးသဖြင့် ခင်ရဲရင့်ဟာ သာမန်ထက်ပိုတဲ့ မိန်းမမျိုးဆိုတာ ကျွန်တော် သိပါတယ်"

ဒါ လေပြည်နဲ့ လာချော့နေတာ။ သူက စကား ကောင်းလာပြောခိုက်မှာ ကိုယ်က အလိုက်အထိုက် ပြန်ပြောမိလျှင် သူနဲ့ မိတ်ဆွေအပေါင်းအသင်း ဖြစ်ရသည့်အဆင့်ကို ရောက်သွားလိမ့်မည်။

ကိုယ်ကလည်း ညှဲ့ဖျင်းဖွားနဲ့ သူ့ဝပ်ရှော့မှာမှ ကား သွားပြင်မိပေတာကိုး။

ဖွန့်စကားကို ခင်ရဲရင့်က အသိအမှတ်လည်း မပြု၊ ရှုလည်း မစိုက်သလိုသဘောနဲ့ ခပ်တည်တည်ပဲ နေပေးလိုက်သည်။

ခင်ရဲရင့်ဟာ အလွယ်တကူရောလို့ရမည့် မိန်းမ ဆေး မဟုတ်ဘူးဆိုတာ ဖွန်ကလည်း သဘောပေါက်သွားပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အတွက် အမြတ်ကတော့ ခင်ရဲရင့်ကို အိမ်အရောက် ကားမောင်းလိုက်ပို့ခွင့်ရပြီး သူမနဲ့ စကားပြောခွင့်ရလိုက်ခြင်းပဲပေါ့။

◇ ◇ ◇





သူရောက်မလာတော့ဘူး ဟု ခင်ကြေးမုံက ပြောလာသည့်အချိန်မှာ မျှော်လင့်ထားပြီးဖြစ်သော ခင်ရဲရင့်ကတော့ မထူးဆန်းတော့။

စွန့်မှာ ဘာရည်ရွယ်ချက် ရှိနေသလဲဆိုတာ အသေအချာ မသိပေမဲ့ သူဟာ ခင်ရဲရင့်ကို ရည်ရွယ်တိုက်ခိုက်နေသည်ဆိုတာတော့ သေချာသည်။

တကယ်ယုံကြည်ပြီး တကယ်ခံစားနေရရှာသော ခင်ကြေးမုံကိုတော့ သနားပါရဲ့။ ဒါပေမဲ့ ဒီကိစ္စ စောစောစီးစီး ပြီးပြတ်သွားသည့်အတွက် ကျေနပ်မိသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



စွန်ဆိုသည့် တစ်ယောက်ဟာ အုံ့ဩစရာလည်း ကောင်းပါရဲ့။

စိတ်ဝင်စားစရာလည်း ကောင်းရဲ့။ သူ့ရဲ့ လုပ်ရပ်တွေဟာ သူများတွေနဲ့ မတူ။

ယောက်ျားတွေထဲမှာ ခင်ရဲရင့်ရဲ့ စိတ်ဝင်စားမှုကို ရယူနိုင်သူဆိုလို့ စွန်တစ်ယောက်တည်း ရှိသေးသည်ဆိုတာကို တွေ့ခြင်း နှစ်ခုမြောက်ပြင်။

"ဝိုးတဝါးသူဖွားမင်း အရိုင်းကလေးဆီ

မြင်ပုံးထားတယ်

ရောက်အောင်သွားမှာပါ နေ့ခင်းချက်ရောက်ရှင်

တို့သူမှိုက်ရဲ့ အမှတ်မီအုံး

အို ... အရိုင်းကလေးရယ်

အို ... အရိုင်းကလေးရယ်"

ဆိုအောင်မယ့်။ တယ်ဖိုလည်း ညတ်ညောချိမြသည့် သီချင်းဆိုသံပါလား။





[illegible] ပထမဆုံးတစ်နေရာရာက သီချင်းဖွင့်နေတာလို့ [illegible] ထင်လိုက်မိသေးသည်။

ကြားဖူးနေကျဖြစ်သော်လည်း အမှတ်တမဲ့ သတိ [illegible]မိတော့ သီချင်းတစ်ပုဒ်။ ကိုယ်နားထဲ တည့်တည့်ကြီး ဝင် [illegible]သောအခါကျမှ သတိထားနားထောင်မိလိုက်တော့ အတော် [illegible]ထောင်လို့ကောင်းသား။

နေပါဦး။ ဒါ ရေဒီယို အသံတော့ မဟုတ်။ [illegible]တော့ တီးဝိုင်းနဲ့ သေသေချာချာ တီးနေတာမဟုတ်။ ဟော်လို [illegible]လေးတစ်လက်နဲ့ ဒေါင်ဒင်ဒေါင်ဒင် တီးနေရုံပင်။

ဟုတ်ပြီ။ ဒါဟာ ကာလသားတစ်သိုက် (ဒါမှမဟုတ် [illegible]တစ်ယောက်)က အိမ်ရှေ့မှာ ဗလာပွဲလာပြီး ပျော်ဖြေ[illegible]တာ။

[illegible] ဘယ်အချိန်က ဒီနားမှာ သီချင်းဆိုသံကြားရပြီဆိုလျှင် [illegible]သူကို စွန်ယောက် ဖြစ်နိုင်သည်။

[illegible]တစ်ယောက်က ခင်ရဲရင့် ဖြစ်ပြီး နောက်တစ်ယောက် [illegible]တော့ ဘေးချင်းကပ်လျက် အိမ်က ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်ထက် အသက်တစ်နှစ်ပဲ ပိုငယ်ပေမဲ့ ပုလဲဝတ်ရည်စိုးဆိုသည့် ကောင်မလေးဟာ အလွန်ကလေးဆန်ပြီး အင်မတန်လည်း ရှုပ်သည်။

မိန်းကလေး ချောချောတွေရှိသည့် အိမ်နှစ်အိမ် ကပ်လျက်ပေမဲ့ အနေအထားချင်းက သိသိသာသာ ကွာခြားသည်။

ခင်ရဲရင့်တို့အိမ်က ရှယ်တူ သူစိမ်းယောက်ျားလေး အဝင်အထွက် မရှိသလောက်။ ရှိခဲ့လျှင်တောင် အဲဒီလူတွေဟာ ခင်ရဲရင့်ဆီ လာတာ မဟုတ်။

ဘေးအိမ်မှာတော့ ကားတစ်စင်း၊ ဆိုင်ကယ်တစ်စင်း ဝင်လာပြီဆိုလျှင် ဇေဒင်မေးမနေနဲ့ အဲဒါ ပုလဲဝတ်ရည်စိုးရဲ့ ညှိသည်ယောက်ျားလေးတွေပင်။

ညှိသည်ကလည်း များမှများ။ ခြံတံခါးဟာ ပိတ်ထားရသည်ရယ်လို့ကို မရှိ။ တစ်ယောက် ပြန်သွားလို့ ပိတ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း နောက်တစ်ယောက် ရောက်လာလို့ ပြန်ဖွင့်ရတာပင်။





ဒီတော့ နှစ်အိမ်ကြားမှာ သီချင်းလာဆိုတာ ဖြစ်ပေမဲ့ သီချင်းရှင်ဟာ ခင်ရဲရင့်ကို ရည်ရွယ်တာဖြစ်ဖို့ထက် ပုလဲဝတ်ရည်စိုးကို ရည်ရွယ်တာဖြစ်ဖို့က ကိုးဆယ်ရာခိုင်နှုန်း ပိုများသည်။

အင်း ... ထင်သည့်အတိုင်းပါပဲ။ ပုလဲဝတ်ရည်စိုးတို့အိမ်ရှေ့မှာ ကားတစ်စင်း ရပ်ထားကာ ကားနောက်ဖုံးပေါ်မှာ ကောင်လေးတစ်ယောက်က ထိုင်လျက် ဂီတာတီးပြီး သီချင်းဆိုနေသည်။

ဟင် ...။

ထိန်ထိန်လင်းနေသော လမ်းမီးတတ်တိုင် အလင်းရောင်အောက်မှာ ရပ်ထားသည့် ကားဟာ ကိုယ့်မျက်စိနဲ့ စိမ်းလှသော ကားပါလား။

ပါလ်ဆာအစိမ်းပုပ်ရောင်ဆိုတာ ရှားရှားပါးပါး ကားအမျိုးအစား။ နောက်ပြီး ကားရဲ့ ရှေ့ဖုံးမှာ အနက်စင်းနှစ်ခု ထင်ထင်ရှားရှား ဆွဲထားသည့် ဒီဇိုင်းကလည်း နောက်တစ်စင်းနဲ့ တူနိုင်စရာ အကြောင်းမရှိ။



www.burmeseclassic.com

မှတ်မိပြီ။ ဒါဟာ စွန်နဲ့ရုံ့ကား။

အိမ်နေရာကို သူ ဘာလာလုပ်တာလဲ။ ဆယ်ကျော်

သက် မနူးမနပ်အလေးတစ်ယောက်လို ကွဲနောက်ပြီးပုံ

တက်ပြီး ဂီတာတီး သီချင်းဆိုလို့။

ဒါဟာ သူမကို ရည်ရွယ်တာ မဟုတ်ဘူးလို့

ခင်ရဲရင့်က သိပါရဲ့။

စွန်လို လူစွာမဟုတ်၊ ခင်ရဲရင့်လို မိန်းကလေးတစ်

ယောက်ကို အသေအလဲ လိုချင်နေလျှင်တောင်မှ ဒီလိုနည်းနဲ့

ချဉ်းကပ်မှာ မဟုတ်တာ သေချာနေသည်။

ဒါဖြင့် [illegible]

ဟုတ်မှာပါပဲ။ ကိုယ်က စွန့်ကို သိနေလို့

စွန် သီချင်းလာဆိုနေတာဟာ ကိုယ့်ကို ရည်ရွယ်တာများ

လေမလားရယ်လို့ တစ်ချက်အတွေးဝင်မိတာ။ တကယ်လို့များ စွန်

ဟာ သူမနဲ့ လုံးဝ မသိသော ယောက်ျားတစ်ယောက်ဖြစ်လျှင်

သူဟာ ပုလဲဝတ်ရည်စိုးဆီ လာတာပဲ ဖြစ်ရမည်လို့ သေချာပေါက်

တွက်ဆမိမှာပင်။



သူမဟာ အကျော်ကြီးဒင့်များ

ရှိုက်ကြီးဆိုင်ရှုတစ်ခုမှ

လား။

စွန်ဟာ ခင်ရဲရင့် ဘယ်မှာနေသည် ဆိုတာကိုလည်း

သိနေတဲ့ဟာ။

ပုလဲဝတ်ရည်စိုးနဲ့ ခင်ရဲရင့်တို့ဟာ အိမ်ချင်းကပ်လျက် ဖြစ်သည်ဆိုသည့် အချက်ကို မသိဘဲ နေစရာအကြောင်းမရှိ။

ကိုယ်ဘာသာ လျှောက်တွေးကြည့်နေမိပြီးတော့မှ ငါ့အတွေးတွေက သိပ်ပြီး အစွန်းထွက်လွန်နေသလားလို့ ခင်ရဲရင့်က ခပ်ရှက်ရှက် ဖြစ်သွားရသည်။

သူမဟာ စွန်နဲ့ ပတ်သက်ပြီး မသိစိတ်ထဲမှာ ဘယ်လောက်အထိ တွေးပြီး၊ စိတ်ချယုံကြည်ပြီး ဖြစ်နေမိပြီလဲ။

အိုး ... ရှက်စရာ။ ပြီးတော့ စိတ်နာစရာလည်း ကောင်းလိုက်တာ။

www.burmeseclassic.com



ဘယ်ယောက်ျားကိုမှ ခေါင်းထဲ မထည့်ခဲ့သည့် ခင်ရဲရင့်ဟာ ခပ်ရှုပ်ရှုပ် ခပ်လည်လည် လူတစ်ယောက်အကြောင်းကိုမှ အချိန်ပေး၊ နေရာပေးပြီး တွေးနေလိုက်ရတာ။

ဒါဟာ ကိုယ်ကပဲ ညံ့ဖျင်းလို့လား၊ သူကပဲ လည်ပတ်ပါးနပ်လွန်းလို့လား မသိနိုင်တော့ပါဘူး။

◇ ◇ ◇





သွားပြီ။

ဖျတ်ခနဲ မျက်နှာကို အမြန်လွှဲလိုက်ပေမဲ့ အချိန်မမီတော့။

သွက်လက်လျင်မြန်သော၊ လည်မွတ်ပါးနပ်သော ပုလဲဝတ်ရည်စိုးက ခင်ရဲရင့်ကို မြင်သွားခဲ့ပြီ။

ခြံချင်းကပ်လျက်နေလာတာ ကြာပြီမို့ ခေါ်ခေါ်ပြောပြော တရင်းတနှီး ရှိသော်လည်း စရိုက်ချင်းက မတူတာမို့ ခင်ရဲရင့်နဲ့ ပုလဲဝတ်ရည်စိုးတို့ဟာ သူငယ်ချင်းအရင်းအချာတွေတော့ ဖြစ်မလာခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ခင်ရဲရင့်ဟာ ပုလဲဝတ်ရည်စိုးရဲ့ ကိစ္စတွေကို စိတ်ဝင်တစား လုံးဝ မရှိတတ်။ ဟိုဘက်ခြံထဲကိုလည်း စပ်စပ်စုစု ချောင်းမြောင်းကြည့်ရှုတာမျိုး မလုပ်တတ်ပါ။

ဒီတစ်ခါတော့ ကိုယ့်ခြံထဲမှာ စာအုပ်တစ်အုပ်နဲ့ ဟိုလျှောက် ဒီလျှောက် စာကျက်နေရင်း ခြံထဲသို့ ဗွန်ရဲ့ကားကြီး ထိုးဆိုက်လာတာကို မြင်လိုက်တာမို့ ဘယ်လိုမှ ထိန်းချုပ်မထားနိုင်စွာ စပ်စုလိုက်မိတာ။

ဗွန်က ကားထဲက ဆင်းလာပြီး ခြံထဲမှာ ပုလဲဝတ်ရည်စိုးနဲ့ စကားပြောနေကြသည်။

မကြာတော့ ပန်းစည်းတစ်ခုပေးပြီး ပြန်ထွက်သွားရော။

ကိုယ်နဲ့ မဆိုင်သည့် လူနှစ်ယောက်ရဲ့ အပြုအမူတွေကို အစအဆုံး လိုက်ကြည့်မိလိမ့်မည်လို့ လွှမ်းခဲ့သည့် တစ်နာရီလောက်က ကိုယ့်ကို တစ်စုံတစ်ယောက်က ပြောလာလျှင် ခင်ရဲရင့်က စိတ်ဆိုးမာန်ဆိုး ဖြစ်မိမှာပင်။



အခုတော့ မသိစိတ်တစ်ခုရဲ့ လှုံ့ဆော်မှုအောက်မှာ ခင်ရဲရင့်ဟာ ဘေးခြံထဲကို မလုပ်စဖူး ပြူးပြဲစောင့်ကြည့်မိပြီ။

ခင်ရဲရင့်တို့များ ဘယ်လောက်အထိ သတိလက်လွှတ် ငေးမောနေလိုက်မိသလဲဆိုလျှင် ကားပြန်ထွက်သွားလို့ ခြံတံခါး လိုက်ပိတ်သော ပုလဲဝတ်ရည်စိုး ပြန်လှည့်လာသည်အထိ အကြည့် လွှဲဖယ်ဖို့ သတိမရဘဲ ငေါင်းစင်းစင်းကြီး မိနေပါလေရော။

ထင်ထားသည့် အတိုင်းပါပဲ။

ပုလဲဝတ်ရည်စိုးထံက ဂုဏ်ယူကြွားဝါသည့် အကြည့်တစ်ချက်က တန်းခနဲ ရောက်လာသည်။

သူမဟာ ခင်ရဲရင့်ကို အဲဒီလိုမျိုး ကြည့်ချင်နေတာကြာပြီ။

ရုပ်ရည်၊ ဂုဏ်သတင်းကျော်ကြားမှု၊ ပညာအရည်အချင်း၊ လူတွေရဲ့ တန်ဖိုးထားလေးစားခံရခြင်းတွေမှာ ခင်ရဲရင့်ဟာ သူမထက် အပြတ်အသတ် သာလွန်နေတာကို ပုလဲဝတ်ရည်စိုးက မနာလိုဝန်တို ရှိလှသည်။

www.burmeseclassic.com



သူမဘက်က ခင်ရဲရင့်အပေါ် တစ်မျိုးထဲသော အနိုင်ယူလို့ရသည့် အချက်မှာ ယောက်ျားမွေးလေးတွေရဲ့ ဝိုင်းဝိုင်းလည်စိတ်ဝင်စားခံရခြင်းပင်။ (ဒါတောင် သူမက ယောက်ျားလေးတွေနဲ့ အရောတဝင် နေတတ်ပြီး ခင်ရဲရင့်က အနေတည်လွန်းလို့သာ သူမ ဆေးမှာ ယောက်ျားပရိသတ်များနေရတာ။)

ပုလဲဝတ်ရည်စိုးကတော့ နာမည်ကြီး၊ လူသိများ ထင်ရှားသော ကောင်လေးတစ်ယောက်ယောက်က သူမကို ချဉ်းကပ်လာပြီဆိုတာနဲ့ ခင်ရဲရင့် တစ်ယောက်များ သိနေမလားလို့ ဂုဏ်ယူဝင့်ကြွားသည့်ပုံစံမျိုး အမြဲလုပ်တတ်တာ။

အရင်ကတော့ ဒါတွေဟာ ခင်ရဲရင့်အတွက် စိတ်ဝင်စားစရာ မကောင်းခဲ့။ တစ်ခါတလေများ သူ့ဘက်က တစ်ဖက်လှည့်နဲ့ ကြွားဝါပြနေတာတွေကို ခင်ရဲရင့်က သိတောင်မှ မသိ။ ဆေးလှူပြန်ပြောမှပဲ သိလိုက်ရတာတွေ ရှိသေးသည်။

ဒီတစ်ခါတော့ ကိုယ် ချောင်းမြောင်းကြည့်လိုက်မိတာကြီး ပက်ပင်းမိနေပြီ။ ရှက်လိုက်တာ။





ခင်ရဲရင့်က အိုးတိုးအန်းတန်း ကိုယ့်မျက်နှာကြီးကို ကြာရှည်မမြင်စေချင်လို့ လှည့်ထွက်သွားဖို့ စိတ်ကူးလိုက်သော်လည်း ...

"ခင်ရဲ စာကျက်နေတာလား"

အခွင့်အရေးကို လက်လွှတ်မခံတတ်သော ပုလဲဝတ်ရည်စိုးထံက ခေါ်သံက အရေးတကြီး ထွက်ပေါ်လာသည်။

"ဟုတ်တယ် ... အိမ်ထဲမှာ ကျက်ရတာ ညည်းညူလာတာနဲ့လေ၊ ခြံထဲမှာဆိုတော့ အပင်လေးတွေ ဘာတွေကြည့်ရတာ စိတ်ကြည်နူးသေးတယ်"

ဘာရယ်မဟုတ်ဘဲ ပြောလိုက်တာဖြစ်ပေမဲ့ ကိုယ့်စကားက ကိုယ့်ရဲ့ မလုံသောစိတ်ထားကိုများ ဖော်ပြနေလေသလားလို့ ခင်ရဲရင့်က သံသယဝင်မိသေးသည်။

အဲ ... နောက်ပြီးတော့ ပုလဲဝတ်ရည်စိုးရဲ့ တုံ့ပြန်ပြုံး။ ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘဲ သရော်လှောင်ပြောင်ချင်သည့် အပြုံးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဟုတ်တယ်။ အိမ်မဲ့မှာချည်း ကုပ်နေတာ မကောင်းဘူး။ ခင်ရဲ့ရှင်ရဲ့ အမြင်ကို တွေ့ခွင့်ရတော့မှ စိတ်အပြောင်းအလဲလည်းဖြစ် အမြင်လည်း ကျယ်မှာ"

သေချာပါပြီ။ ဆင်းတော့ ငါ့ကို ခေါ်နေပြီ။

ခင်ရဲ့ရှင်က မခံချင် ဖြစ်သွားသော်လည်း ကိုယ့်အပြစ်နဲ့ကိုယ်မို့ ဘယ်လိုမှ ပြန်မပြောသာ။

"ဒီနေ့က ပြန်သွားရော့ ဆုတ်ယောက်ကို ခင်ရဲ့ရှင် သိမလား မပြောတတ်ဘူး။ သူ့အကြံဖိအယ်လ်မှာတော့ နာမည်ကြီးပဲ၊ စွန်ဆိုတာ၊ "သူ့အမေက စကိုင်းဟိုတယ်ပိုင်ရှင်လေ"

စကိုင်းဟိုတယ်။

ကြယ်ငါးပွင့်အဆင့်ရှိသည့် ကြီးမားခံ့ထည်လှပ်သော ဟိုတယ်ကြီးကိုတော့ ခင်ရဲ့ရှင်က သိပါသည်။ ဒါပေမဲ့ အဲဒီဟိုတယ်ပိုင်ရှင်ဟာ ဘယ်သူဘယ်ဝါဆိုတာကိုတော့ မသိခဲ့။ ကိုယ်ကပဲ ညံ့လွန်းတာလား၊ ပုလဲဝတ်ရည်စိုးကပဲ ဗဟုသုတ စုံတာလားတော့ မသိချေ။





"နာမည်ကြီးဖို့ လူကလည်း ခပ်တည်တည်နဲ့ နေတတ်တော့ မိန်းကလေးတွေက ဝိုင်းပြီး စိတ်ဝင်စားကြတော့တာပေါ့"

"သြော် ... သြော်"

စွန်နဲ့စ ဒီလောက်တောင် မှ နာမည်ကြီးသတဲ့လား။ သူ မပြောမှပဲ သိရတော့သည်။ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတုန်းက တော့ ဒီလိုလူမျိုးဟာ ဂရုစိုက်စရာရယ်လို့တောင်မှ မထင်မိတာ။

အင်းလေ။ သူ့အမေ ဘာကြီးဖြစ်ဖြစ်၊ သူ ဘယ်လောက်ပဲ နာမည်ကြီးကြီး ခင်ရဲ့ရှင့်အတွက်ကတော့ သိပ်မထူးခြားလှပါဘူး။

"သူ့အဲဒေါ်တောင် ပြောနေသားပဲတယ်၊ ဘေးခြံက ခင်ရဲ့ရှင့်ကိုခြင်း ဟုတ်လားတဲ့၊ သူ ခဏခဏ လိုက်ပို့ဖူးတယ်တဲ့၊ ခင်ရဲ့နဲ့ သူက သိနေကြတာလား"

တောက် ...။ ကြည့်စမ်း။

ဒါ တမင်သက်သက် လုပ်ကြံတာ။ ပြောဖို့ မလိုအပ်တာကြီးကို ပြောသွားပြီး ခင်ရဲ့ရှင့်ကို ချောက်ချသွားတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခါလိုက်ပို့ဖူးတယ်ဆိုတာလည်း မဟုတ် မမှန်လိမ်လည်ပြောတာ မဟုတ်ပေမဲ့ သူဆိုလိုသည့် အဓိပ္ပာယ်မှ မဟုတ်တာ။

သူ့အိမ်ကို လိုက်ပို့ရတာက အသိမိတ်ဆွေ တစ်ယောက်ကို အကူအညီပေးရတာမျိုး မဟုတ်။ တက္ကစီဒရိုင်ဘာ တစ်ယောက်က ခရီးသည်ကို လိုက်ပို့သလိုမျိုး ပို့ရတာပဲ။

သူ ပြောလိုက်ပုံကျတော့ ခင်ရဲရင့်နဲ့ သူဟာပဲ ဘာလိုလို ညာလိုလို။

"သိတယ်ရယ်တော့ မဟုတ်ပါဘူး။ သူကတော့ သိမသိ မပြောတတ်ဘူးလေ၊ အိမ်ကို လိုက်ပို့တယ်ဆိုတာလည်း ကားသွားပြင်တော့ ဝပ်ရှော့က မန်နေဂျာက ခင်ရဲ အိမ်ပြန်ဖို့ စီစဉ်ပေးလို့ ကြုံကြိုက်ပြီး လိုက်ပို့ဖြစ်တာပါ"

"သြော် ... ဟုတ်တယ် ... ဟုတ်တယ်၊ စွန်က အခု သူ့အဖေရဲ့ ဝပ်ရှော့ကို ဦးစီးပြီး လုပ်နေတာလေ၊ ခင်ရဲက အဲဒီမှာ ကားပြင်တာလား"





ပြောပုံကြီးက အဲဒီဝပ်ရှော့ကပဲ စွန့်ရဲ့ ဝပ်ရှော့ မှန်းသိလို့ တမင်ကြီး သွားပြင်တာလိုလို။

တကယ်တော့ ဒီဝပ်ရှော့ဟာ ဖေဖေ့ မိတ်ဆွေတစ်ယောက်က တစ်ဆင့် ဆက်စပ်မိပြီး ပြင်လာခဲ့တာပဲကြာပြီ။ စွန် တာ ဘယ်သူလဲ သိကို မသိသေးခင်ကတည်းက။

"အင်း"

ခင်ရဲရင့်က မသက်မသာပဲ အဖြေပေးလိုက်ပါသည်။

"ဘာများဖြစ်တယ် မသိရပါဘူး၊ မိန်းကလေးတိုင်းက ကြိုက်ရတဲ့ စွန်ကလေ ပုလဲကို အတင်းပဲ လိုက်ကပ်တာ၊ တွေ့ဖူးကြတာလည်း သိပ်မကြာသေးဘဲနဲ့ ဒီလောက် သည်းသည်းလှုပ် ဖြစ်နေတာလည်း အံ့ဩစရာပဲ သိလား၊ ခင်ရဲ ကြားမလား မသိဘူး၊ ညနေဆို အိမ်ရှေ့မှာ ကားထိုးရပ်ပြီး သီချင်းဆိုနေတာလေ၊ သူ့ပုံကြည့်တော့ မာနကြီးသလိုလို၊ ခပ်တည်တည်ကြီး နေတတ်သလိုနဲ့ ဒါမျိုး လုပ်တတ်မယ်လို့တောင် မထင်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဝတ်ရည်စိုးက ကြွားဝါသလိုလေး ပြောနေသေးသည်။

အံ့သြစရာကောင်းတာ တစ်ခုကတော့ သူမရဲ့စကားတွေအတွက် ခင်ရဲရင့်က မခံချိ မခံသာ ဖြစ်မိခြင်းပါပဲ။

ဘာဆိုင်လို့လဲနော်။

မိန်းကလေးတစ်ယောက်က ကိုယ့်ကို သဘောကျနေသည့် ယောကျ်ားလေးတစ်ယောက်အကြောင်း ပြောတာကို ခင်ရဲရင့်က မဆီမဆိုင် ဘာကြောင့်ဝင်ပြီး မခံချင် ဖြစ်နေရမှာလဲ။

"သူက ထူးတော့ထူးခြားတယ်၊ ပုလဲကို ကြိုက်လို့ ချဉ်းကပ်လာတာမှန်း သိသိသာသာကြီး ဖြစ်ရဲ့သားနဲ့ ပါးစပ်ကကျတော့ ဘာတစ်ခုမှ မပြောဘူး၊ ကြည့်ရတာ ဒါမျိုးအတွေ့အကြုံ မရှိဘဲ သိပ်ရှက်တတ်တဲ့ ကောင်ကလေးမျိုးထင်တယ်"





တော်ပါတော့၊ တော်ပါတော့။ ကိုယ်နဲ့လည်း မဆိုင်ပါဘဲ စိတ်ထဲ နိုးလိုးခုလု ခံရခက်သည့် စကားတွေ မကြားပါရစေနဲ့တော့။

ခင်ရဲရင့်က စိတ်လိုက်မာန်ပါ လှည့်ထွက်ဖို့ပြင်လိုက်ပြီးတော့မှ သတိရကာ ပုလဲဝတ်ရည်စိုးကို မကောင်းတတ်စွာ နှုတ်ဆက်လိုက်ရလေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ကျွိ"

ပုလဲဝတ်ရည်စိုးတို့ လမ်းရှေ့က အထွက်မှာ စွန့်ကားနဲ့ ခင်ရဲရင့်ရဲ့ကားတို့ ခေါင်းချင်းဆိုင် တိုက်မိမတတ် ဖြစ်ပြီးမှ အသီးသီး ရပ်တန့်သွားရသည်။

ပုံစံကြည့်လိုက်လျှင်တော့ ဒါဟာ မတော်တဆ တိုက်ဆိုင်မှုတစ်ခုပင်။

ဒါပေမဲ့ အခုလိုမျိုး တိုက်ဆိုင်ရလေအောင် စွန့်ခများ မနည်းကြိုးစည် ချိန်ဆထားရတာ ဖြစ်လေသည်။

ခင်ရဲရင့်တို့ ပုလဲဝတ်ရည်စိုးတို့ရဲ့ အိမ်တွေဟာ လမ်းသွယ်ကလေးတစ်ခုအတွင်းမှာ ရှိပြီး အဲဒီကနေ ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် နည်းနည်းပိုကျယ်သော လမ်းကို ရောက်မည်။ အဲဒီကတစ်ဆင့်မှ လမ်းမကြီးပေါ် တက်ရမှာ။

စွန်က လမ်းသွယ်ကလေးကနေ လမ်းကျယ်ဘက် ချိုးမည့်ထောင့်မှာ ကားကို ရပ်ထားပြီး ခင်ရဲရင့် ကားလေး ထွက်လာတာမြင်မှ ချိန်ကိုက်လျက် ဝင်တိုးတာ။

တိုးမိပြီးသွားတော့လည်း ဆက်မောင်းသွားတာ နောက်ဆုတ်ရှောင်ပေးတာတွေ မလုပ်ဘဲ ခင်ရဲရင့် ကားရှေ့မှာ ကန့်လန့်ကြီး ပိတ်ရပ်ထားလိုက်ဆဲ။

ပထမတော့ ခင်ရဲရင့်က သည်းခံစောင့်နေလိုက်ပါသေးသည်။ ကိုယ့်ဘက်က တစ်ခုခု လှမ်းပြောလိုက်လျှင် သူက စကားတွေ အမျှင်မပြတ်အောင် ဆက်ရှည်နေတော့မှာကို သိတာမို့ မပြောဘဲနေမိအောင် ထိန်းထားတာ။

သို့သော် စွန် လုပ်နေသည့် အချိုးက ဘယ်လိုမှ ထိန်းထားလို့မရတော့။

"ကားကို ဖယ်ပေးလေ၊ ဘာလုပ်နေတာလဲ"



စွန်က ကိုယ့်ရင်ဘတ်ကိုယ် လက်နဲ့ ဖိပြလိုက်ပြီး ...

"ရင်တွေ အရမ်းတုန်နေတယ်၊ မောင်းလို့ မရသေးဘူး"

"ဘာ"

"ခင်ဗျား စဉ်းစားကြည့်ဗျာ၊ ကားချင်းဝင်တိုက်မိမလို ဖြစ်ခဲ့ထားရတာ၊ လူက မတုန်လှုပ်ဘဲ နေပါ့မလား"

မဖြစ်နိုင်တာ။ မိန်းမသားဖြစ်သည့် ခင်ရဲရင့်တောင် ဘာမှမဖြစ်တာကြီးကို သူက ယောကျ်ားကြီးတန်မဲ့ တုန်လှုပ်ရလား။ အခုမှ ကားစမောင်းဖူးတာလည်း မဟုတ်။

"ဖယ်မှာသာ ဖယ်စမ်းပါ၊ အပိုတွေ လျှောက်ပြောမနေနဲ့"

"တကယ်ပြောတာ၊ ကျွန်တော့်စိတ်က သိပ်မမှန်ဘူး ဖြစ်နေလို့"

"ကျွန်မ ကျောင်းနောက်ကျတော့မယ်ရှင့်၊ ရှင် တမင်သက်သက် လုပ်နေတာ မဟုတ်ဘူးဆိုရင် ကားကို မြန်မြန်ရွှေ့ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အတော်လေးတော့ တည်ငြိမ်သည့် မိန်းမပဲ။ သူ့ စိတ်ဆိုးစရာ အလုပ်မျိုး လုပ်ပြတာတောင် မျက်နှာက စိတ်ဆိုး သည့်မျက်နှာ တစ်ချက်မပေါ်လွင်။

လုပ်သင့်လုပ်ထိုက်တာ တစ်ခုကို အေးအေးဆေးဆေး ပြောပြနေသည့် ပုံစံမျိုး။

အခုအချိန်အထိ ခင်ရဲရင့်ဟာ သူ့အပေါ် လမ်းသွား ရင်း တွေ့ရသည့် သူစိမ်းတစ်ရံစာ တစ်ယောက်ဆိုသည့် သဘော ထက် မပိုသေးဘူးလား။

စိတ်တောင် ပျက်ချင်လာပြီ။

အစကတည်းက နေဖြိုးကတော့ ပြောသား။ ခင်ရဲရင့် ဟာ မယုံနိုင်လောက်အောင် စိတ်ဓာတ်မာကျောကြံ့ခိုင်သည့် မိန်းမတစ်ယောက် ဖြစ်သည်ဆိုတာ။

"ဒီမှာ ..."

"ဟိုလေ ... ကျွန်တော် တစ်ခုလောက် လူကြုံပါးလိုက် လို့ ရမလား"





စွန်က အရဲစွန့် ပြောရသည့် ပုံစံမျိုးနဲ့ မျက်နှာလေး ခပ်ငယ်ငယ်၊ လေသံက တွန့်ဆုတ်ဆုတ် လုပ်ထားသည်။

ခင်ရဲရင့်က ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ စွန်က ကားပေါ်က ဆင်းလိုက်ကာ အသင့်ဆောင်လာသော ပါကင်ထုပ် တစ်ထုပ်ကို ခင်ရဲရင့် ကားထဲထည့်ပေးလိုက်ကာ ...

"ဒါလေး ပုလဲကို ပေး,ပေးပါ"

"ဘာ ... ဘာပြောလိုက်တယ်"

"ဟို ... ဒါလေး ... ပုလဲကို ..."

"ဘာပြောတယ်"

"ပုလဲကို တိုက်ရိုက်မပေးရဲလို့ပါ၊ ခင်ရဲရင့်နဲ့က အိမ်ချင်း နီးတယ်ဆိုတော့ ပေး,ပေးဖို့ ဝန်မလေးဘူးလားလို့"

ဒီလူတယ်လွန်ပါလား။

သူ့ ပစ္စည်းပေးချင်သည် ဆိုတာရယ်၊ တိုက်ရိုက် မပေးရဲဘူး ဆိုတာရယ်ဟာ လုံးဝမဖြစ်နိုင်ဘူး ဆိုတာ သိရင်မှ ဒီလို ဇာတ်ကွက်မျိုးထွင်တာကိုတော့ ဘယ်လိုမှ သည်းမခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲရင့်ကို ဒါမျိုး လာဆက်ဆံရအောင် အရူးလား။ ပုလဲဝတ်ရည်စိုးတို့လို မိန်းကလေးမျိုးနဲ့ ဒီကိစ္စမျိုး ပတ်သက်ဖို့ နေနေသာသာ စကားအဖြစ် ပြောတာတောင် မခံနိုင်။

"ဒီမှာ ... ရှင် ဒီပစ္စည်းကို တကယ်ပေးချင်တာ ဟုတ်လား၊ မဟုတ်လားတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ ကျွန်မက တစ်ဆင့် ပေးခိုင်းမယ် ဆိုတာကတော့ လုံးဝမရှိသားတဲ့ အကြံအစည်ပဲ၊ ရှင့်ကို တစ်ခုပဲ မှာထားမယ်၊ ခင်ရဲရင့်ဟာ အပျော်အပြက် နောက်ပြောင်စရာ မိန်းမတစ်ယောက် မဟုတ်ဘူး၊ ဒါကိုတော့ သဘောပေါက်ထားပါ"

ပြောပြီးတာနဲ့ ခင်ရဲရင့်က ကားခုန်ကို တင်လိုက်ပြီး စွန့်ကို ကားဖယ်ပေးဖို့လည်း ပြောမနေတော့ဘဲ ကိုယ့်ကားထဲမှာသာ စိတ်အေးလက်အေး ထိုင်စောင့်နေလိုက်တော့သည်။

◇ ◇ ◇





သိတယ်၊ သိတယ်။ ဒါကြောင့် ဒီအိမ်ကို မလာချင်တာ။

အိမ်ကလူတွေကလည်းလေ။ နှစ်ပေါင်းများစွာ အတူနေလာသည့် အိမ်နီးနားချင်းတွေပဲဟာ။ အလှူဖိတ်တာ ကိုယ်တိုင်မဖိတ်နိုင်လည်း အိမ်က အလုပ်သမား တစ်ယောက်ယောက်လွှတ်ပြီး ပြောခိုင်းလိုက်လို့ ရသည်။

အခုတော့ မဟုတ်ပေါင်။ သူတို့ အယူအဆကိုက ကိုယ့်အလှူကို တကယ်လာစေချင်လျှင် တကယ်ပဲ ကိုယ်တိုင်သွားပြီး လေးလေးစားစား ဖိတ်ရမငဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ကိုယ်တိုင်သွားနိုင်တာ မဟုတ်ဘဲနဲ့ ကြိုးကျယ်နေကြတာ။ နောက်ဆုံးတော့ တကယ် သွားဖိတ်ရသူက ခင်ရဲရင့်ပဲ ဖြစ်နေသည်။

တခြားအိမ်တွေက ကိစ္စမရှိ။ ပုလဲဝတ်ရည်စိုးတို့ အိမ်ကျတော့ မမနဲ့တွေ့မှာ စိုးရိမ်ရသေးသည်။

တစ်လမ်းလုံး ပုလဲဝတ်ရည်စိုးနဲ့ မတွေ့ရပါစေနဲ့လို့ ဆုတောင်းလာခဲ့သော်လည်း ခင်ရဲရင့်တို့ ကံဆိုးပါသည်။ ခြံထဲ ဝင်လိုက်တာနဲ့ အရင်ဆုံး တွေ့ရသူက ပုလဲဝတ်ရည်စိုး သာလျှင် ဖြစ်နေလေသည်။

အလှူဖိတ်သည့်ကိစ္စ ပြီးလို့ ခင်ရဲရင့်က ပြန်လှည့် ထွက်ဖို့ ပြင်လိုက်တာနဲ့ ပုလဲဝတ်ရည်စိုးက ...

"ဒါနဲ့ ခင်ရဲရင့် သိပြီးပြီလား"

"ဟင် ... ဘာလဲ"

"စွန့်ကိုလေ ... ဘို ငြင်းပစ်လိုက်တယ်"

မြတ်စွာဘုရား။ ငြင်းပစ်လိုက်တယ် ဆိုပါလား။



ငြင်းလိုက်တယ်ဆိုတော့ သူက ဖွင့်ပြောလိုက်ပြီးပြီ ဆိုတဲ့ သဘောပေါ့။

ရှေ့ရှေ့က နှစ်ယောက်ကတော့ လူသိရှင်ကြား လိုက်ကြိုးစားခဲ့တာ မှန်ပေမဲ့ တရားဝင် ဖွင့်မပြောရသေးဘူးဆို တော့ စကားအဖတ်မတင်ဘူးလို့ ပြောရမည်။

စွန့်နှယ်နော်။ မိန်းမတစ်ယောက်ကို မဖျစ်ညစ်ကျယ် သွားစေပြီး ရှောင်ချင်လျှင်လည်း လွတ်လွတ်ကျွတ်ကျွတ် ဖြစ်အောင် ရှောင်ပေါ့။ အထူးသဖြင့် ပုလဲလို မိန်းမမျိုးကို သွားပြောလိုက်တော့ ဆိုတာ ငြင်းလွှတ်ပြီးလျှင်တောင် ငါ့ကိုတော့ စွန့်က ဘာပြောတယ် ဆိုပြီး လူတကာကို လျှောက်ပြောတော့မည်။ ကိုယ်ပဲ မထိခိုက် နစ်နာပေဘူးလား။

ဒါမှမဟုတ်လျှင်တော့ စွန့်ဟာ ပုလဲဝတ်ရည်စိုးကို တကယ်ပဲ ချစ်သွားတာလား။ ရှုပ်သည်၊ ပွေသည်၊ ရည်းစားတစ် ယောက်ကို လပိုင်းထက် ပိုမတွဲဘူးဆိုသည့် သတင်းဆိုးတွေ ကြားကပဲ တကယ်ကြိုးစားခဲ့တာလား။

www.burmeseclassic.com



"ဒုတိယ ထင်မြင်ချက်ဟာ သိပ်မဖြစ်နိုင်ဘူးလို့ သိနေပေမဲ့ စိတ်ထဲ မခံချိမခံသာ ဖြစ်ရသော ခံစားချက်ကိုတော့ တားမရ။

"ပုလဲက ဘာဖြစ်လို့ ငြင်းလိုက်တာလဲ"

မမေးသင့်ဘူးလို့ စိတ်ထဲက သိနေသည့်တိုင် နှုတ်ရဲ့လျှင်မြန်မှုကို မထိန်းနိုင်လိုက်။

ထင်ထားသည့် အတိုင်းပဲ ပုလဲဝတ်ရည်စိုးထံက ကျေနပ်အားရသွားသော အပြုံးတစ်ခုကို လက်ခံရရှိလိုက်သည်။

"သူက နာမည်ကြီးတာတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ သူ့လောကကတော့ အချိန်မရွေး ရှာယူနိုင်သားပဲ၊ စွန့်လောက်နဲ့ပဲတော့ မကျေနပ်နိုင်သေးဘူး"

ရင်ထဲ အောင့်ခနဲ။

စွန့်ဘက်က မခံချင်သော ခံစားချက် ဖြစ်သည်ဆိုတာတော့ ကိုယ်ဘာသာ သိလိုက်သည်။ ဒါပေမဲ့ ဘာကြောင့် ကိုယ်နဲ့ မဆိုမဆိုင် ဝင်ခံစားမိရသလဲ ဆိုတာကိုတော့ မတွေးတတ်။





စွန်သာ အနားမှာရှိလျှင်တော့ "ရှင်အသုံးမကျတော့ အခုလို အပြောခံရပြီ ... တွေ့လား"ဆိုပြီး နားရွက်ဆွဲလိမ်ကာ ပြောလိုက်ချင်သည်။

"မိန်းကလေးဆိုတာက ကိုယ့်မှာ အခွင့်အရေး ရှိတုန်းမှာ ဒင်ဆိုတာကို ခေါင်းခေါက် ရွေးထားနိုင်ပါမှ ... မဟုတ်ဘူးလား ခင်ရဲရဲယ်"

"မသိဘူးလေ၊ တို့ကတော့ ဒီကိစ္စတွေ စဉ်းကို မစဉ်းစားသေးဘူး"

ခင်ရဲရင့်က စကားစကို အတင်းဖြတ်ကာ ပုလဲဝတ်ရည်စိုးရဲ့ ရှေ့က ကြိုးစားထွက်လာရလေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ကြော်ငြာထဲကလို ရန်ကုန်လမ်းညွှန်စာအုပ် ကားထဲမှာ အဆင်သင့် ပါလာခဲ့လျှင်၊ ဒါမှမဟုတ် ကိုယ့်ကားမျက်သည့်နေရာဟာ လူနေစည်ကားသော ရပ်ကွက်တစ်ခုခုနားမှာ ဖြစ်နေခဲ့လျှင် စွန့်ရဲ့ ဝပ်ရှော့ကို ဖုန်းဆက်အကြောင်းကြားဖို့ ခင်ရဲရင့်က ခွေးချုယ်မိမှာ မဟုတ်ချေ။

အခုတော့ စက်ရုံတွေကတစ်ဖက်၊ ကွင်းခေါင်ခေါင်ကတစ်ဖက်နဲ့ မြို့စွန်လမ်းတစ်ခုအရောက်မှာမှ ကားက စင်းစင်းကြီး ထိုးရပ်သွားခဲ့ပြီ။ ကိုယ့်ခေါင်းထဲမှာ ဆိုလို့လည်း စွန့်ရဲ့အားဝပ်ရှော့ဖုန်းနံပါတ်တစ်ခုတည်း ရှိတာမို့ ခင်ရဲရင့်က အဲဒီကိုပဲ ဖုန်းဆက်ခေါ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ကံက ဆိုးနေသလားမသိ။ မတွေ့ချင်ဘူးဆိုလျှင် အဲဒီလူနဲ့ တန်းကို တိုးတော့တာပဲ။

ခင်ရဲရင့် ဆက်သည့်ဖုန်းကို လာကိုင်သူဟာ စွန်ပဲ ဖြစ်နေလေသည်။

"ကျွန်မ ခင်ရဲရင့်ပါ"

"ဟာ ... ခင်ရဲရင့် ... ပြောပါ၊ ဘာဖြစ်လို့လဲ ... ကျွန်တော် ဘာကူညီရမလဲ၊ ကားပျက်လို့လား၊ အိမ်မှာလား၊ လာ ရမလား"

စွန်က အလောတကြီး မေးချင်တာတွေ စွတ်ရွ မေးလိုက်ပြီးတော့မှ ငါ့ပုံစံက သိပ်ကြီး သရုပ်ပျက်သွားသလား သတိရတော့သည်။

တကယ်တမ်းတော့ သူဟာ ခင်ရဲရင့်နဲ့ ပတ်သ လာလျှင် ဘာမဆို အငလေးအနက်၊ အရေးတကြီး ဖြစ်နေတ တာပဲလေ။

"ဟုတ်တယ် ... ကားပျက်လို့၊ အိမ်မှာတော့ မဟုတ် လမ်းမှာ"





"ဘယ်နားလောက်လေးလဲ၊ ကျွန်တော် လာခဲ့မယ်လေ"

"အက်ဖ်အမ်အိုင်စီးတီး အကျော်မှာပဲ"

"ရတယ် ... ရတယ် ... အဲဒီလောက်သိရင် ပြီးရော၊ ကျွန်တော် ကိုယ့်ဘာသာ လိုက်ရှာမှာပေါ့၊ ကားလမ်းမပေါ်မှာပဲ မဟုတ်လား"

"အင်း ... လမ်းမပေါ်မှာပဲ"

"ကျွန်တော် ခဏနေ ရောက်မယ်နော်၊ ဘာမှ စိတ်မပူနဲ့"

"ရှင် မလာလည်း ရပါတယ်၊ ကျွန်မကားကို ဦးစိုး ပြင်ပေးနေကျ၊ သူ အားရင် သူ့ပဲ လွှတ်လိုက်ပါ"

"ဟာ ... မဟုတ်တာ၊ ကျွန်တော်လည်း လိုက်ခဲ့ပါ့မယ်၊ ဦးစိုးလည်း ခေါ်လာခဲ့မှာပေါ့"

ဒီလူကို တားလို့ရမှာ မဟုတ်တော့။

ခင်ရဲရင့် ကိုယ်တိုင်ကလည်း စွန် လိုက်လာမှာကို ကျေနပ်မိသလိုလို။

"ခပ်မြန်မြန်လေးတော့ လာခဲ့နော်၊ ကျွန်မ စာကျက်စရာ ရှိသေးတယ်၊ အချိန် သိပ်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... ဆယ့်ငါးမိနစ် အတွင်း အရောက်လာခဲ့မယ်"

ဆယ့်ငါးမိနစ်တဲ့။

ဒီလောက်တော့ မဖြစ်နိုင်ဘူး ထင်သည်။ တကယ်လို့ မဖြစ်,ဖြစ်အောင် လာမည်ဆိုလျှင်လည်း သူက ကားကို မတရားကြီး အမြန်မောင်းလာရမှာ။ မတော်တဆ တစ်ခုခု ဖြစ်သွားခဲ့လျှင် ...။

"ရတယ် ... ပုံမှန်ပဲ လာပါ၊ တအား အမြန်မောင်းလာလို့ လမ်းမှာ အန္တရာယ် ဖြစ်နေဦးမယ်"

ဒါ ... စိုးရိမ်သည့် စကားလားကွယ်။

ခင်ရဲရင့်ရဲ့ တည်ငြိမ်သော၊ အေးစက်သော စကားသံထဲက နွေးထွေးသည့် အကြင်နာတရားကို ခံစားလိုက်မိသလိုလို။

ဖုန်းချပြီးတာနဲ့ ဈွန်တို့ ပျာယာခတ်တော့သည်။

ကားတစ်စီးကို အရေးတကြီး အပြီးသတ် နေရသော ဦးစိုးကို မရအက အတင်းခေါ်၊ ကိုယ်တိုင်ကလည်း စက်ဆီ၊





မီးခိုး၊ ချွေး၊ ကြေးတွေ ပေကျံညစ်ထေးနေသော အဝတ်အစားကို ပင် မလဲနိုင်တော့ဘဲ ကားပေါ်တက်ကာ ခင်ရဲရင့် ရှိရာသို့ အမြန်ဆုံး မောင်းထွက်လာခဲ့တော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



"ကားတော့ ပြင်လို့ပြီးသွားပါပြီ"

လမ်းဘေးသစ်ပင်ရိပ်အောက်မှာ စိတ်ပျက် လက်ပျက် ရပ်နေသော ခင်ရဲရင့်က အခုမှပဲ တက်ကြွလှုပ်ရှားလာနိုင်တော့သည်။

"တော်သေးတာပေါ့၊ ရှင်တို့ ကြာနေတော့ တော်တော်နဲ့ မပြီးတော့ဘူးများလားလို့"

"အမြန်ဆုံးပြီးအောင် ပြင်ပေးမှာပါဗျာ၊ တကယ်လို့ မပြီးခဲ့ရင်လည်း ခင်ရဲရင့်ကို အရင်ဆုံး အိမ်ပြန်ပို့ပေးမှာပါ"

စွန်က တကယ့်စေတနာနဲ့ ပြောလိုက်တယ်ဆိုတာ ခင်ရဲရင့်က သဘောပေါက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ကားက စိတ်ချရပြီ မဟုတ်လား"

"အဲ … ဘယ်လိုပြောရမလဲ၊ ကျွန်တော်တို့လည်း ပါလာတဲ့ပစ္စည်းကိရိယာတွေနဲ့ ဖြစ်သလို ပြင်ရတာ ဆိုတော့ အားလုံး အချောသတ် ပြီးသွားတာမျိုးတော့ မဟုတ်ဘူး၊ ခရီးဝေးမောင်းဖို့တော့ သိပ်စိတ်မချရသေးဘူး"

"ဒါဆို …"

"ဒီလိုလုပ်ပါလား၊ ခင်ရဲရင့်ကားကို ကျွန်တော် မောင်းပြီး ပို့ပေးမယ်လေ၊ အိမ်ကို အရင်ပြန်လိုက်၊ ပြီးရင် ကျွန်တော်က ဝမ်ရှော့ကို ဆက်မောင်းယူသွားလိုက်မယ်၊ အဲ … ဒါမှ မဟုတ်လည်း ခင်ရဲရင့်ကားကို ဦးစီးပဲပေးပြီး ဝပ်ရှော့ကို တစ်ခါတည်း ယူသွားခိုင်းလိုက်မလား၊ ကျွန်တော့်ကားနဲ့ ခင်ရဲရင့်ကို အိမ်လိုက်ပို့ပေးမယ်လေ"

ခင်ရဲရင့်ကားကို ဦးစီး မောင်းပြီး အိမ်ပြန်ပို့ခိုင်းရမလား ဆိုတာတော့မပါ။ တော်တော် အစီအစဉ် ကောင်းသည့်သူ။





အရင် ခင်ရဲရဲ့စိတ်နဲ့ ဆိုလျှင်တော့ မလိုက်ဘူးလို့ ငြင်းချင် ငြင်းမိဦးမှာ။ အခုတော့ ငြင်းပယ်ပစ်ဖို့ စိတ်ကူးက ခေါင်းထဲဝင်လို့ကို မလာ။

အိမ်ပြန်လိုက်ပို့ဖို့အတွက် သိပ်စိတ်မချရဘူး၊ လမ်းမှာ အချိန်မရွေးပျက်နိုင်သည်ဆိုသော ခင်ရဲရင့်ရဲ့ကားကို မရွေးဖြစ်တော့ဘဲ စွန့်ကားနဲ့ပဲ ပြန်လာဖြစ်သည်။

လမ်းမှာ စွန့်ကတော့ တစ်ခုခု ပြောလိမ့်မည်လို့ မှန်းထားပေမဲ့ ဘာသံမှ ထွက်မလာ။

စိတ်လှုပ်ရှားချင်စရာ ကောင်းလောက်အောင် တိတ်ဆိတ်နေမှုက ခင်ရဲရင့်ကို ပိုပြီး မခံချိမခံသာ ဖြစ်စေသည်။

"ကျွန်မကားကို တစ်ခါတည်း ယူပြင်ထားလိုက်မှာလား"

နောက်ဆုံးတော့ ခင်ရဲရင့်ထံက အသံစ,ထွက်လာလျှင် စွန်က တိတ်တိတ်လေး ကျိတ်ပြုံးမိလေသည်။

ဘာရမလဲ။ စွန်ပဲ။ ခင်ရဲရင့်လို မိန်းမထံက စကားသံတစ်ခု ရယူဖို့လောက်တော့ စွမ်းပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူထားလို့ ရရင်တော့ ယူထားလိုက်မယ်လေ၊ ခင်ရဲရင့် တခြားသွားစရာ မရှိဘူး မဟုတ်လား"

"သွားစရာကတော့ ရှိတာပေါ့၊ ဒါပေမဲ့ ပြင်စရာရှိတာ တော့ ပြင်ရမှာပါပဲ၊ ဟိုတစ်ခေါက် ပြင်ထားတာ မကြာ သေးဘူး"

"အဲဒီတုန်းက ခင်ရဲရင့်ပဲ အချိန်သိပ်မရဘူး၊ မြန်မြန်လေး ပြင်ပေးပါဆိုလို့ ပတ်ကား မပြင်လိုက်ရဘူး၊ အဲဒီတုန်းက တည်းက နောင် အားတဲ့အခါ အချိန်ယူပြီး လာထိုးထားပါ လို့ မှာလိုက်သားပဲ"

"ကျွန်မလည်း အားမှမအားတာ၊ အိမ်မှာ ကားသုံးစီးရှိပေ မဲ့ ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ ဘယ်သူကမှ အစားထိုးပေး ထားနိုင်တာ မဟုတ်ဘူး"

ခင်ရဲရင့်တို့ကတော့ သူ့ကို အပြစ်တင်တော့မည်ဆို လျှင် တစ်ခွန်းမှ မခံတတ်။

စွန်ကတော့ သဘောကောင်း ခွင့်လွှတ်တတ်သော အပြုံးမျိုးကို ပြုံးလိုက်ကာ ...





"ဟုတ်ပါတယ်၊ ခင်ရဲရင့် ဘက်က အခက်အခဲကိုလည်း ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကားဆိုတာမျိုးက နည်း နည်းလေး ပျက်တာရှိရင် အမြန်ပြင်ထားမှ ကောင်းတာ၊ ရသေးတယ်၊ ရသေးတယ်နဲ့ ပစ်ထားလိုက်ရင် ပိုဆိုးသွား ရော"

"ကျွန်မကားက အသစ်စက်စက်ပါရှင်၊ အကောင်းစားပါ ဒီလောက် ဆိုးဆိုးဝါးဝါး ပျက်စရာတော့ မရှိပါဘူး"

"သစ်တာ ကောင်းတာနဲ့ မဆိုင်ဘူးလေ၊ တစ်ခါတလေ ကျ ဆီမသန့်လို့ ကားပျက်တာ ရှိတယ်၊ လမ်းကြမ်းလို့ ပျက်တာရှိမယ်၊ တစ်ခါတလေကျ ပိုင်ရှင်က ဂရုစိုက်ပြီး မဖြည့်မိလို့ ပျက်တာလည်း ရှိမယ်၊ ဥပမာ မိုးရေလိုမျိုး ဒါတွေက ကားရဲ့ကွာလတီနဲ့ မဆိုင်ဘူး"

ခင်ရဲရင့်က တဆောင်းအနေအထားနဲ့ မြင်နေရသော စွန့်ရဲ့ မျက်နှာတစ်ခြမ်း၊ ပခုံးစွန်း၊ ကားစတီယာရင်ပေါ် တင်ထား သည့် လက်တွေကိုမသိမသာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဘာကြောင့် ငါ့အပေါ် တလိုက်တလျော ရှိပြီး ငါနဲ့ ရင်းနှီးခင်မင်လွန်းသည့်ပုံ ပြနေရတာလဲ။

ဆည်းဆာ၊ ခင်ကြေးမုံ၊ ပုလဲဝတ်ရည်စိုး ...။

သူမနဲ့ အနီးဆုံးမှာရှိသည့် မိန်းကလေး သုံးယောက်ကိုမှ အသည်းအသန် ကြွေသည့်ပုံနဲ့ လိုက်လံပတ်သက်ခဲ့တာက ရော ဘာကြောင့်လဲ။

စွန်မှာ သူများတကာနဲ့ မတူသည့် ထူးခြားသော အတွေးအခေါ်၊ စိတ်ကူးစိတ်သန်းတွေ ရှိတာတော့ သေချာသည်။

ဘာအကြောင်းကြောင့်လို့ ရေရေရာရာ မသိပေမဲ့ မိန်းကလေးသုံးယောက်ကို ဆက်တိုက်ကြီး ချဉ်းကပ်ခဲ့တာဟာ သူတို့ကို ချစ်လို့၊ ရယူပိုင်ဆိုင်ချင်လို့ ဆိုတာထက် သီးသန့်ရည် ရွယ်ချက်တစ်ခုတော့ ရှိရမည်လို့ ခင်ရဲရင့်က တွေးနေမိသည်။

ထို့ထက်ပိုပြီး တွေးရလျှင်တော့ အဲဒီအကြောင်းရင်းဟာ သူမနဲ့ ပတ်သက်နေရမည်ဟု ခင်ရဲရင့်က စွပ်စွဲချင်လေသည်။

✧ ✧ ✧





"နေဖြိုး ... မင်း ဘာဖြစ်လာတာလဲ"

မျက်နှာကြီး တစ်ခုလုံး ညိုမည်းကာ ရှိစုမဲ့စု အသားစိုင်တွေ တစ်ခုပြီး တစ်ခု ပြတ်ကြွေကျမတတ် ဖြစ်နေသည့် နေဖြိုးကို မြင်လိုက်တာနဲ့ သူငယ်ချင်းတွေ အားလုံးထဲက တူညီသော မေးခွန်းတစ်ခု တစ်ပြိုင်နက်တည်း ထွက်ပေါ်လာရတော့ တာပင်။

နဂိုကတည်းက ဆိုးလှသော နေဖြိုးရဲ့ ရုပ်ရည်ဟာ အခုလို ထိခိုက်နာကျင်မှုတွေနဲ့ တွန့်လိမ်နေသောအခါ ရုစရာမရှိ အောင်ကို ဆိုးဝါးနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ကံဆိုးပါတယ်ကွာ"

"ဟေ ... ဘာဖြစ်လို့လဲ၊ သိန်းသုံးရာပေါက်ထားတဲ့ ထီလက်မှတ် ပျောက်သွားလို့လား"

"ဘယ်ကသာ ... နှစ်ထည်တည်းရှိတဲ့ သူ့အတွင်းခံတွေ ပျောက်သွားလို့ပါ"

"မနောက်ကြပါနဲ့ကွာ၊ ငါတကယ်ကို ခံစားနေရတာပါ"

နေဖြိုး မျက်နှာလေးက တကယ့်ကို သနားစရာဖြစ်နေသည်။ သူတို့အုပ်စုထဲက ကောင်တွေဟာ သနားကြင်နာတတ်သည့်စိတ်ထား တစ်စက်ကလေးလောက်ရှိလျှင်သော်မှ မျက်ရည်ပေါက်ပေါက်ကျလောက်သည်။ ကံကောင်းထောက်မ,ပြီး ဘယ်သူကမှ မသနားတတ်ပေလို့။

"ဆိုစမ်းပါဦး ... မင်းက ဘာတွေ ခံတော်နာလာတာလဲ"

"ခင်ရဲရင့်က ငါ့ကို ဖြတ်ဖြတ်သားသား ငြင်းလွှတ်လိုက်တယ်ကွ"





ဒီလောက်နဲ့တော့ ခံတော်မနာသင့်ဘူးဟု ကျန်သည့်သူ အားလုံး စိတ်ထဲက မှတ်ချက်ချမိသည်။

တကယ်တော့ ကြိုက်မဲ့သာ ကြိုက်နေတာ နေဖြိုးလို ရုပ်ရည်မျိုးနဲ့ ခင်ရဲရင့်ကိုမှ တက်ကြိုက်တာဟာ ဖားပြုတ်က ငန်းသားစားချင်သလို တန်တန်ရာရာကို မရှိ။ နဂိုကတည်းက မျှော်လင့်ချက် မထားသင့်တာ။

တကယ်လို့ ခင်ရဲရင့်က နေဖြိုးကို ငြင်းလိုက်သည်ဆိုလျှင် ငြင်းသည့်သူမှာ အပြစ်မရှိ။ မျှော်လင့်ခံစားနေသူမှာသာ အပြစ်ရှိလေသည်။

"မင်းတို့ ဘာတွေ တွေးနေတယ်ဆိုတာ ငါသိတယ်၊ ငါလိုကောင်ကို ခင်ရဲရင့် ငြင်းတာ ငြင်းသင့်တယ်လို့ ... ဟုတ်တယ် မဟုတ်လား"

"အေး"

အားနာပါးနာတောင် မငြင်းပဲ အကုန်လုံးက တခဲနက် ထောက်ခံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ လက်ခံပါတယ်ကွာ၊ သူ ငါ့ကို ငြင်းတာ ငြင်းပါ၊ ငါ့အခြေအနေနဲ့ သူ့အချစ်ကို မရနိုင်မှန်း သိပြီးသားပဲ၊ ငါ မပြောနဲ့ တကယ့် ဒင်ဆိုတဲ့ကောင်တွေကိုတောင် ငြင်းခဲ့သေးတာပဲ"

"ဒါဆို မင်းက ဘာလို့ ..."

"ငြင်းတယ်ဆိုလည်း ညင်ညင်သာသာပေါ့ကွာ၊ ခင်ရဲရင့်က မာနကြီးပေမဲ့ မောက်မာရိုင်းစိုင်းတဲ့ မိန်းကလေးမျိုးမှ မဟုတ်တာ၊ သူ ငြင်းချင်ရင်လည်း ပြေပြေပစ်ပစ် ချေချေငံငံပဲ ပြောဆို ငြင်းလွှတ်တတ်တာပါ"

"အေးလေ ... ဒါတော့ ငါတို့လည်း သိပါတယ်"

"ဒါပေမဲ့ ငါ့ကျတော့ နှစ်ပြားမတန်အောင် ပြောလွှတ်တယ်ကွာ၊ ရှင့်ရုပ် ရှင့်ရည်နဲ့ ကျွန်မအိမ်ရှေ့က ဖြတ်လျှောက်ရင်တောင် သနလှပြီတဲ့၊ အခုလို နောက်က တကောက်ကောက် လိုက်နေတာ ကျွန်မရဲ့သိက္ခာကို ကျဆင်းစေတယ်တဲ့၊ မိန်းကလေးဘက်က မကြည်ဖြူမှာကို သိရဲ့သား





နဲ့ အခုလို လိုက်နေတာ နည်းနည်းလေးမှ အရှက်မရှိဘူးလား ... တဲ့၊ ပြောတာ ပြောတာ ဆိုတာကွာ၊ ငါ နားမထောင်ရဲတော့လို့ မမှတ်မိလိုက်တာတွေ အများကြီးပဲ"

"ဟုတ်ရဲ့လားကွာ"

"ငါက သက်သက် ဇာတ်လမ်းဆင်ပြီး ပြောနေပါ့မလား၊ ဒီလောက် ဆိုးဝါးတဲ့ အဖြစ်ကြီးကို"

ဟုတ်ပါရဲ့။

စကားကို လိမ်ညာပြောလို့ ရပေမဲ့ ရဇရာမရှိအောင် ...ယှင်းနေသော မျက်နှာကြီးကိုတော့ လိမ်ညာဖန်တီးလို့ မရနိုင်

သူငယ်ချင်းတွေအားလုံး အခုမှ ဒေါသထွက်ဖို့ ...သိရကြတော့သည်။

အထူးသဖြင့် စွန် ...။

ခင်ရဲရင့် နေဖြိုးကို ပက်ပက်စက်စက် ပြောပစ်တာ ... အကြောင်းမဲ့ မဟုတ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူတွေအပေါ် မရိုင်းစိုင်းခဲ့ဖူးသော ခင်ရဲရင့် တစ်ယောက် နေဖြိုးအပေါ်ကျမှ ကွက်ပြီး ဆိုးဝါးစွာ ဆက်ဆံလိုက်တာဟာ နေဖြိုးဟာ စွန့်ရဲ့ သူငယ်ချင်း ဖြစ်တာကြောင့်များလား။ စွန်က သိချင်လှလေသည်။

✧ ✧ ✧





"မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ်မချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လွတ်လပ်စွာ ငြင်းပယ်ပိုင်ခွင့် ရှိတယ်လေ"

ခင်ရဲရင့် မျက်နှာက ခပ်တည်တည်။

စွန်ကတော့ အေးစက်တည်တံ့သော အပေါ်ယံအရေပြားအောက်က အသားစိုင်တွေမှာ ဘယ်လိုခံစားချက်တွေ ခိုမှီးနေသလဲဆိုတာ ခွဲစိတ်ရှာဖွေကြည့်လို့ရလျှင် ရှာကြည့်လိုက်ချင်သည်။

"မငြင်းရဘူးလို့ မပြောပါဘူး၊ ငြင်းတဲ့ပုံစံကိုပဲ ပြောချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ကျွန်မရဲ့ လွတ်လပ်ပိုင်ခွင့်ပါ"

"ယောက်ျားတစ်ယောက်ကို အသားလွတ် စော်ကားတာ လူတစ်ယောက်ရဲ့ အားနည်းချက်ကို မတရား ဖိထောင်းတာမျိုးကျတော့ လွတ်လပ်ပိုင်ခွင့်ထက်စာရင် လူမှုရေး စိတ်ဓာတ်နဲ့ ပိုဆိုင်သွားပြီလို့ ပြောရမယ်"

ခင်ရဲရင့် လှစ်ခနဲ ပြုံးလိုက်လေသလား။ ကော့ညွတ်သည့် နှုတ်ခမ်းလေး နှစ်လွှာဟာ မသိမသာလေး လှုပ်ရှားသွားသည်ဟု စွန်က သံသယဝင်မိသည်။ စိတ်ထင်လို့ပဲလားတော့ မသိ။

"ပြီးတော့ ကျွန်တော် ကြားဖူးသလောက် ခင်ဗျားဟာ အပြောအဆို ရိုင်းစိုင်းတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး"

"ရှင် မြှောက်ပြောနေတာလား"

"ဝေဖန်နေတာ"

"ကျွန်မကိစ္စ ကျွန်မဘာသာ စိတ်ကြိုက် လုပ်တာပဲ၊ မရဘူးလား"





တော်ပြီ။

ဒီမိန်းမကို ဝေ့လည်ကြောင်ပတ် စကားတွေ ပြောနေလျှင် သူ့ထံကလည်း အလားတူ တုံ့ပြန်မှုမျိုးပဲ ရမည်။

ဒီတစ်ခါတော့ ပရိယာယ် သုံးမနေတော့ဘဲ ကိုယ်သိချင်တာကို တိုက်ရိုက်မေးပါတော့မှ။

"ကျွန်တော် ဖြောင့်ပဲမေးမယ်၊ နေဖြိုးကို ပက်ပက်စက်စက် ပြောပစ်တာဟာ ကျွန်တော့်သူငယ်ချင်းမို့လို့ မဟုတ်လား"

မဆိုးဘူး။ ဒီလူ တော်တော်လေး ရိုးသားမှု ရှိလာပြီ။

ခင်ရဲရင့်က စိတ်ထဲက ကျိတ်ပြီး ကျေနပ်သွားကာ...

"ရှင့်မေးခွန်းကို မေးခွန်းနဲ့ပဲ တုံ့ပြန်မယ်၊ ဆည်းဆာတို့ ခင်ကြေးတို့ ပုလဲတို့ကို ရှင် ချဉ်းကပ်ဖို့ ကြိုးစားခဲ့တာက ရော- ကျွန်မနဲ့ နီးစပ်နေတဲ့သူတွေမို့လို့လား"

သေချာပါပြီ။

ဒီလိုမေးခွန်းမျိုး မေးခွင့်ရဖို့အတွက် ခင်ရဲရင့်ဘာ အပြစ်မဲ့သည့် နေဖြိုးကို ကောင်းကောင်းအသုံးချလိုက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



စွန်က ဒီတစ်ခါတော့ အမှန်အတိုင်းပဲ ပြောလိုက်တော့ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

"ဟုတ်တယ် ဆိုရင်ကောဗျာ"

"ဘာဖြစ်လို့လဲ"

နောက်ဆုံးတော့ သူ မျှော်လင့်ထားသည့် အချိန်ကို ရောက်လာခဲ့ပြီ။

စွန်က တံတွေးတစ်ချက် မြိုချလိုက်သည်။

စကားစပြောတတ်သည့် အရွယ်ကစ,လို့ အခုအချိန်အထိ မှန်တာရော မမှန်တာရော စကားလုံးပေါင်းများစွာကို အလွယ်တကူ ပြောထွက်နေကျ ဖြစ်ပါလျက် ဒီစကားတစ်ခွန်း ထွက်ဖို့အတွက်ကျတော့ ခက်ခဲပင်ပန်းလိုက်တာ။

ရင်တွေ တလှပ်လှပ် ခုန်လာသည်။

"အမှန်အတိုင်း ဝန်ခံရရင် ..."

စွန်က ခဏတွန့်ဆုတ်ကာ ရပ်တန့်နေလိုက်မိသေးသည်။ နောက်မှ ဝါးအစည်းပြေသလို လွင့်ပြေးနေသော သတ္တိတွေကို မနည်း ပြန်လည်စုစည်းလိုက်ရင်း ...





"ခင်ရဲရင့်ဆီက စိတ်ဝင်စားမှုကို ရချင်လို့"

"ဘာရယ်"

"ခင်ရဲရင့်ဟာ ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားတတ်ဘူးဆိုတာ သိနေတယ်၊ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ၊ ဘယ်လိုပုံစံနဲ့ပဲ ချဉ်းကပ် ချဉ်းကပ်ပေါ့၊ မိန်းမတစ်ယောက်ကို ယောက်ျားတစ်ယောက်က ချစ်ကြိုက်လို့ ချဉ်းကပ်ပုံမျိုးနဲ့ ချဉ်းကပ်လို့ကတော့ အားလုံးထဲပဲ ရောသွားပြီး ခင်ရဲရင့်ရဲ့ စိတ်ဝင်စားမှုကို ဘယ်လိုမှ မရနိုင်ဘူးဆိုတာ သိသွားပဲလေ"

"အဲဒီတော့ ..."

"အဲဒီတော့ ကွေ့ဝိုက်လှည့်ပတ်တဲ့ နည်းကိုပဲ သုံးရတာပေါ့၊ ကျွန်တော်က ကိုယ်လိုချင်တာ ရဖို့အတွက်ဆိုရင် ညစ်ကျယ်ကျယ်နိုင်တဲ့ လှည့်ကွက်တွေ သုံးလေ့ရှိတယ်ဗျ"

"ဒါနဲ့ ကျွန်မ သူငယ်ချင်းတွေ၊ ညီမတွေ၊ အိမ်နီးနားချင်းတွေကို ချဉ်းကပ်တာ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ ... သေနင်္ဂဗျူဟာတွေထဲမှာတောင် ဘုရင်နန်းစိုက်တဲ့ မြို့တော်ကို အရင်မသိမ်းဘဲ နယ်စွန်နယ်ဖျားတွေကို တဖြည်းဖြည်း သိမ်းပိုက်ပြီး အင်အားနည်းလာတော့မှ မြို့တော်ကို ဝင်သိမ်းတာလေ"

"အဲဒါနဲ့ အခုကိစ္စနဲ့ ဘာမှမဆိုင်ဘူး"

"မသိဘူးဗျာ၊ ကျွန်တော့် ရည်ရွယ်ချက်ကတော့ စွန်ဆိုတဲ့ကောင်ဟာ ခင်ရဲရင့်လို မိန်းကလေးတစ်ယောက်ရှိရက်နဲ့ သူ့ဆီးက မိန်းကလေးတွေကို ကျော်ပြီး စိတ်ဝင်စားတတ်တဲ့ အသည်းယားစရာ လူတစ်ယောက်အဖြစ်မြင်ရအောင် လုပ်တာပဲ၊ ပထမတစ်ယောက်တုန်းက ငါ့ကို ကျော်ပြီး တခြားတစ်ယောက်ကို ကြိုက်ရသလားလို့ အသည်းယားလာရမယ်၊ နောက်တစ်ယောက်ကျတော့ ဘာကြောင့်များ ငါနဲ့ပတ်သက်တဲ့ သူတွေကိုပဲ လာချဉ်းကပ်ရတာလဲလို့ ဇဝေဇဝါ ဖြစ်လာမယ်၊ တတိယတစ်ယောက်အလှည့်မှာတော့ ပါးနပ်တဲ့ ခင်ရဲရင့်ဟာ ကျွန်တော့်ရည်





ရွယ်ချက်ကို သဘောပေါက်လောက်ပြီ၊ ဒါပေမဲ့ ရှေ့ရှေ့ကထားခဲ့တဲ့ စိတ်ဝင်စားမှုတွေကို ပြန်ရုပ်သိမ်းလို့ မရတော့ဘူး၊ အဲဒီလို ဖြစ်စေချင်တာ"

အကြံကတော့ ကြီးပါပေ့ကွယ်။

ဒီလောက် ရှည်ရှည်လျားလျား၊ သိုင်းသိုင်းဝိုင်းဝိုင်းသူမို့ တွေးတတ်ပလေတယ်။

အင်းလေ။ ဒါကြောင့်လည်းပဲ စွန်ဟာ သူမျှော်လင့်ထားသလို ခင်ရဲရင့်ရဲ့ စိတ်ဝင်စားမှုကို ရရှိခဲ့တာပေါ့။

စွန် ထင်ထားသည့် အတိုင်းပါပဲ။ စွန်သာ ခင်ရဲရင့်ကို ချစ်ပါသည်ဆိုပြီး ရိုးရိုးသားသား ကြိုးစားလာခဲ့သော ယောကျ်ားလေးတွေထဲမှာ ဝင်တန်းစီမည်ဆိုလျှင် အများတကာထက် မထူးဆန်းတော့ဘဲ ခင်ရဲရင့်ရဲ့ အသိအမှတ်ပြုမှုကိုလည်း ရချင်မှရမှာ။

အခုတော့ဖြင့် ...။

စွန်က ညစ်ကျယ်ကျယ် အပြုံးကလေး တစ်ချက်ကို ဖန်တီးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ကျွန်တော့် တွက်ကိန်း မှန်တယ် မဟုတ်လား"

"ဟုတ်တယ် ... ရှင့်လုပ်ရပ်က စိတ်ဝင်စားစရာ ကောင်းခဲ့တာ အမှန်ပဲ၊ ရှင် ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးတွေလုပ်နေတယ်ဆိုတာ သိချင်လို့ နေဖြိုးကို တမင် ငြင်းပစ်လိုက်တာ၊ ကျွန်မဘက်က ဆိုးဝါးတဲ့ လှုပ်ရှားမှုတစ်ခုနဲ့ ဆွပေးလိုက်မှ ရှင့်ဆီက ဒီလိုဖွင့်ဟဝန်ခံချက်မျိုးကို ရမှာလေ"

"ဒါဆို ကျွန်တော် ဖွင့်ဟဝန်ခံပြီးပြီ၊ နောက်ဆက်တွဲကရော"

"ပုလဲ့ကိုလည်း ရှင် ဖွင့်ပြောခဲ့တာပဲ မဟုတ်လား"

ကိုယ့်အသံက မခံချိမခံသာ မနာလိုဝန်တိုသံများ ပေါက်သွားလေသလား။

"ဒါက လှည့်ကွက်တစ်ခုပဲဆိုတာပြောပြီးပြီလေ၊ မယုံလို့လား"

"ဆည်းဆာနဲ့ ခင်ကြေးကိုတော့ ရှင် မပြောခဲ့ဘူးလေ"





"တစ်ယောက်တစ်မျိုးစီပေါ့ဗျာ၊ ပုလဲလို မိန်းကလေးမျိုးကို ရည်းစားစကားပြောရင် ဒီလို တုံ့ပြန်မှုမျိုးပဲ ရမယ်ဆိုတာ သေချာပေါက် သိနေလို့ ပြောရဲတာပေါ့"

သူကဖြင့် အားလုံးကို အပိုင်တွက်ချက် အကွက်ချပြီးသားကိုး။

စွန့်ရဲ့ လုပ်ရပ်တွေဟာ စိတ်ဝင်စားစရာကောင်းတာလည်းမှန်၊ ခင်ရဲရင့်ရဲ့ မာကျောစွာ တံခါးစေ့ပိတ်ထားသော နှလုံးအိမ်ကို ထုတ်ချင်းခတ် စူးနစ်ဝင်ရောက်စေတာလည်း အမှန်။

သို့သော်လည်း ...

"ကျွန်တော့်ကို ဒီတစ်ခုတော့ ယုံပါ ခင်ရဲရင့်ရယ်၊ ကျွန်တော် ခင်ရဲတစ်ယောက်ကိုပဲ တကယ်ချစ်မိတာပါ"

နောက်ဆုံးတော့ လှိုက်လှဲစွာ ပွင့်ထွက်လာခဲ့သည့် စွန့်ရဲ့ ရင်ဖွင့်စကားကိုတော့ ခင်ရဲရင့်က အမှန်အဖြစ် လက်ခံယုံကြည်ခဲ့လေသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တို့ဖြင့် ရွှန်းတောက်နေသော စွန့်ရဲ့ မျက်ဝန်းတွေဆီကနေ အကြည့်လွှဲလိုက်သည်။

ဒီမျက်ဝန်းတွေကို တွယ်တာမိသည့် စိတ်ဟာ ခဏတာ ရူးမိုက်သောစိတ်ကူးတစ်ခုပဲ ဖြစ်ပါစေတော့။

ကိုယ့်ကိုမှ အရူးအမူး ဖြစ်နေကြသော ယောကျ်ားတွေ အများကြီးထဲမှာ ကိုယ့်ကို ကျော်ပြီး ကိုယ်နဲ့ အနီးစပ်ဆုံးက မိန်းကလေးတွေကို အရူးအမူး ဖြစ်ပြခဲ့သော ယောကျ်ားတစ်ယောက်ကိုမှ နှစ်သက်စွဲလမ်းမိသွားတာဟာ တစ်ဖက်လူရဲ့ နည်းဗျူဟာကောင်းလို့ပဲလား၊ မရတာကိုမှ လိုချင်တတ်သော လူတွေရဲ့ အတ္တစိတ်ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



စွန်ဟာ ဘယ်ယောကျ်ားကမှ မပိုင်ဆိုင်ခဲ့ဖူးသော ခင်ရဲရင့်ရဲ့ နှလုံးသားကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။

အဲဒီအတွက် ခင်ရဲရင့်က ကြည်လည်း ကြည်နူးမိပါရဲ့။ စိတ်လည်း နာမိပါရဲ့။

"ခင်ရဲမှာ အထူးတလည် စဉ်းစားစရာမလိုတဲ့ အဖြေတစ်ခု အဆင်သင့် ရှိနေလိမ့်မယ်လို့ ကျွန်တော် ထင်တယ် … ဟုတ်လား"

ကြည့်စမ်း။ ဒါ ကိုယ့်ကိုယ်ကိုယ် အပိုင်တွက်လွန်းပြီး မိန်းကလေးတစ်ယောက်ကို အထင်သေးစော်ကားလွန်းသည့်စကား။

ခင်ရဲရင့်ဟာ ဒီလိုယောကျ်ားတစ်ယောက်ထံမှာ ရှုံးနိမ့်သင့်သလား။ ကိုယ်ကသာ ပြန်လက်ခံလိုက်လျှင် ကိုယ့်ကိုအထင်သေးတော့မှာဖြစ်သော ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ပဲ ချစ်ချစ် တုံ့ပြန်လက်ခံဖို့ မသင့်ဘူး။

"ရှင်က ကိုယ့်ကိုယ်ကိုယ် အပိုင်တွက်တာပဲ"

"ဟာ … မဟုတ်ပါဘူး အဲဒီသဘောပြောတာ မဟုတ်ပါဘူး၊ အထင်မလွဲပါနဲ့ ခင်ရဲရင့်ရယ်၊ ကျွန်တော်က ခင်ရဲရဲ့





ရင်ထဲက ခံစားချက်ကို ကြိုသိနိုင်တယ်ဆိုတဲ့ သဘောပြောချင်လို့ပါ"

မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲကို ကြိုတင်ခန့်မှန်းလို့ မရနိုင်ဘူးရှင့်။

အထူးသဖြင့်တော့ ခင်ရဲရင့်ဟာ ရှင့်စိတ်တိုင်းကျ ယောကျ်ားထုတ်လို့ မရနိုင်မဲ့ မိန်းမတစ်ယောက်ဆိုတာ ခုချက်ချင်းပဲ ပြန်သိစေရမယ်။

"ကျွန်မကို ကြိုတင်ခန့်မှန်းလို့ ရနိုင်တယ်လို့ ပြောတာက တော့ ရှင် တော်တော်မိုက်မဲတာပါ"

"ဗျာ … ဘာဖြစ်လို့ … အဲ … ခင်ရဲ ကျွန်တော့်ကို ငြင်းလိုက်မလို့လား၊ အဲဒီလိုတော့ မလုပ်ပါနဲ့နော်၊ ကျွန်တော့်စကားတစ်ခွန်းကို မကျေနပ်လို့တော့ ဆုံးဖြတ်ချက်တစ်ခုကို အလွဲအချော် မချပစ်လိုက်ပါနဲ့"

"တွေ့လား၊ ရှင်ဟာ ပြောရင်းဆိုရင်းနဲ့ကို စကားထဲက စာတိုပြ ဖြစ်လာပြန်ပါရောလား၊ ကျွန်မဆီမှာ ဘယ်လိုဆုံးဖြတ်ချက်ရှိနေတယ်ဆိုတာ ရှင်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

www.burmeseclassic.com



အဲ ... ခက်ပြီ။

ခင်ရဲရင့် ကိုယ့်ကို ချစ်နေသည်ဆိုတာ စွန်က လည်ပတ်ပါးနပ်သူတစ်ယောက်ပီပီ သိလို့နေခဲ့ပါပြီ။

ဒါကို အပိုင်အနိုင်ကြီး ဖွင့်ပြောလိုက်လျှင် မထူးတော့ပါဘူးဆိုပြီး ဝန်ခံခေါင်းညိတ်ဖို့ထက် ရှက်ရှက်နဲ့ ဖွတ်အတင်း ခြင်းဆန်ဖို့လမ်းက ပိုများတာ။

"ကျွန်တော် အတိအကျတော့ မပြောတတ်ပါဘူး၊ ဖြစ်စေချင်လွန်းတာတစ်ခု ဖြစ်နေလိမ့်မယ်လို့ ယုံကြည်ချင်မိတာ တစ်ခုပါပဲ"

စကားကို လျှောချလိုက်ရတာ။

သို့သော် ခင်ရဲရင့်ကတော့ လက်ခံချင်ပုံမပေါက်တော့ပဲ ...

"ရှင်ဟာ ကျွန်မအပေါ်မှာ မရိုးသားခဲ့ဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ ခင်ရဲရင့်နဲ့ အခုလို စကားပြော ရင်ဖွင့်ခွင့်ရဖို့အတွက် လှည့်ကွက်တွေ သုံးခဲ့မိတာ မှန်ပေမဲ့ ကျွန်တော့် နှလုံးသားကတော့ ရိုးသားပါတယ်၊





ခင်ရဲ တစ်ယောက်တည်းကိုပဲ အနက်ရှိုင်းဆုံး အစစ်မှန်ဆုံး ချစ်ခဲ့မိတာပါ"

ဒါကိုတော့ ယုံပါတယ်လေ။ ခက်နေတာက သူ့ကို လက်ခံလိုက်တာနဲ့ ကိုယ့်ရဲ့မာနတွေကို ထိခိုက်နစ်နာတော့မှာ။

ပြီးတော့ ဆည်းဆာ၊ ခင်ကြေးမုံနဲ့ ပုလဲ။

စွန့်ရဲ့အချစ်ကို ယုံယုံကြည်ကြည် မျှော်လင့်နေကြသော ဆည်းဆာနဲ့ ခင်ကြေး။ ခင်ရဲရင့်ကို အနိုင်ရဖို့ အမြဲမျှော်လင့်နေသော ပုလဲဝတ်ရည်စိုး။ ဒီလူသုံးယောက်ကိုလည်း ထည့်တွက်ပါဦးမှ။

မဖြစ်ပါဘူး။

စွန်ဟာ ချစ်သူအဖြစ် လက်ခံဖို့ လုံးဝမသင့်တဲ့ သူတစ်ယောက်ပဲ။

"ကျွန်မ ငြင်းပါတယ်"

"ခင်ရဲ ..."

"လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကို တခြားလူတစ်ယောက်က ဝင်ပြီး ပြင်ဆင်ခွင့် မရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် လိမ်ညာပြီး ချရတဲ့ဆုံးဖြတ်ချက်ဖြစ်နေပြီး အဲဒီအတွက်လည်း ကိုယ်တိုင်က ပြန်ခံစားနေရမယ်မှန်း သိနေရင်ကော"

"ဒါလည်း ကာယကံရှင်ရဲ့ ဆန္ဒအတိုင်းပါပဲ"

"မဟုတ်သေးဘူးဗျာ၊ ခင်ရဲ ကျွန်တော့်ကို မကျေလည်တာ အထင်လွဲနေတာ၊ ဒါမှမဟုတ် မဆိုင်တဲ့ လူတွေကို ထည့်တွက်နေတာ အဲဒါတွေ ဖုံးလွှမ်းပြီး ကိုယ့်နှလုံးသားကိုတော့ ဒဏ်မခတ်ပါနဲ့"

ခင်ရဲရင့်က ရက်စက်သော အပြုံးတစ်ချက် ပြုံးလိုက်ကာ ယတိပြတ် ဖြတ်လိုက်ပြီးသော လေသံနှင့် ...

"ရှင် ယုံချင်ယုံ၊ မယုံချင်နေ၊ ရှင့်ကို လုံးဝလက်မခံနိုင်ဘူး ဆိုတာကတော့ ကျွန်မဘက်က ဆုံးဖြတ်ချက်ပဲ"

ဘယ်လိုမှ တောင်းပန်ညှိနှိုင်းလို့ မရနိုင်တော့ဘူးဆိုတာ သေချာနေသော ခင်ရဲရင့်ရဲ့ မျက်နှာကိုကြည့်ကာ စွန်တစ်ယောက် ခေါင်းငိုက်စိုက် ကျသွားတော့သည်။

✧ ✧ ✧





"ခင်ရဲရင့်ကို မင်းအကျင့်အတိုင်း လှည့်ကွက် သွားသုံးတာကိုက မင်း မှားတာ"

"ဒါဖြင့် မင်းလိုပဲ အဖြောင့်ချဉ်းကပ်ရမယ်ပေါ့၊ နာမည်ပျက်တာ တစ်ခုပဲ အဖတ်တင်ပြီး ရှင့်ကို မချစ်နိုင်ပါဘူးလို့ အငြင်းခံရဖို့လေ"

"အခုကော အငြင်းမခံရလို့လား"

"မတူဘူးလေ၊ ခုနကလို အငြင်းခံရရင် ရင်ထဲမှာဗလာ၊ အခု အငြင်းခံရပေမဲ့ သူ့ရင်ထဲကို ငါ ရောက်သွားပြီးပြီကွ"

"ရောက်ပါ ... ရောက်ပါ၊ ရောက်ပေမဲ့ မင်းလည်း ငါနဲ့ဘာမှ မထူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နေဖြိုးက ကိုယ်တိုင်က မရခဲ့သူပီပီ စွန် ရှုံးနိမ့်မှ… တာကိုဝမ်းသာအားရ ဖြစ်နေပုံပင်။

"စွန်ပါကွ"

"ခုတော့ မစွံ ဖြစ်နေပါပြီ"

"ဒီမှာ နေဖြိုး၊ ပွဲကမပြီးသေးပါဘူး၊ ရုပ်ရှင်တစ်ကား… သွားကြည့်တယ်ဆိုရင် နောက်ဆုံး ပြီးပါပြီ စာတန်းထိုး… အထိ စောင့်ကြည့်ရတယ်ကွ၊ ဘောလုံးပွဲ တစ်ပွဲမှာလည်း နောက်ဆုံးမိနစ်အထိ စောင့်ကြည့်မှ အဖြေကသေချာတာ"

"မင်းကိစ္စကတော့ အစတည်းက အဖြေရှင်းပြီးသား"

ဒီ နေဖြိုးဆိုသည့် တစ်ကောင်ကလည်း ကိုယ်… တိုင်း အတင်းကို ပျက်စီးစေချင်နေတော့တာပဲ။

ဒီနေရာမှာ စွန်မဟုတ်ဘဲ တခြားလူတစ်ယောက်သာ… ဆိုလျှင်တော့ စိတ်ပျက်လက်ပျော့သွားချင် သွားလိမ့်မည်။

ဒါပေမဲ့ ကိုယ်က စွန်ပဲ။ ခရမှာလည်း အဆ… စွန့်မှာလည်း အကြံနဲ့ပေါ့။





"ဒီမှာ နေဖြိုး၊ မင်းကို ငါ တစ်ခု ဝန်ခံစရာရှိတယ်"

"ပြော ... ဘာလဲ"

"ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ မင်း ကတိပေးမလား"

"ပေးတယ်"

နေဖြိုးရဲ့ အလောတကြီး အဖြေ…ကို စွန့်စိတ် …ဖြိုးချင်လှသည်။

ဒီကောင်ဟာ တခြားနေရာတွေမှာသာ ကတိတည် …တည်မည်၊ လျှို့ဝှက်သော ကိစ္စတစ်ခုကို မပြောပါနဲ့လို့ ပိတ် …အားရသည့် နေရာမှာ ဘယ်လိုမှ ကတိမတည်နိုင်တာကတော့ …သေချာဆုံး။

အကြာကြီး ပေါင်းလာသည့် သူငယ်ချင်းတွေပဲ။ …အကြောင်း စွန်က ကောင်းကောင်းသိတာပေါ့။

သိလျက်နဲ့ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကြီးကို ဘာကြောင့် …မှာလဲလို့တော့ မမေးလိုက်ကြပါနဲ့။ စွန့်မှာ အကြောင်းပြ …ကောင်းကောင်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ခင်ရဲရင့်ကို ငါ မလိုချင်ဘူးကွ"

"ဖြစ်ရပြန်ပြီ၊ မင်း မရနိုင်မှန်းသိလို့"

"မဟုတ်ဘူး၊ ငါ ပြောတာ မချစ်ဘူးလို့ ပြောတာမဟုတ်ပါဘူး၊ တကယ်လို့ ချစ်နေရုံသက်သက် ဆိုရင် ငါ့အချစ်ကို အငြင်းခံရမဲ့ အတူတူတော့ သူသိအောင် ပြောပြမနေတော့ဘူး၊ တကယ်လို့ ငါ့မှာ ပြဿနာတစ်ခု မရှိခဲ့ရင် ငါ ချစ်တာကို သူမသိအောင် ဖုံးထားမှာပါ"

"မင်းမှာ ဖုံးဖိလို့မရတဲ့ ပြဿနာက ရှိနေပြီပေါ့"

"မနောက်ပါနဲ့ကွာ"

ချက်ချင်း မှိုင်ကျသွားသော ဇွန့်ရဲ့ မျက်နှာကိုကြည့်ရင်း နေဖြိုး မျက်နှာမှာ ဆေဝေါ အရိပ်အယောင်တွေ ဖုံးလွှမ်းလို့ လာသည်။

"အမှန်တော့ ငါက နိုင်ငံကူးလက်မှတ် ရထားပြီးသား ကောင်ပါ"





"လာ ... မင်း နိုင်ငံခြား သွားတော့မှာလား၊ ငါတို့လည်း မပြောပါလား၊ ဘယ်တုန်းက တစ်ယောက်တည်း ကျိတ်စီစဉ်ထားတာလဲ၊ ဘယ်နိုင်ငံကို သွားမှာလဲ"

"သေမင်းနိုင်ငံ"

"ဘာရယ်"

"ငါ့မှာ သက်ဆိုး သိပ်မရှည်နိုင်မဲ့ ရောဂါဆိုးတစ်ခု ရှိနေပြီ"

"မဖြစ်နိုင်တာကွာ၊ မင်း အကောင်းကြီး ဥစ္စာကို"

"ဒါက မင်းတို့ အမြင်ကိုး၊ တလောက ငါနေမကောင်းဖြစ်လိုက်သေးတာ မင်းတို့ သိတယ်မဟုတ်လား"

"နှစ်ရက်လားပဲ အပရိကဖျားတာ မဟုတ်လား"

"အပရိက မဟုတ်ဘူးနော်၊ မင်းတို့က တစ်ခါလောက်လာကြည့်ပြီး ကောင်းတယ် ထင်နေတာကိုး၊ ငါ့အစ်ကို ဆရာဝန်က မျက်စိနည်းနည်းဝါသလိုပဲ၊ ချက်အပ်(ပ်)လုပ်ကြည့်ဦးဆိုလို့ ဆေးခန်းမှာသွားပြီး သွေးဖောက်စစ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ၊ အိတ်ချ်အိုင်ဗီ ပေါ့စတစ်ဖ်တဲ့လား"

"နီးတော့ နီးစပ်တယ်၊ အိတ်ချ်အိုင်ဗီတော့ မဟုတ်ဘူး၊ ဟက်ပ်ပက်တိုက်တစ်စီပိုး"

"ဘာရယ်"

"အသည်းရောင်ရောဂါ စီပိုးလေ၊ အဲဒီပိုးက ဘီပိုးထက် ပိုပြင်းထန်တယ်၊ ပိုပြီးဆိုးဝါးတဲ့ နောက်ဆက်တွဲအကျိုးဆက်တွေ ရနိုင်တယ်"

နေဖြိုးလည်း အခုမှ မျက်လုံးပြူးသွားတော့ကာ ...

"ဟော ... ဟုတ်ရော ဟုတ်ရဲ့လားကွာ"

"ဒီလောက် နာမည်ကြီးတဲ့ ဆေးခန်းကြီးမှာ စစ်တာပဲ၊ မှားဖို့ မရှိပါဘူး၊ ဒါပေမဲ့ ငါလည်း သိပ်မသေချာသေးတာနဲ့ အမျိုးသားကျန်းမာရေး ဓာတ်ခွဲခန်းကို ပို့ပြီး ထပ်စစ်ခိုင်းကြည့်ပါသေးတယ်"

"အဖြေက"

"အတူတူပဲ"





"ဒါဆို မင်းမှာ အဲဒီရောဂါရှိနေပြီပေါ့"

"ရောဂါလို့တော့ ပြောလို့မရဘူး၊ ရောဂါပိုးကတော့ ရှိနေပြီပေါ့ကွာ၊ သူက ငါ့ကို အချိန်မရွေး ထပြီးဒုက္ခပေးနိုင်တယ်၊ အသည်းခြောက်မယ်၊ အသည်းကင်ဆာ ဖြစ်နိုင်တယ်၊ နောက်ဆုံး အချိန်မရွေး သေသွားနိုင်တယ်ပေါ့"

"အသည်းကင်ဆာ ဖြစ်မယ်၊ သေမယ်၊ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ"

"ဒါတော့ မပြောနိုင်သေးဘူးလေ၊ ငါက အခုရောဂါဖြစ်သေးတာ မဟုတ်တော့ ရောဂါတစ်ခုခု ထဖြစ်လာဖို့အချိန်ရယ်၊ အဲဒီရောဂါ ဖောက်ပြန်ဆိုးဝါးပြီး သေတဲ့အဆင့်ရောက်ဖို့ရယ်ကတော့ အချိန်ကြာဦးမှာပေါ့"

"ဘာပဲဖြစ်ဖြစ် ..."

"ဘာပဲဖြစ်ဖြစ် သေတာကတော့ သေမှာပေါ့ကွာ"

"စိတ်မကောင်းလိုက်တာကွာ၊ မင်း ဒီလောက် ဖြစ်နေတာ ငါတို့ မသိကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ဘယ်သူ့မှ သွားမပြောနဲ့ကွာ၊ လူတွေက ငါ့ကို မကြာခင် သေမဲ့ကောင်ဆိုတဲ့ အကြည့်နဲ့ ဝိုင်းကြည့်တာကို မခံချင်ဘူး၊ အထူးသဖြင့် ခင်ရဲရင့်ပေါ့ သူသိရင် ဝမ်းသာချင် တောင် သာမှာ"

နေဖြိုးက တစ်ခုခုကို စဉ်းစားသလို ငြိမ်နေသည်။ စွန်ကတော့ သူကြိုက်သလောက် စဉ်းစားပါစေဆိုသည့် သဘောနှင့် အသာလေး လွှတ်ပေးထားလိုက်လေသည်။

✧ ✧ ✧





မှန်အလုံပိတ်ထားသော ရုံးခန်းတံခါးခေါက်သံ ကြား လိုက်ရလေတိုင်း ခင်ရဲရင့်များ ဖြစ်လေမလားလို့ မျှော်လင့်နေခဲ့ ရင်း ဆယ်ရက်တင်းတင်း ပြည့်သည့်နေ့ကျမှ မျှော်လင့်နေသူက ပေါ်လာခဲ့လေသည်။

အခန်းထဲ ဝင်လာလျှင် ဝင်လာချင်း ခင်ရဲရင့် ပထမဆုံး လုပ်သည့်အလုပ်မှာ စွန့်ကို ခြေဆုံးခေါင်းဖျား (စွန်က စားပွဲနောက်က ကုလားထိုင်မှာ ထိုင်နေတာမို့ ခန္ဓာကိုယ် အလယ် ပိုင်းကိုတော့ မတွေ့နိုင်) ကြည့်ခြင်းပင်။

ခင်ရဲရင့်ရဲ့ စိတ်ကူးထဲမှာ စွန့်ကို သေကာနီးလူမမာ တစ်ယောက်လို ပိန်ချုံးကျကာ ဖြူဖပ်ဖြူရော်၊ အားနည်းပျော့ခွေ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် သူတစ်ယောက်အဖြစ် တွေ့ရလိမ့်မည်လို့ ထင်ထားသည့် ပုံ။

စွန့်ကို အလုပ်စားပွဲမှာ လန်းလန်းဆန်းဆန်း၊ တက်တက်ကြွကြွ ဟန်ပန်နဲ့ မြင်လိုက်ရသည့် အခါကျတော့ အားမလို အားမရများ ဖြစ်သွားလေသေးသလား မသိ။

"ဘာကိစ္စရှိလို့လဲ ခင်ရဲ ... ကားပြင်ဖို့လား"

"ဟို ..."

"ရတယ်လေ၊ ထားခဲ့မှာလား၊ ဒါမှမဟုတ် ပါးစပ်နဲ့ အပ်ထားခဲ့ပြီး နောက်မှ အိမ်လာယူရမှာလား၊ ကြိုက်သလို စီစဉ်ပေးမယ်"

ခင်ရဲ့ရင့် မျက်နှာက အတော်ပဲ စိတ်မကောင်း ဖြစ်နေပုံရကာ ...

"စွန် ... နေကောင်းတယ်နော်"

"မနောက်ပါနဲ့ဗျာ၊ ကျွန်တော် သေဖို့အဝေးကြီး လိုပါသေးတယ်"





"အို ... အဲဒီသဘောမေးတာ မဟုတ်ပါဘူး၊ ခင်ရဲက စိုးရိမ်လို့ပါ"

စိုးရိမ်လို့ ... တဲ့။

ခင်ရဲရင့် မျက်နှာက ဘာဆိုဘာမှမသိ၊ လမ်းကြုံလို့ သွေးရိုးသားရိုး အလည်အပတ်လာသော မိတ်ဆွေတစ်ယောက်ရဲ့ ပုံစံမျိုး ချိုးထားသည့်။

ဒါပေမဲ့လည်း စဉ်းစားကြည့်ပါကွယ်။ လေးလုံးခြောက်ဖက် သန်သန်မာမာ ဖိုဖိုရွှယ်ရွှယ် ယောကျ်ားလေးတစ်ယောက်ကို ဘယ်သူကများ တွေ့တွေ့ချင်း ကျန်းမာရေးကိစ္စ မေးမှာလဲ။

အဲဒီလူမှာ အတွင်းကျိတ်ရောဂါတစ်ခု ရှိနေတယ်ဆိုတာ ကြိုသိထားမှသာ လာမေးတော့မှာပေါ့။

"ကျွန်တော် နေလို့ကောင်းပါတယ်၊ လူပုံတော်ပတ္တမြားဆေး နေ့တိုင်းသောက်လို့ ကျန်းမာပကတိ လန်းဆန်းစွာ ရှိပါ၏ပဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ နောက်စရာ မဟုတ်ဘူး"

"တကယ်ပြောတာပါ၊ ကျွန်တော် နေကောင်းပါတယ်၊ ဘယ်သူကများ ကျွန်တော် ဖျားနေတယ်လို့ သတင်းပေးလိုက်လို့ လာမေးနေရတာလဲ"

ခင်ရဲရင့် မျက်နှာမှာ မလုံမြဲသလို အရိပ်အယောင် ပေါ်လာသည်။

ရယ်စရာကောင်းတဲ့ နေဖြိုးဟာ သူ့ဘာသာတော့ မနေနိုင် မထိုင်နိုင် အာဖွာထားပြီး သူ ပြောတယ်လို့ ပြန်မပြောပါနဲ့လို့ ပိတ်ထားခဲ့ပုံ ရသည်။

"ဘယ်သူမှ ပြောလို့မဟုတ်ဘူး၊ ကျွန်မက အချင်းချင်းတွေ့ရင် နှုတ်ဆက်နေကျအတိုင်း ပဋိသန္ထာရသဘော မေးလိုက်တာပါ၊ နောက်ပြီး အခု ကျွန်မက အလုပ်သင်ဆင်းနေရပြီဆိုတော့ လူတစ်ယောက်ကိုတွေ့ရင် ကျန်းမာရေးကိစ္စပဲ စိတ်ဝင်စားတော့တာ အကျင့်ရနေပြီလေ"

"ဩော် ... ဩော် ... ထိုင်ပါဦး၊ အအေးသောက်ဦး"





စွန်က အခန်းထဲမှာ အသင့်ထားသော ရေခဲသေတ္တာ အသေးလေးကို ဖွင့်ပြီး ကုတ်ခ်တစ်ဘူးကို ထုတ်ကာ ချပေးလိုက်သည်။

သူကိုယ်တိုင်ကတော့ အလုပ်ပင်ပန်းလျှင်၊ ခေါင်းနောက်လာလျှင် သောက်နေကျ လက်ဖျော်သံပရာရည် တစ်ခွက်ကို ပုလင်းထဲကငှဲ့ကာ ယူလာသည်။

"စွန် ... အဲဒါ ဘာကြီးသောက်မှာလဲ"

"သံပရာရည်လေ၊ ဘာလဲ ... ကြိုက်လို့လား၊ ကြိုက်ရင် သောက်လေ၊ ကျွန်တော်က သံပရာရည် ကြိုက်လို့ အိမ်ကနေ ပုလင်းကြီးနဲ့ ဖျော်ယူလာပြီး ယူယူသောက်နေတာ၊ ဘူးတို့ ပုလင်းတို့ထဲက အအေးတွေကို မကြိုက်ဘူး၊ သံပုရာရည်ကိုတော့ ရေသန့် နှစ်ပုလင်းစာလောက် တစ်နေ့ တစ်နေ့ သောက်တယ်"

စွန်က ရိုးရိုးသားသား ပြောလိုက်ပေမဲ့ ခင်ရဲရင့်က မျက်လုံးမျက်ဆန်တွေ ပြူးထွက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... သံပရာရည် တစ်နေ့နှစ်ပုလင်း၊ မသောက်နဲ့၊ တစ်ခွက်တောင် မသောက်ရဘူး၊ သံပရာရည်ကို လုံးဝမသောက်ပါနဲ့ စွန်ရယ်၊ မတည့်ပါဘူး"

"ဗျာ ... ဘာလို့လဲ၊ ကျွန်တော်က သကြားတအားထည့် မသောက်ပါဘူး၊ အချိုပေါ့ပေါ့၊ ချဉ်ချဉ်သောက်တာပါ၊ တကယ့် သံပရာရည်စစ်စစ်နီးပါးပဲ၊ အချိုတွေ တအားများစရာ မရှိပါဘူး"

ပထမတော့ သံပရာရည်ဖျော်လျှင် သကြားထည့်ရတာမို့ ဖျော်ရည်များများသောက်လျှင် အချိုဓာတ်တွေများများရပြီး ရောဂါရမှာစိုးလို့များလားလို့ ထင်လိုက်မိတာ။

"အချို ... အချိုက အရေးမကြီးဘူး၊ စွန်က အချဉ်နဲ့ မတည့်ဘူးလေ"

"အချဉ်နဲ့ တည့်ပါတယ်၊ ကျွန်တော်က ငယ်ငယ်လေးတည်းက အချဉ်ကြိုက်တာ၊ စားနေကျဆိုတော့ သွားကျဉ်တာတို့ ဗိုက်နာတာတို့ တစ်ခါမှ မဖြစ်ဖူးပါဘူး"





"ခက်တော့တာပါပဲ၊ အရင်က တည့်ပေမဲ့ အခု ..."

ခင်ရဲရင့်က ပြောနေရင်း စကားကို ရပ်တန့်ပစ်လိုက်သည်။

အသည်းရောင်ရောဂါ စီပိုးဟာ ဗိုက်တာမင်စီဟုခေါ်သော အချဉ်ဓာတ်နဲ့ လုံးဝမတည့်။ စီပိုးရှိသူတွေမှာ အချဉ်ရှောင်ကို ရှောင်မှရသည်။ ဒါကို သူက တစ်နေ့ သံပရာရည်နှစ်ပုလင်းဆိုတော့ ...။

ခင်ရဲရင့် ပြူးတူးပြဲတဲ ဖြစ်နေတာကို တော်တော်လေးကြာမှ သဘောပေါက်သွားသော စွန်က နားမလည်ဆဲပုံနှင့် ...

"အခု ဘာဖြစ်လဲ၊ အခုလည်း သောက်လို့ရနေတာပါပဲ"

အသည်းယားလိုက်တာနော်။ ရှင့်ရောဂါနဲ့ အချဉ်ဟာ မတည့်ဘူးလို့ ပြောလိုက်ရလျှင် သူ မသိစေချင်သော သူ့ရောဂါအကြောင်း ခင်ရဲရင့် သိသွားပြီဆိုတာ စွန် သိသွားမည်။ မြန်မပြောပါနဲ့လို့ ပိတ်ထားသော နေဖြိုးနဲ့လည်း ပြဿနာတက်မည်။



www.burmeseclassic.com

www.burmeseclassic.com



နေဖြိုး လာပြောလို့ စွန့်မှာ အသည်းရောင်ရောဂါ စိုးရိမ် ရှိနေပြီဆိုတာ သိလိုက်ရတာနဲ့ ခင်ရဲရင့်က မထိန်းနိုင်လောက်အောင် တုန်လှုပ်သွားခဲ့ရတာပါ။

စွန့်ကို သနားသည်။ အားလည်း ပေးချင်သည်။ စွန့်ရဲ့ အခြေအနေကိုလည်း သိချင်သည်။ ဒီရောဂါအတွက် သင့်တော်သည့် ကုထုံးတွေကိုလည်း ပြောပြချင်သည်။ ဘယ်လိုနေထိုင် စားသောက်ရမည် ဆိုတာတွေကိုလည်း ရှင်းပြထားချင်သည်။

တကယ်လို့ စွန့်ရဲ့ အခြေအနေက မကောင်းဘူးဆိုလျှင်လည်း သူ့ရဲ့ ခက်ခဲသော နေ့ရက်တွေမှာ အနီးကပ်အဖော်ပြု စောင့်ရှောက်ပေးချင်သည်။

ခက်နေတာက စွန့်က သူ ဒီလိုဖြစ်နေတာကို လူသိ မခံချင်တာပါပဲ။

မာနကြီးသော စွန့်ဟာ သူ့ကို သေကာနီး ဝေဒနာသည်တစ်ယောက်အဖြစ် သနားကြင်နာကြမှာကို မခံချင်ဘူးဆိုတော့ ခင်ရဲရင့်က ဘာလုပ်ရတော့မလဲ။ သူ မသိစေချင်တာကြီး





ကို သိနေပါတယ်လို့ သွားပြောလိုက်လျှင် လောလောဆယ်အားပြင်ပဲ စွန့်ဟာ စိတ်ထိခိုက် ခံစားရတော့မည်။

ရင်ထဲမှာ မွန်းကျပ်ကာ မျက်ရည်တွေတောင် ဝဲချင်လာရသည်။ စွန့်ကိုလည်း သနားလိုက်တာ။

ကိုယ်နဲ့သူဟာ တစ်သက်တာ ဘယ်လိုမှ လက်မကြွနိုင်တော့ပြီလို့ သတ်မှတ်ထားခဲ့ပေမဲ့လည်း ခင်ရဲရင့် မျှော်လင့်သည့် ခွဲခွာပုံမျိုးက တစ်ယောက် တစ်နေရာမှာ သီးခြားစီ ရှင်သန်ခွဲခွာနေရပုံမျိုး။

ခုတော့ သေခွဲ ခွဲရမှာတဲ့။

BURMESE CLASSIC

ထိုအဖြစ်က ခင်ရဲရင့်ရဲ့ နှလုံးသားကို ပြင်းထန်စွာ ကုတ်နှိုးလိုက်သည်။ ထိန်းချုပ်မျိုသိပ်ထားခဲ့သမျှကို ပေါက်ကွဲထွက်စေသည်။

အချိန်မရွေး သေသွားနိုင်သော လူတစ်ယောက်အပေါ် ဘာကြောင့်များ မာနတွေ ထားနေတော့မှာလဲ။ စွန့်ဟာ လူ့လောကကြီးထဲမှာ လပိုင်းလောက်ကလေးပဲလည်း နေရှင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်။ နှစ်အနည်းငယ်လောက်ကလေးပဲလည်း နေချင်နေ ရမည်။ ရောဂါဆိုးရဲ့ ပြင်းထန်သော နှိပ်စက်မှုကိုလည်း ခံစား ချင် ခံစားရတော့မည်။

ကဲ ... ဒီလိုလူတစ်ယောက်ကို ချစ်သူရဲ့ ဥပေက္ခာ ပြုခြင်းဆိုသည့် နောက်ထပ် ဝေဒနာတစ်ခု ခံစားစေသင့်သလား။

"ခင်ရဲ့ ကျွန်တော့်ဆီလာတာ အကြောင်းတစ်ခုခုများ ရှိ သလား"

"ဟို ... ဟိုဒင်း ... လမ်းကြုံ အလည်လာတာပါ"

သေချာတယ်။ ခင်ရဲရင့်လို မိန်းကလေးမျိုးကတော့ ဒီလောက်ပဲ ပြောတော့မှာ။ ကိုယ့်ဘက်ကပဲ အလိုက်သိပေးရမည်။

"အလည်လာတယ် ဆိုတော့ ခင်ရဲ့ ကျွန်တော့်ကို သတိရ လို့များလားဟင်"

ခင်ရဲရင့် ရှက်သွားလိမ့်မည်ဟု စွန်က မျှော်လင့်ထား ခဲ့သော်လည်း ပြတ်သားရဲရင့်သော မိန်းကလေးကား မျက်နှာထား တည်တည်နှင့်ပင် ...





"အဲဒီလို ပြောလို့လည်း ရပါတယ်"

"တကယ်လား ... ခင်ရဲ့ ကျွန်တော့်ဆီ တကယ်ပဲ ..."

အံ့သြစရာ။ စွန်ဟာ ခင်ရဲရင့်ထံက ရှက်စနိုးရိပ် သွမ်းသည့် ချိုမြမြ အပြုံးလေးကို တကယ်ပဲ ပိုင်ဆိုင်ခွင့် ရခဲ့လေ ဦး။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com

ခင်ရဲရင့်က စွန့်ကို ချစ်တယ်လို့ တရားဝင် အဖြေမပေးသေးပေမဲ့ သူမရဲ့ အားလပ်ချိန်တွေမှာ စွန့်နဲ့တွေ့ပြီး ကြည်နူးဖွယ် နာရီများစွာကို အတူတကွ ဖြတ်သန်းကြသည်။

ဒီလိုအချိန်မှာ ခင်ရဲရင့်ကို အဖြေတောင်းလျှင် မဆိုင်းမတွ ပေးမှာပဲမှန်း သိပေမဲ့ စွန့်က မတောင်းရဲပြန်ချေ။

ကိုယ့်ဘက်က မှားယွင်းမှုတွေနဲ့ မိန်းကလေးတစ်ယောက် (အထူးသဖြင့် ခင်ရဲရင့်)ရဲ့ အချစ်ကို မပိုင်ဆိုင်ရဲ။ လိမ်တုန်းက လိမ်ခဲ့ဖူးပေမဲ့ တစ်ဘဝစာ အရေးအတွက်ကျတော့ လိပ်ပြာသန့်ချင်ပြန်သည်။

ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



စွန်ဟာ အသည်းယောင်ရောဂါ စီပိုး ရှိနေပြီး အချိန်မရွေး ရောဂါဝေဒနာဆိုးတွေ ဖြစ်လာနိုင်သည့် သူတစ်ယောက်လို့ ထင်လို့သာ ခင်ရဲရင့်ဘက်က လိုက်လျောပြေလည်လာတာ။ တကယ်လို့ သူမ ထင်မြင်ချက်ဟာ မှားယွင်းနေခဲ့သည်ဆိုလျှင်၊ စွန်ဟာ လိမ်ညာလှည့်ဖြားပြီး သူမရဲ့ သနားကြင်နာမှုကို ရယူခဲ့သည်ဟု သိသွားလျှင် ...

ခင်ရဲရင့်နဲ့ တစ်သက်စာ လက်တွဲသွားနိုင်ဖို့အတွက် သူ့ဘက်က တစ်ခုခုလုပ်မှ ဖြစ်တော့မည်လို့ စွန်က ဘဝေဘာပေါက်လိုက်သည်။

တကယ် ဖြစ်လာမှာ မဟုတ်သော ရောဂါကြီးတစ်ခုအားကိုးနဲ့ ခင်ရဲရင့်ရဲ့ အချစ်ကို ခဏတာ လိမ်ညာယူလိုက်လျှင် ဒါကြီးက တစ်ချိန်ကျ မပေါ်ဘဲ နေမှာမဟုတ်။

ခင်ရဲရင့်ကလည်း တခြားလူမဟုတ်။ ဆရာဝန်တစ်ယောက်။ သူမလို လူမျိုးကို ရေရှည်လှည့်စားထားလို့ကတော့ ရနိုင်စရာလမ်း မမြင်။





ရှိးသားမှ ဖြစ်မည်။

အခုနေမှာ ရိုးသားစွာ ဝန်မခံထားဘူးဆိုလျှင် နောင်တစ်ချိန်မှာ ခင်ရဲရင့်ဟာ သူ့ကို ဘယ်လိုမှ မျက်နှာချင်းမဆိုင်နိုင်လောက်အောင်ကို မုန်းတီးသွားလိမ့်မည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့မှာ အပြစ်ရှိသူ တစ်ယောက်လို ခေါင်းကြီး လိမ်၊ ခေါင်းကြီးငုံ့ကာ ရပ်နေသည့် စွန့်ကို ခင်ရဲရင့်က ဘာပြန် ပြောရမှန်း မသိချေ။

ပထမတော့ ရောဂါမရှိဘဲနှင့် ရောဂါရှိချင်ဟန်ဆောင် ကာ ကိုယ့်ရဲ့ ဖြူစင်သော ကြင်နာကရုဏာကို လိမ်ညာယူဖို့ ကြိုးစားခဲ့သည့်အတွက် စိတ်ဆိုးချင်သည်။

တဖြည်းဖြည်း ဒေါသတွေ ကွယ်ပျောက်သွားလျှင် ကား သူ့မှာ ဘာရောဂါပိုးမှ ရှိမနေပါလားဆိုသည့် အသိက ပျော် စရာတစ်ခုအဖြစ် ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရဲ့ ကျွန်တော့်ကို ခွင့်လွှတ်မှာလား"

"ခွင့်မလွှတ်ဘူး ဆိုရင်ကော"

"ကျွန်တော် ဘာမှ မတတ်နိုင်ပါဘူး၊ ဒါပေမဲ့ ခင်ရဲ့ကို လည်း ဆက်မလိမ်ရက်တော့လို့၊ တစ်နည်းအားဖြင့် ပြောရရင်တော့ သနားကြင်နာမှုကြောင့် မဟုတ်ဘဲ ခင်ရဲ့ ရင်ထဲမှာ တကယ် အစစ်အမှန် ရှိနေတဲ့ ခံစားချက်ကို ပိုင်ဆိုင်ချင်လို့"

အမြဲတမ်း လှည့်ကွက်တွေ သုံးနေကျ စွန်ဟာ ဒီတစ်ခါတော့ ရှုံးသားသွားခဲ့ပြီပေါ့။

စွန့်ရဲ့ လုပ်ရပ်တွေအတွက် ဘယ်လိုဆုံးဖြတ်ရမလဲ။

ကိုယ့်ကို နောက်တစ်ကြိမ် လှည့်စားဖို့ ကြံတာဟာ စိတ်တော့ နာချင်စရာ။

ခင်ရဲ့ရင့်ဟာ နေဖြိုးကတစ်ဆင့် လွှင့်လိုက်သော မဟုတ်မဟုတ် လုပ်ကြံဖာတ်လမ်းကို ယုံပြီး သနားစိတ်နဲ့ သူ့အချစ်ကိုတောင် လက်ခံလိုက်မိတော့မလို့။





ထိုပြစ်မှုအတွက် စွန့်ကို ဒဏ်ခတ်ရမည် ဆိုလျှင်တော့ ရှင် ကျွန်မနဲ့ တစ်သက် မပတ်သက်နဲ့တော့ပေါ့။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိ။

စွန့်ကို ပြစ်ဒဏ်ပေးဖို့ ခင်ရဲ့ရင့်က ဝန်လေးနေသည်။

လောလောဆယ် သူမရင်ထဲရှိသော ခံစားချက်မှာ စွန့်ကို လိမ်ရကောင်းလားလို့ ဒေါသဖြစ်တာထက် စွန့်မှာ စိုးရိမ်နေသည် ဆိုတာ တကယ်မဟုတ်ဘဲ လိမ်ညာမှုတစ်ခုသာ ဖြစ်သွား၍ ဝမ်းသာသည့် ခံစားချက်ပင်။

သူ့ရဲ့ ကျန်းမာရေးဟာ ကိုယ့်ရဲ့ တစ်ဘဝစာ စိတ်ချမ်းသာရေးနဲ့ ထပ်တူဖြစ်နေမှတော့ ဒီလိုလူတစ်ယောက်ကို စိတ်ဆိုး အပြစ်ယူလို့ရော ဖြစ်ဦးမှာတဲ့လား။

စိတ်လျှော့လိုက်ပါတော့မယ်လေ။ ဒီတစ်ခါတော့ လူတစ်ကိုယ်လုံးမှာ ရှေ့တန်းအမြဲရောက်နေကျ မာနတွေကို ဘေးဖယ်ပြီး နှလုံးသားရဲ့ဆန္ဒကို ဦးစားပေးလိုက်ပါတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာစွန် ... ရှင်ဟာ အမြဲပဲ ကိုယ်ဖြစ်ချင်တာ ဖြစ်ရဖို့ လှည့်ကွက်သုံးတတ်တယ် ဆိုတာ ကျွန်မ သိတယ်၊ ဒါပေမဲ့ နောက်ကို ကျွန်မအပေါ် ဘာလှည့်ကွက်မှ မသုံးတော့ပါဘူးလို့ ကတိပေးမလား"

"ပေးတယ်"

"ချက်ချင်း မဖြေနဲ့လေ၊ သေသေချာချာ စဉ်းစားဦးမှပေါ့"

"စဉ်းစားစရာ မလိုတော့ပါဘူး၊ ကျွန်တော် အစကတည်းက စဉ်းစားပြီးသားပါ၊ ခင်ရဲကို ဘယ်တော့မှ မလိမ်တော့ဘူးလို့"

ရှုံးမိုက်လှတဲ့ နှလုံးသားဟာ ချစ်သူပြောသည့် စကားတစ်ခွန်းကို ဘာကြောင့်များ ယုံကြည်ချင်မိပြန်တာလဲ။

သူဟာ အမှားကို တစ်ခါ ဝန်ခံလိုက်တာနဲ့ပဲ (တကယ်လို့ ရှေ့ဆက်သွားချင်သည် ဆိုလျှင်လည်း ထိုအမှားက ဝန်မခံချင်လို့ မဖြစ်) တစ်သက်လုံးစာလုံး ယုံကြည်သွားလို့ ရပြီတဲ့လား။





"ခင်ရဲ ဘာတွေ တွေးနေသလဲဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ တွေးသမျှထဲမှာ တစ်ခုတော့ ရှေ့က ထားပေးနော်"

"ဘာလဲ"

"ခင်ရဲကို ကျွန်တော် ချစ်လို့ တစ်သက်လုံး ပိုင်ဆိုင်ထားချင်လို့ ဆိုတာကိုလေ"

"နားရှက်စရာ စကားတွေကို ဘာလို့ လာပြောနေရတာလဲ"

ခင်ရဲရင့်က မျက်နှာလေးရဲရဲ၊ လက်သီးဆုပ်ကလေးတစွယ်စွယ်နဲ့။ ထုတော့ တကယ်မထုရဲရှာ။

မာနခဲကလေးဆီက ဒီလောက် နှလိုက်လျော့လျော့ ပေါ့မှုကို ရလိုက်ပြီဆိုလျှင်ပဲ အဖြေဟာ ဘာဖြစ်သည်ဆိုတာ စွန်ကဲ သိနေပါပြီ။

ဒါပေမဲ့ ပါးနပ်ရမည်။ စိတ်ရှည်ရမည်။ ခင်ရဲရင့်ဟာ ကိုယ်ဖြစ်ချင်တာကို အတင်းဖွတ်ထိုး ဖြစ်ခိုင်းလို့ရသည့် မိန်းကလေးမျိုး မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲ့ရင့်နဲ့ ပတ်သက်လို့ သူ့စွန့်စားမှု မှန်သွားခဲ့တာကိုပဲ ကျိုက်ပြီး ဝမ်းသာရဦးမည်။

ကိုယ့်အပြစ်ကို ကိုယ်ရိုးသားစွာ ဝန်ခံလိုက်တာဟာ လှိုု့ဖွက်ဖုံးကွယ်ပြီး ဟန်ဆောင်လိမ်ညာတာထက် ပိုပြီးထိရောက်သွားခဲ့ပေလို့ပဲ။

တကယ်တော့ ထိုရိုးသားမှုဆိုတာဟာလည်း ကိုယ်လိုချင်တာကို ပါးနပ်စွာ ရယူတတ်သော စွန် ဆိုသည့်ကောင်ကလေးရဲ့ လှည့်ကွက်တစ်ခု ဖြစ်ချင်ဖြစ်နေနိုင်သေးလေသည်။

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

12:15 P.M

10-11-2005

THURSDAY



www.burmeseclassic.com